ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၃)ရက် ၊ စနေနေ့ ၊ (14-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၉၀)

ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စည်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကျင်းပ

စာမျက်နှာ - ၁၆

နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အမျိုးသား ၁၄၁ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်းဦးရေ ၁၅၀ တို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ကိုးဦး စုစုပေါင်းဦးရေ ၁၅၀ တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် မန္တလေးမြို့

စာမျက်နှာ ၁၈ ကော်လံ ၁

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ဟိုင်းကြီးကျွန်းမြို့ရှိ မဟာမကုဋရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ သွားမည်

စာမျက်နှာ - ၁၁

နေပြည်တော်ရင်ပြင်၌ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်း၊ စီးပွားချိတ်ဆက်(Business Matching)ပြခန်း ဆက်လက် ပါဝင်ပြသ

စာမျက်နှာ - ၁၆

နိုင်ငံ့စီးပွား မြင့်မားဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

ဆောင်းပါး စာမျက်နှာ - ၂၆

ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်
အယ်ဒီတာ့အာဘော်

နိုင်ငံနှင့် တပ်မတော်ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသော တပ်မတော်သားအားကစားသမားများ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ကဏ္ဍာပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍလည်း တစ်ခုအပါအဝင်ပင်ဖြစ်သည်။ အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးစားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါ်လွင်စေနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ပြယှဉ်ပြိုင်မှုများဖြစ်သည်။

မြန်မာနိုင်ငံ၏ အားကစားသမိုင်းမှတ်တမ်းသည် တစ်ချိန်က အာရှအဆင့်သာမက ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်ခဲ့သည့် အစဉ်အလာကောင်းများကို တွေ့ရှိနိုင်ပေသည်။ ထိုသို့ အစဉ်အလာကောင်းခဲ့သည့် မြန်မာ့အားကစားအောင်မြင်မှုအခန်းကဏ္ဍတွင် တပ်မတော်သားများ၏ ထူးချွန်ပြောင်မြောက်သော စွမ်းဆောင်ချက်သမိုင်းပုံရိပ်များသည်လည်း အထင်အရှားပင်ဖြစ်ပေသည်။ တပ်မတော်သည် နိုင်ငံတော်နှင့် ပတ်သက်လာလျှင် ကာကွယ်ရေးတာဝန်တစ်ခုတည်းသာမကဘဲ ဘက်ပေါင်းစုံတွင် ပါဝင်ဖြည့်ဆည်းပေးလျက်ရှိသည်။ စနစ်တကျ လေ့ကျင့်ထားသည့်အဖွဲ့အစည်းဖြစ်သော တပ်မတော်မှ နှစ်စဉ်နှစ်တိုင်းနိုင်ငံတော်အတွက် ထူးချွန်အားကစားသမားများ ပေါ်ထွက်လျက်ရှိသည်။

လက်ရှိတွင်လည်း တပ်မတော်မှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို စဉ်ဆက်မပြတ် မွေးထုတ်လျက်ရှိရာ(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် တပ်မတော်သားတစ်ဦးပါဝင်သည့် မြန်မာ့ပိုက်ကျော်ခြင်းအသင်းသည် အသင်းလိုက်ရွှေတံဆိပ် တစ်ခု၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံသည် အားကစားနည်း ၃၈ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် တပ်မတော်သား အားကစားသမားများက အားကစားနည်းလေးမျိုးတွင် ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ငါးခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။ ထို့အတူ တပ်မတော်သားနည်းပြများကလည်း လှေလှော်၊ အလေးမ၊ လက်ဝှေ့၊ ဝူရှူး၊ နပန်းစသည့်အားကစားနည်းများတွင် ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ် ၁၀ ခုရရှိအောင် စွမ်းဆောင်ပြသနိုင်ခဲ့ကြသည်။

ထို့ပြင် ယခုနှစ် နှစ်ဆန်းပိုင်းအတွင်း ကျင်းပပြီးစီးခဲ့သည့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင်လည်း အားကစားနည်း ၁၉ မျိုး ထည့်သွင်းကျင်းပခဲ့သည့်အနက် တပ်မတော်သားအားကစားသမားများသည် ပြေးခုန်ပစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘောလုံး၊ ဂိုးလ်ဘော အားကစားနည်းများတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် သုံးခုရရှိခဲ့ကြသကဲ့သို့ တပ်မတော်သားနည်းပြများကလည်း ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် လေးခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။ ထိုသို့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ကာယအား၊ ဉာဏအားတို့ကို အသုံးချပြီး အကောင်းဆုံးကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများနှင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် မသန်သော်လည်းစွမ်းကြသည်ကို အကောင်းဆုံးသက်သေပြနိုင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများ၏ စွမ်းဆောင်မှုများသည် ဂုဏ်ယူစရာကောင်းလှပြီး နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြခြင်းပင်ဖြစ်သည်။

ထိုသို့ နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသော အဆိုပါ တပ်မတော်သားအားကစားသမားများနှင့် နည်းပြများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများအပြင် အဆင့်တိုးမြှင့်ပေးခြင်းများဖြင့်ပါ ဂုဏ်ပြုပေးခဲ့သည်ကို ကြားသိရသဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ယခုကဲ့သို့ ဂုဏ်ပြုခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဆိုသည့် မင်္ဂလာတရားနှင့်အညီ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ နောင်လာမည့်မျိုးဆက်သစ် တပ်မတော်သားအားကစားသမားများကလည်း ယခုကဲ့သို့ စံနမူနာကောင်းများကို အတုယူ၍ နိုင်ငံတော်နှင့် တပ်မတော်ဂုဏ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် စွမ်းစွမ်းတမံ ကြိုးစားစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၁၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ဝက်လက် ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၁၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၁၈၆ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၁၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ နှမ်း ၆၁၈၆၆ ဧက လျာထားစိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိ ၆၁၅၆ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးလာပြီး အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးခြောက်ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဓနုဖြူ ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ကွမ်းသီးခြောက်ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ကွမ်းသီးခြောက်ပိသာချိန် ၆၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ကွမ်းသီးခြောက်ပိသာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးခြောက် တစ်ပိသာလျှင် ငွေကျပ် ၂၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''အရောင်းအဝယ်ဖြစ်နေတဲ့ ကွမ်းသီးခြောက်တွေက စနစ်တကျ အခြောက်ခံထားတဲ့ ကွမ်းသီးခြောက်တွေပါ။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက ကွမ်းသီးခြောက်ပိသာချိန် အများအပြား ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုနှစ် ကွမ်းသီးခြောက်က ဒေသတွင်းဈေးကွက်မှာကို ဝယ်လိုအားများနေပါတယ်။ ရန်ကုန်ဈေးကွက်ဘက်ကလဲ နေ့စဉ်အမှာကုန်တွေ ရှိနေပါတယ်''ဟု ဓနုဖြူမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြသည်။

ဓနုဖြူမြို့နယ်ရှိ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက်ကွမ်းသီးများကို ဝယ်ယူပြီး အလုံးအတိုင်းနှင့် ခွဲစိတ်ပြီး အမျိုးအစားနှစ်မျိုး ပြုလုပ်၍ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

ကျော်ကျော်လင်း

မလှိုင်မြို့နယ် ရွာသစ်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာသစ်ကလေးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၄ ဒသမ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၂၅ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ် ရန်ပုံငွေကျပ် ၅၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၈၃၃၀၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

သာစည် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်မောက် ကျေးရွာအုပ်စု ကြက်မောက်ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံခန်ထမ်းများက ကြက်မောက်ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် ဆောင်ရွက်သော နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်း ဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ဖြင့် နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တင်ပြချက်များ အပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ဖြင့် နွားမွေးမြူရေးလုပ်ငန်းနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင် ဦးရေ ၅၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် တောင်ကြီးမြို့နေ ကျန်ရစ်သူ မိသားစုက နှစ်ဖက်သောမိဘများနှင့် ဦးနိုင်ဝင်းအား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၆၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော် မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

မုံရွာ ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၀၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၅ ဒသမ ၄၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မုံရွာမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၄၀၀၈ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

အုတ်ဖိုမြို့နယ် ဘုတလက်တန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

အုတ်ဖို ဖေဖော်ဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုတလက်တန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံခန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘုတလက်တန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၅၈ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ငပုတော ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၅၆ ဧကကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ပြီး ယနေ့တွင် ဆီထွက်သီးနှံစုံ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံစုံ ၃၅၆ ဧကတွင် မြေပဲ ၃၁၁ ဧက၊ နှမ်း ၃၇၁ ဧက၊ နေကြာ ၈၃ ဧကဖြစ်ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ၃၅၆ ဧက ထိ လျာထားစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့စတဲ့အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေး ဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများက သီးနှံမစိုက်မီ ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ဒေါက်တာလပြည့်ခင်

သခွားသီးနှင့်ကျန်းမာရေး

သခွားသီးတွင်ပါဝင်သော အာဟာရဓာတ်များ

သခွားသီးတစ်လုံးတွင် ရေဓာတ် ၉၆ ရာခိုင်နှုန်းနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ များစွာပါဝင်သည့်အပြင် ကိုယ်ခန္ဓာကိုကျန်းမာစေပြီး ကိုယ်တွင်းအင်္ဂါများ ကောင်းစွာအလုပ်လုပ်နိုင်စေရန် လိုအပ်သည့် ဗီတာမင်နှင့် အာဟာရဓာတ်များစွာ ပါဝင်သည်။ ကာဗိုဟိုက်ဒရိတ် (ကစီဓာတ်)၊ အသားဓာတ် (Protein)၊ အမျှင်ဓာတ် (Fiber)၊ ဗီတာမင် C၊ ဗီတာမင် K၊ မဂ္ဂနီစီယမ် (Mg)၊ ပိုတက်စီယမ် (K)၊ မဂ္ဂနီး(Mn) များပါဝင်ပြီး ကယ်လိုရီ (Calory) နှင့် အဆီဓာတ် (Fats)ပါဝင်မှုအလွန်နည်းသောကြောင့် ကိုယ်အလေးချိန်ချဲချင်သူများအတွက် အဆင်ပြေသည်။ သခွားသီး ၁၀၀ ဂရမ်တွင် ကယ်လိုရီတန်ဖိုး ၁၅ ကီလိုကယ်လိုရီ၊ ပရိုတင်း သုည ဒသမ ၈ ဂရမ်၊ အဆီဓာတ် သုည ဒသမ ၁ ဂရမ်နှင့် ကာဗိုဟိုက်ဒရိတ် ၂ ဒသမ ၈ ဂရမ် ပါဝင်သည်။

ရေဓာတ်ဖြည့်တင်းပေးနိုင်ခြင်း

သခွားသီးတွင် ကိုယ်တွင်းအပူချိန်သဟဇာတဖြစ်စေရန်၊ အညစ်အကြေးနှင့် အဆိပ်အတောက်များကို ဆီးအဖြစ် အပြင်ကိုစွန့်ထုတ်ပေးရန် မရှိမဖြစ်လိုအပ်သည့် ရေဓာတ် ၉၆ ရာခိုင်နှုန်းပါဝင်နေသောကြောင့် ရေဓာတ်ခန်းခြောက်ခြင်း၊ အသားအရေမွဲခြောက်ခြင်းမဖြစ်စေရန် ကာကွယ်ပေးနိုင်ပြီး ကိုယ်ခန္ဓာတွင်းနှင့် အပြင်ဘက်အသားအရေတို့တွင် အပူဒဏ်ကြောင့် ကုန်ဆုံးသွားသည့်ရေဓာတ်ကို ပြန်လည်အစားထိုးဖြည့်တင်းပေးနိုင်သည်။ ကလေးများအတွက်လည်း အစာစားချင်စိတ်ကို ဖြစ်စေနိုင်ပါသည်။

နာကျင်ကိုက်ခဲမှုကိုသက်သာစေခြင်း

သခွားသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ များစွာပါဝင်သောကြောင့် နာကျင်မှုများကိုလည်း သက်သာပျောက်ကင်းစေသည့်အပြင် ကြွက်သားများကို ပျော့ပျောင်းစေနိုင်ပြီး သခွားသီးတွင်ပါဝင်သည့် မဂ္ဂနီစီယမ်ဓာတ် (Mg) က သွေးလည်ပတ်မှုကောင်းစေကာ အာရုံကြောကို ပြေလျော့စေနိုင်သည်။ သခွားသီးတွင် သတ္တုဓာတ်များပြည့်ဝသည့် အတွက်ခြေသည်း၊ လက်သည်းများကွာခြင်းကို ကာကွယ်ပေးနိုင်သည်။

နှလုံးနှင့်ကျောက်ကပ်၏ လုပ်ငန်းဆောင်တာများကို ကောင်းမွန်စေခြင်း

သခွားသီးတွင် ကြွယ်ဝစွာပါဝင်သည့် ပိုတက်စီယမ် (K) သည် နှလုံးနှင့်ကျောက်ကပ်များ၏ လုပ်ငန်းဆောင်တာများကို ကောင်းမွန်စေသည်။ Diuretic Effect သည် ခန္ဓာကိုယ်တွင်း ပိုလျှံနေသောအရည်များကို ဖယ်ရှားနိုင်ပြီး ရောင်ရမ်းခြင်းကိုသက်သာစေသည်။ သခွားသီးသည် ခန္ဓာကိုယ်တွင် စုပုံလာသည့် အဆိပ်အတောက်၊ အညစ်အကြေးများကို ဖျောက်ဖျက်ပေးနိုင်သည့်အစွမ်းထက်သန့်စင်ဆေးတစ်မျိုးဖြစ်သောကြောင့် ကျောက်ကပ်၊ ဆီးအိမ်၊ အသည်းနှင့် မုန့်ချိုအိတ်တို့ကို အကျိုးပြုသည်။ သခွားသီးနှင့် မုန်လာဥနီကို ဖျော်ရည်လုပ်သောက်ခြင်းဖြင့် ခန္ဓာကိုယ်ရှိပိုလျှံနေသော ဆီးဆိပ်ဓာတ် (Uric acid) ကို လျှော့ချပေးနိုင်သောကြောင့် ပုံမှန်သောက်သုံးပေးပါက ဂေါက်ရောဂါနှင့် နှင်းခူရောဂါတို့ကို ပျောက်ကင်းစေနိုင်သည်။

ဆီးချိုဝေဒနာရှင်များစားသင့်သောသခွားသီး

သခွားသီးတွင် အချိုဓာတ်စံနှုန်းပါဝင်မှု "သုည" ဖြစ်ပြီး သွေးတွင်းအချိုဓာတ်ကို တက်စေနိုင်သည့်ကစီဓာတ် လုံးဝမပါဝင်သဖြင့် ဆီးချိုရောဂါသည်များအနေဖြင့် သခွားသီးကို စားသုံးပေးသင့်သည်။

ကိုယ်အလေးချိန်ကျစေခြင်း

သခွားသီးသည် ကယ်လိုရီနှင့် အဆီဓာတ်ပါဝင်မှုနည်းသဖြင့် ကိုယ်အလေးချိန်ကိုကျစေပြီး ကျန်းမာသွယ်လျသည့် ကိုယ်ခန္ဓာဖြစ်လာစေရန် ကူညီပေးနိုင်သည်။ သခွားသီးကိုသုပ်၍ဖြစ်စေ၊ တို့စား၍ဖြစ်စေ၊ စွပ်ပြုတ်လုပ်၍ဖြစ်စေ ကိုယ်အလေးချိန်ချဲချင်သူများ စားသုံးနိုင်သည်။ သခွားသီး ၁၀၀ ဂရမ်တွင် အဆီ ၁၅ ကယ်လိုရီခန့်သာပါရှိပြီး ၁၁ အောင်စ စားလျှင် ကယ်လိုရီ ၄၅ သာပါရှိသဖြင့် မည်သို့ပင်စားစေကာမူ ကိုယ်အလေးချိန်တက်ရန်အတွက် စိုးရိမ်စရာမလိုရှိသောကြောင့် ခန္ဓာကိုယ်သွယ်လျလိုသူများ စားသုံးသင့်သည်။ အားကစားပြုလုပ်သူများအနေဖြင့် အပြင်းအထန်ကစားပြီး ချွေးထွက်၍ ဆုံးရှုံးသွားသော ရေဓာတ်ကို သခွားသီးနှင့်အစားထိုးဖြည့်ပေးနိုင်သည်။



ဝမ်းချုပ်ခြင်းကိုသက်သာစေခြင်း

သခွားသီးတွင် ရေဓာတ်များစွာနှင့် အမျှင်ဓာတ်များလည်းပါဝင်သောကြောင့် အစာကြေစေပြီး ဆီးနှင့်ဝမ်းကိုမှန်စေသည်။ ဝမ်းအမာများမဖြစ်စေရန် ကူညီပေးပြီး ဝမ်းချုပ်ခြင်းကို သက်သာစေသည်။ အမျှင်ဓာတ်သည် ကိုလက်စထရောနှင့် အဆိပ်အတောက်များကို ဖယ်ရှားပေးကာ အူလမ်းကြောင်းရှိ Microflora ကို အာဟာရဖြစ်စေပြီး ၎င်းက ဝမ်းချုပ်ခြင်းကို တိုက်ဖျက်ပေးသည်။ ထို့ပြင် သခွားသီးသည် အစာစားချင်စိတ်ကို လှုံ့ဆော်ပေးကာ အစာအိမ်အတွင်းရှိ ဟိုက်ဒရိုကလိုရစ်အက်စစ်(HCl) ထုတ်ပေးမှုကို လှုံ့ဆော်ပေးကာ အစာခြေဖျက်မှုကို ကူညီပေးပြီး သခွားသီးတွင် ပါဝင်သည့်အင်ဇိုင်းများသည် ပရိုတင်းနှင့် ဗီတာမင် B များကို ပိုမိုစုပ်ယူရန် ကူညီပေးနိုင်သည်။ သခွားသီးသည် အယ်ကာလီဓာတ်မြင့်မားသည့်အတွက် ခန္ဓာကိုယ်၏ pH ဓာတ်ကို ထိန်းညှိပေးပြီး အက်စစ်ဓာတ်ကို လျော့နည်းစေနိုင်သောကြောင့် အစာအိမ်သမားများအနေဖြင့် သခွားသီးကို တစ်ခါတစ်ရံ စားသုံးပေးသင့်သည်။

အပူကင်းစေခြင်း

သခွားသီးစားသုံးခြင်းဖြင့် ကိုယ်ခန္ဓာတွင်း အပူချိန်ကိုကျစေပြီး လူကိုအေးမြစေသည်။ သခွားသီးသည် ကိုယ်တွင်းအပူသာမကဘဲ နေရောင်ခြည်ဒဏ်ကြောင့် နေလောင်ပြီး အသားအရေမပျက်စီးစေရန်အတွက်လည်း ကာကွယ်ပေးနိုင်သည်။

အဆိပ်အတောက်များကို တိုက်ထုတ်ပေးနိုင်ခြင်း

သခွားသီးသည် ကျောက်ကပ်ကဲ့သို့ပင် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကို တိုက်ထုတ်ပေးနိုင်သည်။ သခွားသီးတွင် ဗီတာမင် A၊ ဗီတာမင် B နှင့် ဗီတာမင် C တို့ပါဝင်သောကြောင့် အားပြည့်လန်းဆန်းနေမည်ဖြစ်သည်။ မုန်လာဥနီ၊ ဟင်းနုနယ်တို့နှင့်ရောစပ်၍ ကြိတ်သောက်ပေးပါက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်သည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာ ပါဝင်သော သခွားသီးသည် ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်ပြီး နှလုံးနှင့်အဆုတ်ကို ကျန်းမာစေကာ ကိုယ်ခံအားစနစ်ကို ဖောက်လဲ့ဖောက်ပြန်မဖြစ်စေရန် ကူညီပေးသည်။ ခုခံအားစနစ်ကို ခြင့်တင်ပေးပြီး ကျန်းမာစေသည့်အပြင် ကိုယ်တွင်းအင်္ဂါများကို ဒုက္ခပေးနိုင်သည့် အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။

အသားအရေလှစေခြင်း

သခွားသီးတွင် မဂ္ဂနီစီယမ် (Mg)၊ ပိုတက်စီယမ် (K)၊ စီလီကွန် (Si) စသည့် သတ္တုဓာတ်များ ပါဝင်သောကြောင့် အသားအရေကိုလှပစေပြီး အရေပြားပေါ်ကဖုန်မှုန့်နှင့် အညစ်အကြေးများကို ဖယ်ရှားပေးသည်။ သခွားသီးတွင်ကြွယ်ဝစွာပါဝင်သည့် ဆီလီကာ(Si) ဓာတ်သည် တွယ်ဆက်တစ်ရှူးများကို အားကောင်းစေကာ အရေပြားလျှော့ရဲခြင်းကို ကာကွယ်ပေးပြီး ကြွက်သား၊ အရွတ်၊ အရိုးနှင့် အရိုးနုများကို ကျန်းမာကြံ့ခိုင်စေသောကြောင့် ဝင်းပစိုပြည်တင်းရင်းသော အသားအရေပိုင်ဆိုင်ချင်သူများအနေဖြင့် သခွားသီးဖျော်ရည်သောက်သုံးရန် ဆရာဝန်များက ထောက်ခံချက်ပေးကြသည်။ သခွားသီးအနှစ်ကို အစိုဓာတ်ထိန်းဆေးများ၊ Serum နှင့် တိုနာများတွင် တွေ့ရလေ့ရှိသည်။ သခွားသီး၏ ရေဓာတ်ကို ဖြည့်တင်းပေးသည့်ဂုဏ်သတ္တိများက အသားအရေကို တင်းရင်းချောမွေ့စေပြီး ခန္ဓာကိုယ်ရေဓာတ်ဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်သည့် အဓိကဓာတ်နှစ်မျိုးဖြစ်သည့် ဗီတာမင် C (Ascobic Acid) နှင့် Caffeic acid တို့သည် အရေပြားယားယံခြင်းကို သက်သာစေပြီး ရောင်ရမ်းခြင်းကိုလျှော့ချပေးကာ သဘာဝအတိုင်း အစိုဓာတ်ပြည့်ဝလှပသည့်အသားအရေကို ရရှိစေနိုင်သည်။ သခွားသီးကို အခြေခံထားသည့်ထုတ်ကုန်များကို ပုံမှန်သုံးစွဲပေးခြင်းအားဖြင့် အသားအရေကို တင်းရင်းစေကာ အရေးအကြောင်းများကို လျှော့ချပေးနိုင်ပြီး အသားအရေကြည်လင်ဖြူဝင်းပစေကာ ပျော့ပျောင်းစေနိုင်သည်။

အရေပြားယားယံခြင်းကိုသက်သာစေခြင်း

သခွားသီးသည် ရောင်ရမ်းမှုကိုဆန့်ကျင်ပေးနိုင်သည့် ဂုဏ်သတ္တိရှိသည်။ သခွားသီးအခွံကို အရေပြားပေါ်လိမ်းပေးခြင်းဖြင့် နီမြန်းခြင်းနှင့်ရောင်ရမ်းခြင်းကိုလျော့ပါးစေပြီး ယားယံနေသော အသားအရေအတွက် အကောင်းဆုံးဆေးတစ်လက်ဖြစ်သည်။ သခွားသီး၏ အေးမြသည့်အာနိသင်က ရောင်ရမ်းနေသည့်အသားအရေကို ကြည်လင်စေပြီး နေလောင်ခြင်းကို သက်သာစေကာ ပွေး၊ နှင်းခူနှင့် ဝက်ခြံတို့ကိုပါ သက်သာပျောက်ကင်းစေနိုင်သည်။

အမြင်အာရုံကောင်းစေခြင်း

သခွားသီးကိုပါးပါးလှီး၍ မျက်စိတွင်ကပ်ပေးခြင်းဖြင့် မျက်ဝတ်အိတ်အတွက်ကောင်းမွန်ပြီး မျက်စိအမြင်အာရုံကြည်လင်စေကာ မျက်လုံးမို့အစ်ခြင်း၊ မျက်ကွင်းညိုခြင်း၊ မျက်စိမှုန်ခြင်းများမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ အချို့ကလည်း နေလောင်ခြင်း၊ မျက်လုံးအိတ်ဖောင်းခြင်းတို့ကို သက်သာစေရန် သခွားသီးအနှစ်ကို မျက်နှာပေါ်လိမ်းကြသည်။

သွေးပေါင်ချိန်မှန်စေခြင်း

မဂ္ဂနီစီယမ်ဓာတ်၊ ပိုတက်စီယမ်ဓာတ်နဲ့ အမျှင်ဓာတ်ကြွယ်ဝသည့် သခွားသီးကို သွေးအတက်အကျပုံမှန်မရှိသူများ စားသုံးပေးခြင်းဖြင့် သွေးပေါင်ချိန်မှန်စေရန် ထိန်းညှိပေးနိုင်သည့်အပြင် သခွားသီးသည် ကြွက်သား၊ အရွတ်၊ အရိုး၊ အဆစ်အမျက်များကိုပါ ကြံ့ခိုင်စေနိုင်ပြီး နှလုံးနှင့်ဦးနှောက်ကို ကျန်းမာစေပြီး ဆီးချိုရောဂါသည်များအတွက်လည်း အလွန်ကောင်းသည့်ဓာတ်စာတစ်ခုဖြစ်သည်။

ခံတွင်းအနံ့ကောင်းစေခြင်း

သခွားသီးကို အရည်ပြုလုပ်၍သောက်ခြင်းဖြစ်စေ ပလုတ်ကျင်း၍ဖြစ်စေအသုံးပြုခြင်းဖြင့် သွားနှင့် ခံတွင်းသန့်ရှင်းရေးအတွက် ကောင်းမွန်စေပြီး သွားဖုံးကို ကျန်းမာစေကာ ခံတွင်းအနံ့ဆိုးကင်းစင်စေပြီး ဘက်တီးရီးယားပိုးများ မပေါက်ဖွားစေရန် ကူညီပေးနိုင်သည်။ သခွားသီးတွင် ဆီလီကာ (Silica) ပါဝင်သောကြောင့် ဆံပင်နှင့် လက်သည်းများအတွက်လည်း ကောင်းမွန်သည်။

ကြွက်သားနှင့်အဆစ်အမျက်များကို ချောမွေ့စေခြင်း

သခွားသီး၏အခွံတွင် အမျှင်ဓာတ်များ၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်နှင့် ဆီလီကာသတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ ကြွက်သားတစ်ရှူး၊ ကြွက်သားနှင့် အရိုးစပ်ကြားရှိ အရွတ်ကြောလုံး၊ အရွတ်များနှင့် အရိုးများကျန်းမာစေရန်အတွက် မရှိမဖြစ်လိုအပ်သည့် သတ္တုဓာတ်တစ်မျိုးဖြစ်သည့် ဆီလီကာဓာတ် များပြားစွာပါဝင်မှုကြောင့် သခွားသီးကို စားသုံးပေးခြင်းဖြင့် ကြွက်သားနှင့် အဆစ်အမျက်များကို ချောမွေ့စေသည်။

အရက်နာကျခြင်းကို ကာကွယ်ပေးခြင်း

အရက်အသောက်များပြီး အရက်နာကျခြင်းကို ကာကွယ်နိုင်ရန်အတွက် ရေဓာတ်ကြွယ်ဝပြီး ဗီတာမင် B၊ သကြားဓာတ်နှင့် လျှပ်လိုက်ပျော်ရည် (Electrolyte) တို့က ကုန်ဆုံးသွားသည့် အာဟာရဓာတ်များကို ပြန်လည်ဖြည့်တင်းပေးနိုင်သောကြောင့် သခွားသီးကို စားသုံးပေးနိုင်သည်။

ဆီးရှင်စေခြင်း

မိရိုးဖလာတိုင်းရင်းဆေးပညာများအရ သခွားသီးကို ဆီးဆေးအဖြစ်သုံးပြီး သွေးပေါင်တက်ခြင်းနှင့် ကျခြင်းများကို ကုသရန်နှင့် အရေပြားယားယံခြင်းကို သက်သာစေရန် အသုံးပြုသည်။ ဆီးဆေးအပျော့တစ်မျိုးအဖြစ် နှစ်ပေါင်းများစွာအသုံးပြုခဲ့ကြပြီး Cucurbitin ဟူသည့် Glycoside တစ်မျိုးကြောင့် ဆီးရှင်စေသည့်အာနိသင်ရှိခြင်းဖြစ်သည်။ သခွားသီးသည် အခြားဆီးဆေးများ၏ အာနိသင်ကို မြင့်တက်စေပြီး ပိုတက်စီယမ် (K) ပမာဏကို ကျဆင်းစေသည်။

အသားအရေစိုပြည်လှပမှုကို များစွာအထောက်အကူပေးခြင်း

သခွားသီးက ဆေးဖက်ဝင်သကဲ့သို့ အမျိုးသမီးများအတွက်လည်း အသုံးတည့်သည့်ဆေးဝါးဓာတ်စာတစ်မျိုးဖြစ်သည်။ သခွားသီးသည် နေလောင်ဒဏ်ကြောင့် အသားအရေမပျက်စီးစေရန် အစိုဓာတ်ထိန်း၍ကာကွယ်ပေးနိုင်ခြင်း၊ အသားအရေကို အေးမြစေခြင်း၊ ဝက်ခြံနှင့်အဖုအပိမ့်များထွက်ခြင်း၊ ချွေးပေါက်

စာမျက်နှာ ၅ သို့ á

လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်

လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှားသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၅၄၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မော်လိုက် ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၅၄၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်း ဧက ၈၂၀ နှင့် ဖူးစားပြောင်း ၄ဝ၃၅ ဧက စုစုပေါင်း ၅၄၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ဧက ၈၀၀နှင့် ဖူးစားပြောင်း ၄ဝ၁၁ ဧက စုစုပေါင်း ၅၄၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံ ၅၄၅၅ ဧကလျာထားစိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိ ၅၄၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက် ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

တို့မြန်မာကို ကာကွယ်ပါ

- တိုင်းတစ်ပါးကို အထင်မကြီး
  သွေးကစည်း ညီညွတ်မယ်၊
  တို့တိုင်းပြည် သာယာရေးကို
  လေးစားလျက်ကွယ်၊
  တန်ဖိုးထား ကြိုးစားရွယ်
  တာဝန်ရယ် ဆက်ထမ်း၊
  ရွှေပြည်တော် တိုးတက်ကောင်းဖို့
  ပေါင်းစုလျက်လှမ်း။

- တို့နယ်မြေ လာမချဲ့နဲ့
  မြန်မာဟဲ့ သိရမည်၊
  နယ်ချဲ့ရန် တိုက်ထုတ်ရှင်း
  ဖြိုခွင်းကြသည်၊
  မြင့်မြတ်သော နိုင်ငံပြည်
  ဖြစ်စေတည် ဆန္ဒ၊
  စစ်ပညာ သင်ယူမနှေး
  သွေးရဲသည်ဗျ ။

- မြန်မာမှန် သတ္တိက
  ကြီးကျယ်လှ ကမ္ဘာတွင်၊
  သမိုင်းဝင် ဂုဏ်မည်ကြီး
  သယ်ပိုးဖို့ပြင်၊
  ရန်မှန်သမျှ ကာကွယ်အစဉ်
  မြန်မာ့ရာဇဝင် ခမ်းနား၊
  ရွှေပြည်တော် မျိုးဆက်သစ်တို့
  ထုဆစ်စွမ်းအား။ ။

ရွှေမြိုင်သူ(မြန်မာစာ)

မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

မိုင်းယန်း ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၍ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးမင်းသန့်၊ မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ကုမ္ဓဏီ တာဝန်ရှိသူများက မိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးမျိုးမင်းသန့်က ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့စေရေး တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မိုင်းလွေကျေးရွာ၌ အရှည် နှစ်မိုင်ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း လုပ်ငန်းတို့ကို တင်ဒါအောင်မြင်သည့် Johan Shal ကုမ္ဓဏီက ယခုဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၁၁၁ သန်းဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးဖြစ်ကြောင်း မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**

á စာမျက်နှာ ၄ မှအဆက်

ကျယ်ခြင်းကိုသက်သာစေခြင်း၊ ဘက်တီးရီးယားပိုးမွှားများကို သေစေနိုင်ခြင်း၊ ပျက်စီးသွားသည့်အသားအရေကို ပြန်လည်ပြုပြင်ပေးပြီး နဂိုအသားအရောင်အတိုင်း ပြန်လည်ဖြူစင်ဝင်းပလာစေသည့်အပြင် ရာသီဥတုအပြောင်းအလဲတွင် ဖြစ်တတ်သည့်အရေပြားဆိုင်ရာ ပြဿနာများကိုလည်း ကူညီဖြေရှင်းပေးနိုင်သည်။ သခွားသီးဖျော်ရည်သောက်သုံးခြင်းဖြင့် အသားအရေကြည်လင်မှုကို တိုးမြှင့်ပေးပြီး အသားအရေတောက်ပစေကာ အစိုဓာတ်ရရှိအောင်လည်း ကူညီပံ့ပိုးပေးနိုင်သည်။

မျက်နှာအသားအရေခြောက်သွေ့သူများ၊ မဲ့ခြောက်များ၊ ဝက်ခြံနှင့် အဖုအပိမ့်များ ပျောက်ကင်းစေရန်အတွက် သခွားသီးအရည်နှင့် ဒိန်ချဉ်ကိုရောမွှေပြီး မျက်နှာပေါ်သုတ်လိမ်းပေးနိုင်သည်။ သခွားသီးအပြင်ခွံကိုလိမ်းပြီး ရေနှင့်ရောကြိတ်ကာ သံပုရာရည်အနည်းငယ်ရောမွှေ၍ မျက်နှာကို သုတ်လိမ်းပေးခြင်းဖြင့် အသားအရေ ဖြူစင်ဝင်းပလာစေသည်။ နေရောင်ခြည်ဒဏ်ကြောင့် ပျက်စီးနေသည့်အသားအရေကိုလည်း ပြန်လည်ပြုပြင်ပေးသည်။ ရေခဲသေတ္တာတွင်း၌ အအေးခံထားသော သခွားသီးကို ပါးပါးလှီး၍ အစိတ်လေးများကို မျက်နှာနေရာအနှံ့ကပ်ပေးထားခြင်းဖြင့် အသားအရေကို ရေဓာတ်ဖြည့်ပေးပြီး ချွေးပေါက်ထဲတွင် ပိတ်ငြိနေသည့် ဆီ၊ ဖုန်နှင့် အညစ်အကြေးများကို စုပ်ယူပေးနိုင်သည်။ သခွားသီးကို ပျားရည်နှင့်ရောကြိတ်ပြီး ရလာသည့်အနှစ်ကို မျက်နှာနှင့်ကိုယ်ခန္ဓာအနှံ့လိမ်းပေးရုံနှင့် အသားအရေကို အစိုဓာတ်ထိန်းပေးပြီး အရေပြားပေါ်မှပျက်စီးနေသည့် ဆဲလ်အသေများကို အလွှာလိုက်ကွာကျစေနိုင်သည်။

သခွားသီး၏ ဘေးထွက်ဆိုးကျိုးများ

သခွားသီးသည် ယေဘုယျအားဖြင့် ဘေးကင်းသော်လည်း အချို့သောသူများတွင် ယားယံမှုဖြစ်စေနိုင်သည်။ ဓာတ်မတည့်မှုရှားပါးသော်လည်း နီမြန်းခြင်း သို့မဟုတ် ယားယံခြင်းများ ဖြစ်ပေါ်နိုင်သည်။

အချို့သခွားသီးတွင် ခါးစေတတ်သော Cucurbitacins နှင့် Tetracyclic Triterpenoids အဆိပ်အတောက်များပါဝင်သည်။ ထိုအဆိပ်အတောက်များ ပြင်းထန်လွန်းလျှင် သို့မဟုတ် အခန့်မသင့်လျှင် အသက်အန္တရာယ်ရှိသည်ထိ ဒုက္ခပေးနိုင်သည်။ ဆေးပညာရှုထောင့်မှ ကြည့်လျှင် ခါးသွားသော အသီးများသည် စားသုံးရန်အန္တရာယ်ရှိသည်ကိုလည်းတွေ့ရသည်။ အခါးသီးများကို သုံးဂရမ်မျှစားမိရုံဖြင့် ပျို့အန်ချင်သက့ဲသို့ အော်ဂလီဆန်ဖြစ်ခြင်း၊ ဗိုက်အောင့်ခြင်းနှင့် ဝမ်းလျှောခြင်းတို့ဖြစ်ပွားတတ်သည်။

ထို့ကြောင့် ရေဓာတ်နှင့် အမျှင်ဓာတ်များစွာပါဝင်ပြီး ကျန်းမာရေးကောင်းကျိုးများစွာ ရရှိနိုင်သက့ဲသို့ အလှအပရေးရာအတွက်လည်း အလွန်အရေးပါသော သခွားသီးသည် လူကြိုက်များထင်ရှားသော်လည်း သခွားသီးအခါးများတွင် ကျန်းမာရေးရှုထောင့်အရ အန္တရာယ်ရှိသောကြောင့် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသက့ဲသို့ သတိပြုရွေးချယ်စားသုံးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

နိုင်ငံတကာ သတင်းများ

အိန္ဒိယနိုင်ငံသို့ ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗား လာရောက်မည်

ဒေလီ ဖေဖော်ဝါရီ ၁၃

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် လာမည့် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်ထိ အိန္ဒိယနိုင်ငံသို့ တရားဝင်နိုင်ငံတော်ခရီးစဉ်အဖြစ် လာရောက်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိန္ဒိယခရီးစဉ်အတွင်း ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် အိန္ဒိယခရီးစဉ်အတွင်း နယူးဒေလီမြို့၌ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၀ ရက်ထိ ကျင်းပမည့် လူညာဏ်ရည်တုနည်းပညာ (အေအိုင်) ထိပ်သီးညီလာခံသို့လည်း တက်ရောက်မည်ဖြစ်သည်။

ထို့ပြင် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် အိန္ဒိယသမ္မတ ဒရူပါဒီမာမူး တည်ခင်းဇည့်ခံမည့် ဂုဏ်ပြုညစာစားပွဲသို့လည်း တက်ရောက်မည်ဖြစ်သည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗား၏ လာမည့်ခရီးစဉ်သည် အိန္ဒိယနှင့် ဘရာဇီးနှစ်နိုင်ငံ မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းတစ်ရပ် ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ဘရာဇီးနိုင်ငံသို့ ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် သွားရောက်ခဲ့ရာ ၅၇ နှစ်တာ ကာလအတွင်း ဘရာဇီးနိုင်ငံသို့ သွားရောက်ခဲ့သည့် ပထမဆုံးအိန္ဒိယဝန်ကြီးချုပ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဗုန်ဂျိုင်ထိုင်းပါတီက ဖေ့ထိုင်းပါတီနှင့်ပူးပေါင်း၍ ညွှန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းမည်

ဗန်ကောက် ဖေဖော်ဝါရီ ၁၃

ထိုင်းအထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိထားသော ဗုန်ဂျိုင်ထိုင်းပါတီသည် ဖေ့ထိုင်းပါတီနှင့် ပူးပေါင်း၍ ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းမည်ဖြစ်ကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဗုန်ဂျိုင်ထိုင်း ပါတီအနေဖြင့် ဖေ့ထိုင်းပါတီနှင့် ပူးပေါင်း၍ ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းမည်ဖြစ်ကြောင်း ဗုန်ဂျိုင်ထိုင်းပါတီ ခေါင်းဆောင် လက်ရှိထိုင်းဝန်ကြီးချုပ် အနုတင် ချန်ဗီလ်ရာကူးလ်က ယနေ့တွင် အတည်ပြုပြောကြားထားသည်။

ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပခဲ့သည့် ထိုင်းအောက်လွှတ်တော်ရွေးကောက်ပွဲတွင် ဗုန်ဂျိုင်ထိုင်းပါတီက လွှတ်တော်အမတ်နေရာ ၅၀၀ အနက် ၁၉၃ နေရာထိ ရရှိခဲ့သည်။

အဓိကပြိုင်ဘက်ပါတီဖြစ်သည့် ပြည်သူ့ပါတီက အမတ်နေရာ ၁၁၈ နေရာဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး ဖေ့ထိုင်းပါတီက အမတ်နေရာ ၇၄ နေရာဖြင့် တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

ဗုန်ဂျိုင်ထိုင်းပါတီ အနေဖြင့် အောက်လွှတ်တော်ရွေးကောက်ပွဲတရားဝင်ရလဒ်များကို ထိုင်းရွေးကောက်ပွဲကော်မရှင်က ကြေညာပြီးချိန်တွင် ရက်ပေါင်း ၆၀ အတွင်း အစိုးရအဖွဲ့ ဖွဲ့စည်းရမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၈ ရက် အောက်လွှတ်တော် ရွေးကောက်ပွဲရလဒ်သည် ထိုင်းနိုင်ငံရေးလောကကို နှစ်ပေါင်းများစွာ လွှမ်းမိုးခဲ့သည့် ဖေ့ထိုင်းပါတီအတွက် အဆိုးရွားဆုံး ရွေးကောက်ပွဲရလဒ်ဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

အရှေ့အလယ်ပိုင်းဒေသသို့ ဒုတိယမြောက်လေယာဉ်တင်သင်္ဘော အမေရိကန်ရေတပ် ထပ်မံစေလွှတ်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

ကမ္ဘာ့အကြီးဆုံး လေယာဉ်တင်သင်္ဘောဖြစ်သည့် ယူအက်စ်အက်စ် ဂျရယ်ဖို့ဒ် လေယာဉ်တင်သင်္ဘောကို အမေရိကန်ရေတပ်က အရှေ့အလယ်ပိုင်းဒေသသို့ထပ်မံစေလွှတ်ထားကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်ကို စစ်ရေးအရတိုက်ခိုက်ရန် သင့်၊ မသင့်နှင့် ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ချိန်ဆနေချိန်တွင် အမေရိကန်ရေတပ်က ယူအက်စ်အက်စ်ဂျရယ်ဖို့ဒ် လေယာဉ်တင်သင်္ဘောကို အရှေ့အလယ်ပိုင်းဒေသသို့ ထပ်မံစေလွှတ်ထားကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

ယူအက်စ်အက်စ် ဂျရယ်ဖို့ဒ် လေယာဉ်တင်သင်္ဘောသည် အရှေ့အလယ်ပိုင်းဒေသ၌ နေရာယူထားမည့် ဒုတိယမြောက် အမေရိကန်ရေတပ် လေယာဉ်တင်သင်္ဘော ဖြစ်သည်။

လက်ရှိတွင် အရှေ့အလယ်ပိုင်းဒေသ၌ ယူအက်စ်အက်စ်အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောနှင့် ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောသုံးစီးတို့ နေရာယူထားကြောင်း သိရသည်။

ယူအက်စ်အက်စ် ဂျရယ်ဖို့ဒ် လေယာဉ်တင်သင်္ဘောသည် မူလက ကာရေဘီယံဒေသ၌ နေရာယူထားသည့် လေယာဉ်တင်သင်္ဘော ဖြစ်သည်။

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် ရှုကလီးယားသဘောတူညီချက်ရယူနိုင်မှုမရှိခဲ့ပါက ဆိုးရွားသည့် အကျိုးဆက်များနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဖေဖော်ဝါရီ ၁၂ ရက်တွင် အီရန်အစိုးရကို ထပ်မံပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဘင်္ဂလားဒေ့ရ်ရွေးကောက်ပွဲ၌ ဘီအင်နပီပါတီ အနိုင်ရ

ဒါကာ ဖေဖော်ဝါရီ ၁၃

ဖေဖော်ဝါရီ ၁၂ ရက်တွင်ကျင်းပခဲ့သည့် ဘင်္ဂလားဒေ့ရ်အထွေထွေရွေးကောက်ပွဲ၌ ဘင်္ဂလားဒေ့ရ် အမျိုးသားရေးပါတီ(ဘီအင်နပီပီ)က ပြတ်သားစွာ အနိုင်ရခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရွေးကောက်ပွဲ မဲရေတွက်မှုနောက်ဆုံးရလဒ်များအရ ဘီအင်နပီပါတီနှင့် မဟာမိတ်များက ဘင်္ဂလားဒေ့ရ် အောက်လွှတ်တော် အမတ်နေရာ ၂၉၉ နေရာအနက် ၂၁၁ နေရာ ရရှိထားကြောင်း ဘင်္ဂလားဒေ့ရ်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဘီအင်နပီပါတီ၏ အဓိကပြိုင်ဘက်ဖြစ်သည့် ဂျမက်အီးအစ္စလာမီပါတီနှင့် မဟာမိတ်များကမူ အမတ်နေရာ ၇၀ ထိသာရရှိထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၂ ရက် အထွေထွေရွေးကောက်ပွဲ ရလဒ်သည် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများကြောင့် ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာ အိန္ဒိယသို့ထွက်ပြေးခဲ့ပြီး နောက်ပိုင်း နိုင်ငံရေးမတည်ငြိမ်မှုများနှင့် လပေါင်းများစွာ ရင်ဆိုင်ခဲ့ရသော ဘင်္ဂလားဒေ့ရ်နိုင်ငံအတွက် နိုင်ငံရေးတည်ငြိမ်မှုကို ပြန်လည်ဆောင်ကြဉ်းပေးနိုင်ဖွယ်ရှိသည်။

အထွေထွေ ရွေးကောက်ပွဲ ရလဒ်များအရ ဘီအင်နပီပါတီ ခေါင်းဆောင် တာရစ်ရာမန် အနေဖြင့် ဘင်္ဂလားဒေ့ရ်ဝန်ကြီးချုပ်သစ်ဖြစ်လာမည်ဖြစ်သည်။

ဘီအင်နပီပါတီသည် ၂၀၀၁ ခုနှစ် ဘင်္ဂလားဒေ့ရ်အထွေထွေရွေးကောက်ပွဲ၌ အောက်လွှတ်တော်အမတ်နေရာ ၁၉၃ နေရာထိ ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ရှန်ဟိုင်းမြို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ဧရာမမြေကျွံတွင်းကြီးတစ်ခု ပေါ်ထွက်

ပေကျင်း ဖေဖော်ဝါရီ ၁၃

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ အနောက်တောင်ပိုင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ဧရာမမြေကျွံတွင်းကြီးတစ်ခု ပေါ်ထွက်လာခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ မြေကျွံတွင်းကြီးသည် ရထားဘူတာရုံတည်ဆောက်ရေးလုပ်ငန်းခွင်၌ ဖေဖော်ဝါရီ ၁၁ ရက်ညပိုင်းတွင် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရထားလမ်းတည်ဆောက်ရေးလုပ်ငန်းအတွက် မြေတူးဖော်နေစဉ်အတွင်း မြေကျွံတွင်းပေါ်ထွက်လာခြင်းဖြစ်သည်။

မြေကျွံတွင်းပေါ်ထွက်လာပြီးနောက် တစ်ခဏချင်းမှာပင် မြေကျွံတွင်းအတွင်း ရေများဖုံးလွှမ်းခဲ့ရာ အနီးဝန်းကျင်ရှိ ကားလမ်းများကိုပါ ရေဖုံးလွှမ်းခဲ့ကြောင်း တရုတ်မီဒီယာများ၏အဆိုအရ သိရသည်။

ရှန်ဟိုင်းမြို့ ရထားဘူတာရုံတည်ဆောက်မှုလုပ်ငန်းခွင် မြေကျွံတွင်းပေါ်ထွက်မှုကြောင့် လူသေဆုံးမှုနှင့် ဒဏ်ရာရမှုများမရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် ကြိုတင်ကာကွယ်မှုယူသည့်အနေဖြင့် မြေကျွံတွင်းဝန်းကျင် အဆောက်အအုံများ၌ နေထိုင်သူများကို ရှန်ဟိုင်းမြို့ အာဏာပိုင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

SCIENCE AND TECHNOLOGY

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် စတားလင့်ခ် ဂြိုဟ်တု ၂၄ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၄ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယား ပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သည်။ လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ကိုးမိနစ်ခန့်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အဆိုပါ မစ်ရှင်အောင်မြင်မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၌ ဂြိုဟ်တု အစင်းရေပေါင်း ၉၆၀၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်သည်။

ဖေဖော်ဝါရီ ၁၂ ရက်မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၁၂ ကြိမ်မြောက် စတားလင့်ခ်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

Einstein Probe အာကာသယာဉ်က အဖြူရောင်ကြယ်သိမ်တစ်စင်းကို အာကာသတွင်းနက်တစ်ခုက ဖြိုခွဲနေမှုကို ထောက်လှမ်းတွေ့ရှိ



ပေကျင်း ဖေဖော်ဝါရီ ၁၃

တရုတ်အမျိုးသား အာကာသ အေဂျင်စီ၏ Einstein Probe အာကာသယာဉ်သည် အဖြူရောင်ကြယ်သိမ်တစ်စင်းကို အာကာသတွင်းနက်တစ်ခုက ဖြိုခွဲနေမှုကို ထောက်လှမ်း တွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

EP 250702a ဟူ၍ အမည်ပေးထားသော အဆိုပါဖြစ်စဉ်ကို Einstein Probe အာကာသယာဉ်၏ WXT အိတ်စ်ရေးတယ်လီစကုပ် က၂၀၂၅ ခုနှစ် ဇူလိုင် ၂ ရက်တွင် ထောက်လှမ်းတွေ့ရှိခဲ့ပြီးဖြစ်သည်။

အလင်းအား ပြောင်းလဲမှုအဆင့်ဆင့်နှင့် ဖြာထွက်ရောင်ခြည်ထုတ်လွှင့်မှုပုံစံအရ EP 250702a ဖြစ်စဉ်မှာ အာကာသတွင်းနက်တစ်ခုက ကြယ်တစ်စင်းကို ဖြိုခွဲနေမှုဖြစ်နိုင်သည်။

ထို့ပြင် အဆိုပါဖြစ်စဉ်အတွင်း ပါဝင်နေသော အာကာသတွင်းနက်မှာ ဒြပ်ထုအလယ်အလတ်ရှိ အာကာသ တွင်းနက်ဖြစ်ပြီး နျူကလီးယား လောင်စာကုန် အဖြူရောင်ကြယ်တစ်စင်းကို ဖြိုခွဲနေခြင်းဖြစ်နိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

အဖြူရောင်ကြယ်သိမ်များမှာ နေထက်သိပ်သည်းဆ အဆတစ်သန်းကျော်ပိုများသည့် ကြယ်များ ဖြစ်ကြရာ နေဒြပ်ထုထက် ထောင်ပေါင်းများစွာကြီးမားသော ဒြပ်ထုအလယ်အလတ်ရှိ အာကာသ တွင်းနက်များကသာ အဆိုပါ ကြယ်များကို ဖြိုခွဲနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် Einstein Probe စကြဝဠာလေ့လာရေး အာကာသယာဉ်ကို ၂၀၂၄ ခုနှစ် ဧနီနဝါရီလတွင် လောင်းမတ်ချ်-၂ စီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

ကမ္ဘာဦးသတ္တဝါတစ်မျိုး၏ ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်းကို ကနေဒါနိုင်ငံ နိုဗာစကိုးရှားပြည်နယ်၌ တူးဖော်တွေ့ရှိ

အော့တဝါ ဖေဖော်ဝါရီ ၁၃

ကမ္ဘာဦး သတ္တဝါတစ်မျိုး၏ ဦးခေါင်းခွံ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ကနေဒါနိုင်ငံ နိုဗာစကိုးရှားပြည်နယ်၌ တူးဖော်တွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများအရ သိရသည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း ၃၀၇ သန်းထိရှိသော အဆိုပါ ကမ္ဘာဦး သက်ရှိရုပ်ကြွင်းကို Tyrannoroter Heberti ဟူ၍ ကနေဒါ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Tyrannoroter Heberti သတ္တဝါများသည် အပင်များကို ဝါးမျိုစားသောက်နိုင်ရေးအတွက် ကြီးမားသည့် ပါးရိုးကြွက်သားများ၊ သွားများ ပိုင်ဆိုင်ထားကြောင်း ကနေဒါ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ Tyrannoroter Heberti သတ္တဝါများသည် ကမ္ဘာပေါ်၌ ပေါ်ထွက်ခဲ့သည့် ပထမဆုံး အသီးအရွက်စား သက်ရှိများထဲတွင် ပါဝင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Tyrannoroter Heberti သတ္တဝါများသည် ကိုယ်ခန္ဓာ အရွယ်အစား ၁၂ လက်မခန့်သာ ရှိသော အပင်စားသက်ရှိများ ဖြစ်ကြောင်း သိရသည်။

Tyrannoroter Heberti သတ္တဝါများသည် ကာဘိုနီဖားရပ်ဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသည့် Tetrapod အုပ်စုတွင်း သက်ရှိမျိုးစိတ် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

HEALTH

အူမကြီးရောင်ရမ်းမှု ရောဂါကြောင့် အူမကြီးကင်ဆာရောဂါ ဖြစ်နိုင်ခြေမြင့်မားလာနိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၃

အူမကြီးရောင်ရမ်းမှု ရောဂါကြောင့် အူမကြီးကင်ဆာရောဂါ ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဖေဖော်ဝါရီ ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ အူမကြီးရောင်ရမ်းမှုရောဂါရှိနေသူများ၌ အသက် ၅၀ မပြည့်မီ အူမကြီးကင်ဆာ ဖြစ်ပွားနိုင်ခြေမြင့်မားလာနိုင်သည်။

အလားတူ အူမကြီးရောင်ရမ်းမှု ရောဂါကြောင့် အူမကြီးကင်ဆာ ဖြစ်နိုင်ခြေမှာ ရာခိုင်နှုန်း ၆၀၀ ထိ မြင့်တက်လာနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

Inflammatory Bowel Disease (IBD)ကဲ့သို့ အူမကြီးရောင်ရမ်းမှု ရောဂါများကြောင့် အူမကြီး၏ အနားသတ်ဆဲလ်များ ပျက်စီးသွားတတ်ပြီး အူမကြီးကင်ဆာ ဖြစ်နိုင်ခြေ မြင့်မားလာခြင်းဖြစ်ကြောင်း သိရသည်။

အူမကြီးကင်ဆာ ရောဂါသည် ဗြိတိန်အပါအဝင် ကမ္ဘာ့နိုင်ငံ အများအပြား၌ လူငယ်များကြား ဖြစ်ပွားမှုနှုန်း မြင့်တက်လာသည့် ကင်ဆာရောဂါတစ်မျိုးဖြစ်သည်။

အထူးသဖြင့် IBD ရောဂါလူနာများ၌ အူမကြီးကင်ဆာရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

အစားအစာ စားသောက်မှုပုံစံများကြောင့် UTIs ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

နယူးယောက် ဖေဖော်ဝါရီ ၁၃

အစားအစာ စားသောက်မှုပုံစံများကြောင့် ဆီးလမ်းကြောင်း ကူးစက်ရောဂါ(UTIs)များ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

UTIs ရောဂါများသည် R- Coli ခေါ် ဘက်တီးရီးယားများ ဆီးလမ်းကြောင်းထဲသို့ ရောက်ရှိချိန်တွင် ဖြစ်ပွားတတ်ကြောင်း ဆေးပညာရှင်များက နားလည်ထားပြီးဖြစ်သည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစားအစာ စားသောက်မှု ပုံစံများကြောင့်လည်း UTIs ရောဂါများ ဖြစ်ပွားနိုင်ခြေ မြင့်တက် လာတတ်ကြောင်း သိရသည်။

မကျက်တကျက် ချက်ပြုတ်ထားသည့် ဝက်သား၊ ကြက်သားစသည့် အသားများကို စားသုံးမှုကြောင့်လည်း UTIs ရောဂါများ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အသီးအရွက် အဓိက စားသုံးသူများမှာမူ အသားအဓိက စားသုံးသူများနှင့် နှိုင်းယှဉ်ပါက UTIs ရောဂါဖြစ်နိုင်ခြေ ၁၇ ရာခိုင်နှုန်း ပို၍နည်းပါးနေတတ်သည်။

အသားများ၌ R- Coli ဘက်တီးရီးယားများ ပါဝင်နေတတ်သည် ဖြစ်ရာ မကျက်တကျက်အသားများစားသုံးမှုကြောင့် UTIs ရောဂါများ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

ပရီးမီးယားလီဂ်ပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကို မန်ယူအသင်းနည်းပြကာရစ် ဆွတ်ခူး

မန်ချက်စတာ ဖေဖော်ဝါရီ ၁၃

ပရီးမီးယားလီဂ်ပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး နည်းပြဆုကို မန်ယူအသင်းနည်းပြ ကာရစ်က ဆွတ်ခူးခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၂ နှစ်ရှိ နည်းပြကာရစ်သည် မန်ယူအသင်းကို စတင်တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဇန်နဝါရီလအတွင်း ၎င်းတာဝန်ယူကိုင်တွယ်ခဲ့သည့် နှစ်ပွဲတွင် မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်ခဲ့သဖြင့် ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆု ဆန်ခါတင်နည်းပြ စာရင်းတွင်ပါဝင်ခဲ့သည့် ချဲလ်ဆီးအသင်းနည်းပြ ရိုစီနီယာကို ကျော်ဖြတ်ပြီး ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နည်းပြကာရစ်သည် မန်ယူအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ပရီးမီးယားလီဂ်ပြိုင်ပွဲ ငါးပွဲတွင် တစ်ပွဲမျှရှုံးနိမ့်ခဲ့ခြင်းမရှိသေးဘဲ မန်စီးတီးအသင်း၊ အာဆင်နယ်အသင်း၊ ဖူလ်ဟမ်အသင်း၊ စပါးအသင်းတို့ကို ဆက်တိုက်အနိုင်ရရှိအောင်စွမ်းဆောင်ခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်တွင်လည်း ဝက်စ်ဟမ်းအသင်းနှင့်သရေရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် နည်းပြဟောင်း အာမိုရင်လက်ထက်တွင် ရလဒ်များ မတည်မငြိမ်ဖြင့် ရုန်းကန်ခဲ့ရသော်လည်း လက်ရှိ နည်းပြကာရစ် လက်အောက်တွင် ရလဒ်များ ဆက်တိုက်ကောင်းမွန်လာခဲ့ပြီး အမှတ်ပေးဇယားအဆင့် (၄)နေရာထိ တက်ရောက်လာနိုင်ခဲ့ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

အင်္ဂလန်အသင်းက နည်းပြ တူချယ်ကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆို

လန်ဒန် ဖေဖော်ဝါရီ ၁၃

အင်္ဂလန်အသင်းက အသင်းမှ နည်းပြ တူချယ်ကို ၂၀၂၈ ခုနှစ်ထိ နှစ်နှစ်သက်တမ်းတိုး စာချုပ်သစ်ချုပ်ဆိုခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်အသင်းက ကာလရှည်လက်တွဲခဲ့သည့် နည်းပြ ဆောက်ဂိတ်နှင့် လမ်းခွဲခဲ့ပြီးနောက် နည်းပြသစ်အဖြစ် ချဲလ်ဆီးအသင်းနည်းပြဟောင်း တူချယ်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၅၂ နှစ်ရှိ နည်းပြ တူချယ်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလက အင်္ဂလန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ အဆင့်တွင် ပွဲစဉ်အားလုံးအနိုင်ရခဲ့သည့်အပြင် ပွဲစဉ်အားလုံးပေးဂိုးမရှိဘဲ ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

နည်းပြတူချယ်နှင့် အင်္ဂလန်အသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ကုန်ဆုံးမည် ဖြစ်သည့်အတွက် အင်္ဂလန်အသင်းက ရလဒ်ကောင်းများရအောင် စွမ်းဆောင်ပေးထားသည့် နည်းပြတူချယ်ကို ၂၀၂၈ ခုနှစ်ထိ နှစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် လာမည့် ၂၀၂۶ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရီးအေးရှားအသင်း၊ ဂါနာအသင်း၊ ပနားမားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် စတာလင်း နယ်သာလန်ကလပ် ဖီယင်နုအသင်းသို့ ပြောင်းရွှေ့

လန်ဒန် ဖေဖော်ဝါရီ ၁၃

ချဲလ်ဆီးအသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် စတာလင်းသည် နယ်သာလန်ကလပ် ဖီယင်နုအသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ စတာလင်းသည် ချဲလ်ဆီးအသင်းတွင် ကာလရှည်ကစားခဲ့ပြီး ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီက အာဆင်နယ်အသင်းတွင် တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သော်လည်း အာဆင်နယ်အသင်းက အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူခြင်းမရှိသည့်အတွက် ယခုနှစ်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ရခြင်းဖြစ်သည်။

သို့သော် ချဲလ်ဆီးအသင်းကလည်း စတာလင်းကို အသင်းတွင် ဆက်လက်ထားလိုခြင်း မရှိသည့်အတွက် စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

ထို့နောက် စတာလင်းသည် ဇန်နဝါရီလက ဥရောပမှ ကလပ်အသင်းအများအပြားနှင့် ဆွေးနွေးမှုများလုပ်ဆောင်ပြီး သဘောတူညီမှုမရရှိခဲ့သော်လည်း ယခုအခါ ဖီယင်နုအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဖီယင်နုအသင်းကို မန်ယူအသင်း ကစားသမား ဟောင်း ဗန်ပါစီက နည်းပြအဖြစ် တာဝန်ယူ ကိုင်တွယ်နေပြီး နယ်သာလန်လီဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယား အဆင့်(၂)နေရာ၌ ရပ်တည်ထားကြောင်း သိရသည်။

Ref : Fotmob

Trs : STA

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား Tour Pro၊ Senior Pro၊ ဝါသနာရှင်အဆင့် (အမျိုးသား၊အမျိုးသမီး) ဂေါက်သီးရိုက်ပြိုင်ပွဲကို မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲများ၏ မန္တလေးပွဲစဉ်ဖြစ်သော Tour Pro၊ Senior Pro ၊ ဝါသနာရှင်အဆင့် (အမျိုးသား၊အမျိုးသမီး) ဂေါက်သီးရိုက်ပြိုင်ပွဲကို ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်ထိ မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို R&A နှင့် USGA တို့၏ Rules of Golf – 2023 ဂေါက်သီး စည်းမျဉ်းများနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဝါသနာရှင်အဆင့် ကစားသမားများသည် အမျိုးသား H'Cap 0–12 အဆင့်နှင့် အမျိုးသမီး ကစားသမားများသည် H'Cap 0–16 အဆင့်ရှိ ကစားသမားများဖြစ်ရမည်ဖြစ်သည်။

အလားတူ ဝါသနာရှင်အဆင့် (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကစားသမားများအနေဖြင့် ဖေဖော်ဝါရီ ၂၂ ရက်နောက်ဆုံးထားကာ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ဦးမင်းနိုင် ဖုန်း ၀၉-၂၀၁၅၄၆၇ နှင့် ဦးသန့်ဇင် ဖုန်း ၀၉-၂၀၂၆၅၆၆ ထံ ပြိုင်ပွဲဝင်ကြေးနှင့်အတူ စာရင်းပေးသွင်းရမည်ဖြစ်ပြီး Tour Pro၊ Senior Pro အဆင့် ကစားသမားများသည် ဖေဖော်ဝါရီ ၂၂ ရက်နောက်ဆုံးထားကာ တစ်ဦးလျှင် ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၃၀၀၀၀ ဖြင့် ဖုန်းနံပါတ် ၀۹-۶၂၁၀၂၂၅۹ ထံ ပြိုင်ပွဲဝင်ကြေးနှင့်အတူ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

STA

Qatar Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို ကနေဒါဆယ်ကျော်သက်တင်းနစ်မယ် အမ်ဘိုကို တက်လှမ်း

ဒိုဟာ ဖေဖော်ဝါရီ ၁၃

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် Qatar Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ကနေဒါဆယ်ကျော်သက် တင်းနစ်မယ် အမ်ဘိုကိုနှင့် ကာဇက်စတန်အဆင့်(၁)တင်းနစ်မယ် ရိုင်ဘာကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမ်ဘိုကိုက (၇-၆ ၊ ၄-၆ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမပွဲဝယ်တွင် အမ်ဘိုကိုနှင့် ရိုင်ဘာကီနာတို့သည် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရပြီး tie-break အဆင့်တွင် အမ်ဘိုကိုက အနိုင်ရခဲ့သည်။

ဒုတိယပွဲဝယ်တွင် ရိုင်ဘာကီနာက ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲဝယ်ကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ အမ်ဘိုကိုက ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့သည်။

အသက် ၁၉ နှစ်ရှိ အမ်ဘိုကိုက "ရိုင်ဘာကီနာနဲ့ပွဲစဉ်မှာ ကျွန်မအနေနဲ့ အများကြီးမျှော်လင့်ထားတာမျိုးမရှိပါဘူး။ ရိုင်ဘာကီနာရဲ့ မှတ်တမ်းကို ကြည့်လိုက်ရင် ကျွန်မအတွက် ရလဒ်ကောင်းဖို့ မျှော်လင့်လို့မရတဲ့ အခြေအနေမျိုးလဲ ဖြစ်နေပါတယ်။ ဒါပေမဲ့ ကျန်တာတွေ ခေါင်းထဲကထုတ်ပြီး ရလဒ်ကောင်းရဖို့အတွက်ပဲ အာရုံစိုက်ခဲ့ပါတယ်။ ပထမပွဲဝယ်မှာ ကတည်းက ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရတယ်။ ဒုတိယပွဲဝယ်မှာတော့ ရိုင်ဘာကီနာကို ဘယ်လိုမှ မယှဉ်နိုင်ခဲ့ပါဘူး။ ကံကောင်းစွာနဲ့ တတိယပွဲဝယ်မှာ အနိုင်ရခဲ့တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : STA

LIV Golf's Adelaide ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းက အမှတ်ပေးဇယားကို ဦးဆောင်

အဒယ်လစ် ဖေဖော်ဝါရီ ၁၃

သြစတြေးလျှနိုင်ငံ အဒယ်လစ်မြို့တွင်ကျင်းပနေသည့် LIV Golf's Adelaide ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် စပိန် ဂေါက်သီးရိုက် ကစားသမား ဂျွန်ရမ်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဒီချန်ဘိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နေကြသည်။

ဂျွန်ရမ်းအနေဖြင့် ပထမနေ့တွင် အမှားအနည်းငယ်ရှိခဲ့သော်လည်း ဒုတိယနေ့တွင် အမှားကင်းခဲ့သကဲ့သို့ ရလဒ်ကောင်းများ လည်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့သည်။

ဂျွန်ရမ်းက "အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့လို့ ဝမ်းသာပါတယ်။ အဆုံးသတ်ကောင်းမွန်ဖို့ အတွက် နောက်ဆုံးနေ့ထိ လုပ်နိုင်သမျှ အကောင်းဆုံးလုပ်ဆောင်သွားပါမယ်။ ပြိုင်ပွဲဝင်တိုင်းကလဲ ကျွန်တော့်လိုတွေးနေပါလိမ့်မယ်။ သူတို့လဲ အကောင်းဆုံးကြိုးစားသွားကြမှာဖြစ်တဲ့အတွက် နောက်ဆုံးနေ့ထိတော့ အကြိတ်အနယ် ကစားသွားရတော့မဲ့ အခြေအနေဖြစ်ပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။ **Ref : Golf Magic**

Trs : AZL

နော်တင်ဟမ်အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ဝုဗ်အသင်းနည်းပြဟောင်း ပီရဲရားကို ခန့်အပ်နိုင်ရန်နီးစပ်နေ

လန်ဒန် ဖေဖော်ဝါရီ ၁၃

နော်တင်ဟမ် အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ဝုဗ်အသင်းနည်းပြဟောင်း ပီရဲရားကို နည်းပြသစ်အဖြစ်ခန့်အပ်နိုင်ရန် နီးစပ်နေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နော်တင်ဟမ်အသင်းက ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များ ဆိုးရွားနေပြီး တန်းဆင်းဇုန်ဖိအားရှိနေသည့်အတွက် နည်းပြ အပြောင်းအလဲ လုပ်ဆောင်ခဲ့ရာ နည်းပြသစ်အဖြစ် ရှောင်ဒိုက်ကို ခန့်အပ်ခဲ့သော်လည်း အသင်းအနေဖြင့် ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိသည့်အတွက် ပြီးခဲ့သည့် ဝုဗ်အသင်းနှင့်ကစားခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြ ရှောင်ဒိုက်ကို ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ် အသင်းက လစ်လပ်နေသည့်အသင်း နည်းပြရာထူးအတွက် နည်းပြရှောင်ဒိုက်ကို ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြ ပီရဲရားကိုခန့်အပ်ရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာ သဘောတူညီမှုရရှိနိုင်ရန် နီးစပ်နေခြင်းဖြစ်သည်။

နည်းပြ ပီရဲရားသည်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဝုဗ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ရလဒ်များဆိုးရွားနေသည့်အတွက် ပြီးခဲ့သည့် ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်အပြီးတွင် ရာထူးမှထုတ်ပယ်ခံခဲ့ရပြီးနောက် ကလပ်အသင်းလက်မဲ့ ဖြစ်နေသူ ဖြစ်သည်။

နော်တင်ဟမ် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ဆိုးများကြောင့် နည်းပြအပြောင်းအလဲ သုံးကြိမ်ထိလုပ်ဆောင်ထားပြီး နည်းပြ ဆန်းတို့၊ နည်းပြ ပိုစတီနိုကိုဂလူ၊ နည်းပြ ရှောင်ဒိုက်တို့ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : STA

စပါးအသင်းက နည်းပြသစ်အဖြစ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြတူဒေါကို ယခုနှစ် ဘောလုံးရာသီအကုန်ထိ ကာလတိုစာချုပ်ဖြင့်ခန့်အပ်

လန်ဒန် ဖေဖော်ဝါရီ ၁၃

စပါးအသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြတူဒေါကို ယခုနှစ် ဘောလုံးရာသီအကုန်ထိ ကာလတိုစာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် ပြီးခဲ့သည့် နယူးကာဆယ်အသင်းကိုရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြ ဖရန့်ကို ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၇ နှစ်ရှိ နည်းပြ တူဒေါသည် အီတလီထိပ်တန်း ကလပ်အသင်းကြီးများဖြစ်သည့် လာဇီယိုအသင်းနှင့် ဂျူဗင်တပ်အသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးသည့်အပြင် မာလ်ဆေးအသင်းကိုလည်း တာဝန်ယူကိုင်တွယ်ခဲ့ဖူးပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလက ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

စပါးအသင်းသည် နည်းပြ တူဒေါကို ယခုနှစ်ဘောလုံးရာသီ အကုန်ထိ ကာလတိုစာချုပ်ဖြင့်သာ ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ရာသီအကုန်တွင် အမြဲတမ်းနည်းပြအဖြစ် နည်းပြဟောင်း ပိုချက်တီနိုနှင့် မာလ်ဆေးအသင်းနည်းပြ ဟောင်း ဒီဇာဘီတို့မှ တစ်ဦးကိုပြောင်းလဲ ခန့်အပ်ရန် ပြင်ဆင်နေကြောင်း သိရသည်။ **Ref : Fotmob**

Trs : STA

အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲကြိုသုံးသပ်ချက်များ ML

ဘန်လေ Vs မန်ဗီးလ်

ကစားမည့်ရက်/အချိန် ၁၄-၂-၂၀၂၆ (ည ၉:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မရှိ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ဘန်လေ	-	ဝေး(ရှုံး)	အိမ်(ရှုံး)	ဝေး(နိုင်)
မန်ဗီးလ်	-	အိမ်(သရေ)	အိမ်(သရေ)	အိမ်(ရှုံး)

ပရီးမီးယားလီဂ်နောက်ဆုံးပွဲစဉ်မှာ ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘန်လေအသင်း ခြေစွမ်းပိုင်းပြန်လည်ထက်မြက်လာတယ်လို့ ဆိုရမှာပါ။ လိဂ်ဝမ်းကလပ် မန်ဗီးလ်အသင်းအနေနဲ့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ ခြေစွမ်းပိုင်းစိတ်ချလို့မရတာကြောင့် ဘန်လေအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဘန်လေ ၂ - ၁ မန်ဗီးလ်

နော့ဝှစ်ချ် Vs ဝက်စ်ဘရွန်း

ကစားမည့်ရက်/အချိန် ၁၄-၂-၂၀၂၆ (ည ၉:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဝက်စ်ဘရွန်း ၀ - ၅ နော့ဝှစ်ချ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

နော့ဝှစ်ချ်	-	ဝေး(ရှုံး)	အိမ်(နိုင်)	ဝေး(နိုင်)
ဝက်စ်ဘရွန်း	-	ဝေး(ရှုံး)	အိမ်(သရေ)	ဝေး(သရေ)

ချန်ပီယံရှစ်ကလပ်အသင်းချင်းတွေ့ဆုံတဲ့ အခုပွဲစဉ်မှာ နော့ဝှစ်ချ်အသင်းရဲ့ခြေစွမ်းပိုင်းက အသာရနေတယ်လို့ဆိုရမှာပါ။ ဒါပြင် ဝက်စ်ဘရွန်းအသင်းအနေနဲ့ နိုင်ပွဲပျောက်ဆုံးခဲ့တာဆိုရင် ကိုးပွဲထိရှိနေပြီး လက်ရှိခံစစ်ပိုင်းကလဲ ကျဆင်းနေပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်း အသာရနေတဲ့ နော့ဝှစ်ချ်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - နော့ဝှစ်ချ် ၂ - ၁ ဝက်စ်ဘရွန်း

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၂၂) ပွဲကြိုသုံးသပ်ချက် ML

ဟမ်းဘတ် Vs ယူနီယံဘာလင်

ကစားမည့်ရက်/အချိန် ၁၄-၂-၂၀၂၆ (ည ၉:၀၀ နာရီ)

ပထမအကျော့ရလဒ်

ယူနီယံဘာလင် ၀ - ၀ ဟမ်းဘတ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ဟမ်းဘတ်	-	ဝေး(သရေ)	အိမ်(သရေ)	ဝေး(နိုင်)
ယူနီယံဘာလင်	-	အိမ်(ရှုံး)	ဝေး(ရှုံး)	အိမ်(သရေ)

နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်နှစ်ပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းကို သရေ၊ ဟိုင်ဒမ်ဟိန်းအသင်းကို အနိုင်ကစားနိုင်ခဲ့တဲ့ ဟမ်းဘတ်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းထက်မြက်မှုရှိနေပါတယ်။ လက်ရှိဘောလုံးရာသီမှာ ယူနီယံဘာလင်အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းက ဆိုးရွားနေတာကြောင့် အခုပွဲစဉ်မှာ ဟမ်းဘတ်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ခန့်မှန်းရလဒ် - ဟမ်းဘတ် ၁ - ၀ ယူနီယံဘာလင်

အီတလီစီးရီးအေ ပွဲစဉ်(၂၅) ပွဲကြိုသုံးသပ်ချက် ML

ကိုမို Vs ဖီအိုရင်တီးနား

ကစားမည့်ရက်/အချိန် ၁၄-၂-၂၀၂၆ (ည ၈:၃၀ နာရီ)

ပထမအကျော့ရလဒ်

ဖီအိုရင်တီးနား ၁ - ၃ ကိုမို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ကိုမို	-	ဝေး(နိုင်)	အိမ်(သရေ)	ဝေး(သရေ)
ဖီအိုရင်တီးနား	-	အိမ်(ရှုံး)	ဝေး(ရှုံး)	အိမ်(သရေ)

အမှတ်ပေးဇယားအဆင့်(၆)နေရာမှာ ရပ်တည်နေတဲ့ ကိုမိုအသင်းရဲ့ ခြေစွမ်းပိုင်းနဲ့အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်နေပါတယ်။ ဒါပေမဲ့ ဖီအိုရင်တီးနားအသင်းကလဲ တန်းဆင်းဇုန်အတွင်း ရောက်ရှိနေပြီး လက်ကျန်ပွဲစဉ်တွေကို ရုန်းကန်ကစားနေရတာပါ။ဒါကြောင့် အဝေးကွင်းဖြစ်ပေမဲ့ ဖီအိုရင်တီးနားအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ကိုမို ၁ - ၂ ဖီအိုရင်တီးနား

လူငယ်များနှင့် ချစ်သူများနေ့

မောင်စိန်အို(နဘဲမြေ)

အချို့သောလူငယ်များသည် ဖေဖော်ဝါရီလဆန်းကတည်းက ချစ်သူများနေ့တွင်အတူဝတ်ရန် အင်္ကျီဆင်တူဝယ်ကြသည်။ ချစ်သူများကိုပေးရန် ချောကလက်ဝယ်ကြသည်။ နှင်းဆီပန်းလှလှလေးများကို ကြိုတင်မှာထားကြသည်။ ချစ်သူများနေ့အထိမ်းအမှတ်လက်ဆောင်ကတ်များ ပြုလုပ်ကြသည်။ ရိုးသားဖြူစင်သော လူငယ်များ အပျို၊ လူပျိုဘဝကို တန်ဖိုးထားသော လူငယ်များသည် ချစ်သူများနေ့တွင် ရုပ်ရှင်ကြည့်ကြသည်။ ပန်းခြံသွားကြသည်။ ဘုရားစေတီပုထိုးများသို့သွားကာ ဆွမ်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ ၄က်နှင့်ငါးများလွှတ်ခြင်း စသည့် ကောင်းမှုကုသိုလ်များပြုလုပ်ကြသည်။ လူငယ်ဘဝပျော်ရွှင်ဖွယ်ကောင်းလှသည်။

ချစ်သူများနေ့(Valentine's Day)

ဆိုရလျှင်မျက်မှောက်ခေတ်လူငယ်အချို့သည် ချစ်သူများနေ့(Valentine's Day) ကို တခုတ်တရသတိရကြသည်။ ထိုနေ့အတွက် ကြိုတင်ပြင်ဆင်ကြသည်။ အချိန်ပေးပြီး ငွေကြေးအကုန်ကျခံကြသည်။ မြန်မာလူငယ်ထုအတွင်း ချစ်သူများနေ့ဆိုသော ယဉ်ကျေးမှုကူးစက်လာသည်မှာ မကြာသေးချေ။ တယ်လီဖုန်းများအလွယ်တကူဝယ်ယူအသုံးပြုနိုင်ပြီး Facebook နှင့် TikTok ယဉ်ကျေးမှုထွန်းကားလာသည့်အချိန်တွင် စတင်လာခြင်းဖြစ်သည်။ နည်းပညာထွန်းကာလာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံများကြားစီးဆင်းနေသော ယဉ်ကျေးမှုရေစီးကြောင်းသည် မြန်ဆန်လွန်းလှသည်။ ထိုရေစီးကြောင်းနှင့်အတူ အကောင်းနှင့်အဆိုးဒွန်တွဲပါလာလျက်ရှိသည်။ အသိပညာဆိုသော ကိုယ်ခံအားကောင်းသူများသာလျှင် ယဉ်ကျေးမှုရေစီးကြောင်း၏ ဆိုးကျိုးများကို ရှောင်ရှားနိုင်ကြသည်။

ဤနေရာတွင် ချစ်သူများနေ့အကြောင်းကို အနည်းငယ်တင်ပြလိုသည်။ ရောမဧကရာဇ်သည် အင်ပါယာချဲ့ထွင်ရန်အတွက် စစ်သားများသာမက လူငယ်များကိုလည်း စစ်ထဲသို့ဝင်စေချင်ခဲ့သည်ဟုဆိုသည်။ အချို့သောလူငယ်များသည် ချစ်သူ၊ ဇနီး၊ မိသားစုများနှင့်ခွဲခွာ၍ စစ်တိုက်လိုသောဆန္ဒမရှိခဲ့ချေ။ ထို့ကြောင့် ဧကရာဇ်သည် စစ်တိုက်ထွက်မည့်သူများကို လက်မထပ်ရဟု အမိန့်ထုတ်ပြန်ခဲ့သည်။ ထိုစဉ်က ကတ်သလစ်ဘုန်းတော်ကြီး စိန့်ဗာလင်တိုင်းက ဧကရာဇ်အမိန့်ကိုဖီဆန်ကာ စစ်ထွက်မည့်လူငယ်နှင့် ချစ်သူတို့ကို တိတ်တဆိတ်လက်ထပ်ပေးခဲ့သည်။ ထိုသို့အာဏာဖီဆန်မှုကြောင့် ဘုန်းတော်ကြီး ဗာလင်တိုင်းကိုမကွပ်မျက်မီ အကျဉ်းချထားခဲ့သည်။ ဘုန်းတော်ကြီးသည် သူ၏ရပ်တည်ချက်မှန်ကန်ကြောင်းကို ပြည်သူများထံသို့ စာရေးသားခဲ့သည်။ ထိုစာ၏အောက်ဆုံးတွင် "From Your Valentine" ဟု ရေးသားထားခဲ့သည်။ ထိုစာရေးသားခဲ့သည့် အေဒီ ၂၆၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ၎င်းကို ကွပ်မျက်ခဲ့သည်ဟုဆိုသည်။ ထိုနေ့ကို ရည်ညွှန်း၍ မျက်မှောက်ကာလတွင် ချစ်သူများနေ့ (Valentine's Day)အဖြစ် ကျင်းပလာကြသည်။

ထိန်းကျောင်းကြပ်မတ်သင့်

မြန်မာလူငယ်အချို့သည်လည်း နှစ်စဉ် ဖေဖော်ဝါရီ ၁၄ ရက်နေ့ရောက်ရှိလျှင် Valentine's Day ကျင်းပကြသည်။ အမှန်တော့ ရည်ရွယ်ချက်မဲ့ပြီး အလုပ်အကိုင်ရေရေရာရာမရှိသော အချို့သော မြန်မာလူငယ်များသည် ယဉ်ကျေးမှုပေါင်းစုံကို မွေးစားလာကြသည်။ ခရစ္စမတ်နေ့၊ နှစ်သစ်ကူးနေ့(New Year's Day)၊ ချစ်သူများနေ့(Valentine's Day) စသည်ဖြင့် နေ့ပေါင်းစုံတွင်သောက်စားပျော်ပါးလာကြသည်။ ခိုက်ရန်ဖြစ်ပွားကြသည်။ ထိခိုက်ဒဏ်ရာရရှိကြသည်။ ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ အချို့သောအမျိုးသမီးငယ်များသည် အမျိုးသားများနှင့် အပြိုင်သောက်စားမူးယစ်ပြီး စည်းကျော်ကြသဖြင့် မရှုနိုင်မကယ်နိုင်ဖြစ်ကြသည်။ ပြဿနာကို နည်းလမ်းတကျမဖြေရှင်းနိုင်သူများသည် လွဲမှားစွာထွက်ပေါက်ရှာသွားကြသည်။ များစွာဝမ်းနည်းဖွယ်ရာကောင်းလှသည်။ မိဘများအနေဖြင့် စည်းစားချင့်ချိန်ထိန်းကျောင်းကြပ်မတ်သင့်သည်။

ရေးယခင်က မြန်မာအမျိုးသမီးများသည် လွန်စွာ ဣန္ဒြေကြီးမားလှသည်။ ဟီရိသြတ္တပတရားကို လက်ကိုင်ထားကြသည်။ ချစ်သူနှစ်ဦးတို့သည် သုံးနှစ်သုံးမိုးလေ့လာပြီးမှသာ လက်ထပ်ကြသည်။ လက်ရှိအချိန်တွင် အချို့သောအမျိုးသမီးလေးများသည် ချစ်သူအပေါ်ယုံလွယ်ကြသည်။ အပျိုစင်ဘဝကို တန်ဖိုးထားရန်မေ့လျော့လာကြသည်။ အချို့သည် Living Together အလေ့အထကိုပင် လက်ခံကျင့်သုံးလာကြသည်။ လက်မထပ်ခင်ကပင် ချစ်ရည်လူးကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဆန့်ကျင်သောအပြုအမူများပင်ဖြစ်သည်။

အချို့သော မိဘအုပ်ထိန်းသူများသည် သားသမီးများကို နည်းလမ်းလွဲမှားစွာဖြင့် ချစ်နေကြသည်။ သားသမီးများကို အလိုလိုက်ကြသည်။ အလယ်တန်းကျောင်းသားအရွယ်ကတည်းကပင် တယ်လီဖုန်းများပေးထားကြသည်။ ထိုတယ်လီဖုန်းများတွင် အသက်အရွယ်နှင့်မသင့်တော်သောစာများ၊ ဓာတ်ပုံများ၊ ဇာတ်ကားများကို အလွယ်တကူကြည့်၍ရကြသည်။ အကျိုးဆက်အနေဖြင့် ကလေးများသည် အရွယ်မရောက်မီကတည်းက အပျိုစိတ်၊ လူပျိုစိတ်ဝင်နေကြသည်။ လူငယ်များပျက်စီးရခြင်း၏ အရင်းခံအကြောင်းတရားသည် အုပ်ထိန်းသူများ၏အားနည်းချက်ကြောင့်သာဖြစ်သည်။ ထို့ပြင် အချို့သောမိဘများသည် ကလေးများရှေ့တွင် ဆင်ဆင်ခြင်ခြင်နေလေ့မရှိကြပေ။ လိင်စိတ်နိုးကြွစေသော ဇာတ်လမ်းတွဲများကို ပေါ်ပေါ်တင်တင်ကြည့်ရှုလေ့ရှိကြသည်။ ဆိုရလျှင် ကလေးများသည် မိဘများကိုအတုခိုးပြီး ချစ်သူများနေ့တွင် မဟုတ်မဟတ်လုပ်ရန် ကြိုးစားလေ့ရှိသည်။ ထို့ကြောင့် မိဘများကိုယ်တိုင်က ဆင်ဆင်ခြင်ခြင်နေထိုင်ပြီး သားသမီးများကို ထိန်းကျောင်းကြပ်မတ်သွားသင့်သည်။

တန်ဖိုးထားသင့်

စင်စင်အားဖြင့် ချစ်သူများနေ့တွင် မိမိချစ်သူကို ဖြူစင်သန့်ရှင်းသောမေတ္တာစစ်စစ်ဖြင့် ချောကလက်၊ နှင်းဆီပန်းနှင့် အခြားသောလက်ဆောင်လှလှလေးများပေးမည်ဆိုလျှင် ကောင်းမွန်သည်။ ထို့နောက် အများပြည်သူအပန်းဖြေရာနေရာများ၊ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံ၊ ကျေးရွာ ကဲ့သို့ နေရာတိုင်းတွင် ချစ်သူများ ကိုယ်ချင်းစာ ကူညီပံ့ပိုးပေးကြခြင်းသည် ပိုမိုတန်ဖိုးရှိပါသည်။ ချစ်ခင်ကြင်နာခြင်းသည် ကောင်းမွန်သည်။ ချစ်ခင်ကြင်နာခြင်းသည် မဂ်လာတစ်ပါးပင်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၄ ရက်တွင် ချစ်သူများနေ့(Valentine's Day) ကျရောက်တော့မည်ဖြစ်သည်။ လူငယ်များသည် ထိုနေ့ကို ရင်ခုန်မျှော်လင့်စောင့်ဆိုင်းနေကြသည်။ ချစ်သူခင်သူများအတွက် ချောကလက်အပါအဝင် လက်ဆောင်ပစ္စည်းမျိုးစုံလည်း ဝယ်ယူထားပြီးဖြစ်မည်ဟုထင်ပါသည်။ အထူးသဖြင့် အရောင်အသွေးဒီဇိုင်းဆင်တူသော အင်္ကျီလှလှလေးများလည်း ဝယ်ထားကြမည်ဖြစ်သည်။ သို့သော် ထိုနေ့ကို ဖြူစင်သန့်ရှင်းစွာဖြတ်သန်းကြသူများရှိသကဲ့သို့ မှားယွင်းစွာ အသုံးချသွားမည့်သူများ လည်းရှိနေမည်ဟုထင်သည်။ အထူးသဖြင့် လျှို့ဝှက်အကြံအစည်ရှိကြသည့် အချို့သောယောကျ်ားလေးများသည် တည်းခိုခန်းကြိုတင်ငှားထားကြမည်ဖြစ်သည်။ အပျိုစင်မိန်းကလေးများအနေဖြင့် ထိုနေ့ကို လိမ္မာပါးနပ်စွာ ဖြတ်သန်းစေချင်သည်။ တဒင်္ဂသာယာမှုကို ရှေ့တန်းတင်မည်ဆိုလျှင် အရှက်ကွဲအကျိုးနည်းကြရမည်ဖြစ်သည်။

ဖြစ်သင့်သည်မှာ ယောကျ်ားလေးသည် မိမိ၏ချစ်သူမိန်းကလေးထံမှ မတောင်းသင့်သည့်အရာများကို အကျပ်ကိုင်တောင်းဆိုခြင်းမျိုးကို ရှောင်ကြဉ်သင့်သည်။ မိန်းကလေးများကလည်း မိမိအပျိုစင်ဘဝကို တန်ဖိုးထားပြီး မလိုက်လျောမိအောင် လိမ္မာပါးနပ်စွာ ရှောင်ရှားသွားရန် လိုအပ်သည်။ ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦး တန်ဖိုးထားသင့်သည်။ ချစ်သူစုံတွဲ များသည် တစ်ဦးကိုတစ်ဦး မေတ္တာစစ်မေတ္တာမှန်ဖြင့် တန်ဖိုးထားချစ်ခင်ကြင်နာကြရမည့်အစား ချစ်သူများနေ့(Valentine's Day) တွင် တဒင်္ဂသာယာမှုကို ရှေ့တန်းတင်သွားမည်ဆိုလျှင် မမျှော်မှန်းနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကို ရင်ဆိုင်ဖြေရှင်း သွားရနိုင်သည်။ ထို့ကြောင့် ယဉ်ကျေးသိမ်မွေ့သော မြန်မာမိန်းကလေးငယ်များအနေဖြင့် အပျိုစင်ဘဝကို တန်ဖိုးထားကာ ချစ်သူများနေ့ကို လိမ္မာပါးနပ်စွာ ဖြတ်သန်းသွားနိုင်ရန် တိုက်တွန်းရေးသားအပ်ပါသည်။

❖ စင်စင်အားဖြင့် ချစ်သူများနေ့တွင် မိမိချစ်သူကို ဖြူစင်သန့်ရှင်းသောမေတ္တာစစ်စစ်ဖြင့် ချောကလက်၊ နှင်းဆီပန်းနှင့် အခြားသောလက်ဆောင်လှလှလေးများပေးမည်ဆိုလျှင် ကောင်းမွန်သည်။ ထို့နောက် အများပြည်သူအပန်းဖြေရာနေရာများ၊ ဘုရားစေတီများတွင် ချစ်သူနှစ်ဦး အေးအေးချမ်းချမ်းသွားရောက်အပန်းဖြေနိုင်သည်။ ယောကျ်ားလေးဖြစ်သူသည် မိမိ၏ချစ်သူမိန်းကလေးကို တန်ဖိုးထားသင့်သည်။ ချစ်သူများနေ့ကိုအသုံးချ၍ မတောင်းသင့်သည့်အရာကို မတောင်းသင့်ပေ။ မိန်းကလေးဖြစ်သူကလည်း မလိုက်လျောသင့်သည့်အရာကို မလိုက်လျောသင့်ပေ။ အချို့သောမိန်းကလေးများသည် ချစ်သူကပစ်သွားမည်ကို စိုးရိမ်ကြသဖြင့် လိုက်လျောကြသည်။ ကံအကြောင်းမလှသဖြင့် နှစ်ဦးသားလက်မထပ်ဖြစ်လျှင် နစ်နာကြမည်ဖြစ်သည်။ ချစ်သူဘဝတွင် တစ်ဦးနှင့်တစ်ဦး စောင့်စည်းခြင်း၊ စည်းထားခြင်းသည် အကောင်းဆုံးပင်ဖြစ်သည်။ ❖

အချို့သောချစ်သူစုံတွဲများသည် ချစ်သူများနေ့ရောက်ရှိမှသာ လက်ထပ်ထိမ်းမြားလိုကြသည်။ ထိုနေ့တွင် စုံတွဲများအပြိုင်အဆိုင်လက်ထပ်ကြသဖြင့် မဂ်လာခန်းမငှားရမ်းရန်ပင် အခက်တွေ့ကြရသည်။ မည်သည့်နေ့တွင် လက်ထပ်ထိမ်းမြားသည်ဖြစ်စေ တစ်ဦးပေါ်တစ်ဦးသာ သစ္စာရှိနေမည်ဆိုလျှင် အိမ်ထောင်ရေးသာယာနေမည်ဖြစ်သည်။ ချစ်သူများနေ့တွင်လက်ထပ်ခဲ့သော်လည်း တစ်ဦးပေါ်တစ်ဦး ရိုးမြေကျပေါင်းသွားမည့် ခိုင်မြဲသောသစ္စာမရှိလျှင် ထိုစုံတွဲသည် မကြာမီခွာပြဲမည်သာဖြစ်သည်။

အနောက်တိုင်းယဉ်ကျေးမှုစိမ့်ဝင်ပျံ့နှံ့လာ

ဆိုရလျှင် ချစ်သူများနေ့ကို တလွဲအသုံးချမည့်သူများ၊ မရိုးသားသော အကြံအစည်ရှိနေသူများသည် ဟိုတယ်နှင့် တည်းခိုခန်းများ ဘွတ်ကင်တင်ကြသည်။ ထိုနေ့ဆိုလျှင် ဟိုတယ်များနှင့်တည်းခိုခန်းများသည် အချိန်ပိုင်းတည်းခိုမည့်သူများနှင့်ပြည့်နေသည်ဟုဆိုကြသည်။ အချို့သောအတွဲများသည် အခန်းယူရန် ထိုင်စောင့်နေကြရသည်ဟုပင်ဆိုသည်။ အနောက်တိုင်းယဉ်ကျေးမှုကို အတုခိုးလာခြင်းဖြစ်သည်။ ကောင်းသောလက္ခဏာတော့မဟုတ်ချေ။ ရှေးယခင်က မြန်မာတို့သည် အိမ်ထောင်မပြုမီ သုံးနှစ်သုံးမိုးထိ လေ့လာစောင့်ကြည့်သည်ဟုဆိုသည်။ လူပျို၊ အပျိုဘဝကို တန်ဖိုးထားကြသည်။ တရားဝင်လက်မထပ်သေးမီ ချစ်ရည်လူးလေ့မရှိပေ။ ထို့ကြောင့် မိဘအုပ်ထိန်းသူများသည် လူငယ်များကို လွှတ်မထားသင့်ပေ။ ကျိုးကြောင်းဆီလျော်စွာ ပြောဆိုဆွေးနွေးထိန်းကျောင်းကြပ်မတ်သင့်နေပြီဖြစ်သည်။ လူငယ်များလမ်းမှားရောက်နေခြင်းသည် မိဘအုပ်ထိန်းသူများ၏ တာဝန်လစ်ဟင်းမှုများကြောင့်သာဖြစ်သည်။

လူငယ်များနှင့် ချစ်သူများနေ့

ဆိုရလျှင် လူတစ်ဦးကိုတစ်ဦး ချစ်ခင်နှစ်သက်ခြင်းသည် ကောင်းမွန်သည်။ ချစ်ခင်ကြင်နာခြင်းသည် မဂ်လာတစ်ပါးပင်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၄ ရက်တွင် ချစ်သူများနေ့(Valentine's Day) ကျရောက်တော့မည်ဖြစ်သည်။ လူငယ်များသည် ထိုနေ့ကို ရင်ခုန်မျှော်လင့်စောင့်ဆိုင်းနေကြသည်။ ချစ်သူခင်သူများအတွက် ချောကလက်အပါအဝင် လက်ဆောင်ပစ္စည်းမျိုးစုံလည်း ဝယ်ယူထားပြီးဖြစ်မည်ဟုထင်ပါသည်။ အထူးသဖြင့် အရောင်အသွေးဒီဇိုင်းဆင်တူသော အင်္ကျီလှလှလေးများလည်း ဝယ်ထားကြမည်ဖြစ်သည်။ သို့သော် ထိုနေ့ကို ဖြူစင်သန့်ရှင်းစွာဖြတ်သန်းကြသူများရှိသကဲ့သို့ မှားယွင်းစွာ အသုံးချသွားမည့်သူများ လည်းရှိနေမည်ဟုထင်သည်။ အထူးသဖြင့် လျှို့ဝှက်အကြံအစည်ရှိကြသည့် အချို့သောယောကျ်ားလေးများသည် တည်းခိုခန်းကြိုတင်ငှားထားကြမည်ဖြစ်သည်။ အပျိုစင်မိန်းကလေးများအနေဖြင့် ထိုနေ့ကို လိမ္မာပါးနပ်စွာ ဖြတ်သန်းစေချင်သည်။ တဒင်္ဂသာယာမှုကို ရှေ့တန်းတင်မည်ဆိုလျှင် အရှက်ကွဲအကျိုးနည်းကြရမည်ဖြစ်သည်။

ဖြစ်သင့်သည်မှာ ယောကျ်ားလေးသည် မိမိ၏ချစ်သူမိန်းကလေးထံမှ မတောင်းသင့်သည့်အရာများကို အကျပ်ကိုင်တောင်းဆိုခြင်းမျိုးကို ရှောင်ကြဉ်သင့်သည်။ မိန်းကလေးများကလည်း မိမိအပျိုစင်ဘဝကို တန်ဖိုးထားပြီး မလိုက်လျောမိအောင် လိမ္မာပါးနပ်စွာ ရှောင်ရှားသွားရန် လိုအပ်သည်။ ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦး တန်ဖိုးထားသင့်သည်။ ချစ်သူစုံတွဲ များသည် တစ်ဦးကိုတစ်ဦး မေတ္တာစစ်မေတ္တာမှန်ဖြင့် တန်ဖိုးထားချစ်ခင်ကြင်နာကြရမည့်အစား ချစ်သူများနေ့(Valentine's Day) တွင် တဒင်္ဂသာယာမှုကို ရှေ့တန်းတင်သွားမည်ဆိုလျှင် မမျှော်မှန်းနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကို ရင်ဆိုင်ဖြေရှင်း သွားရနိုင်သည်။ ထို့ကြောင့် ယဉ်ကျေးသိမ်မွေ့သော မြန်မာမိန်းကလေးငယ်များအနေဖြင့် အပျိုစင်ဘဝကို တန်ဖိုးထားကာ ချစ်သူများနေ့ကို လိမ္မာပါးနပ်စွာ ဖြတ်သန်းသွားနိုင်ရန် တိုက်တွန်းရေးသားအပ်ပါသည်။

ကိုးကား

- https://www.britannica.com/topic/Valentines-Day
- https://en.wikipedia.org/wiki/Valentine

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ့မှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံ့မှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံ့မှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဟိုင်းကြီးကျွန်းမြို့ရှိ မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပသွားမည်

ယခင်နှစ်က မြြတ်မော်တင်စွန်းစေတီတော်၏ ဗုဒ္ဓပူဇနေယပွဲတော်ကို တွေ့ရစဉ်။

ငပုတောဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မဟာမကုဋ္ဌရံသီဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့ထိ ကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း တပေါင်းလဆန်း ၁ ရက် (ဖေဖော်ဝါရီ ၁၆ ရက်)မှ တပေါင်းလပြည့်နေ့(မတ်၂ ရက်)ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် မပျက်မကွက်ကျင်းပလာခဲ့သလို ဒီနှစ်မှာလဲ အစဉ်အလာ မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဗုဒ္ဓပူဇောအနေနဲ့ စေတီတော်ကြီးကို သံဃာတော် ၄၅ ပါးနဲ့ အနေကဇော တင်ပူဇော်မှာဖြစ်ပြီး ဓမ္မပူဇောအနေနဲ့ မဟာပဋ္ဌာန်းကျမ်း ပူဇော်မှာ ဖြစ်ပါတယ်။ သံဃာပူဇောအနေနဲ့ တပေါင်းလပြည့်နေ့မှာ ပင့်သံဃာတော်အပါး ၁၆၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူမှာ ဖြစ်ပါတယ်"ဟု မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးကျော်စွာဝင်းက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး၏ အထင်ကရ ကျက်သရေဆောင် မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီးကို ပုသိမ်မြို့မှ ရှုပ်ပြေးရေယာဉ်များဖြင့် ဟိုင်းကြီးကျွန်းမြို့ထိ လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ASH

Under Paris နောက်ဆက်တွဲဇာတ်ကားကို ဒါရိုက်တာ အလက်ဇန်းဒရီအက်ဂျာ ရိုက်ကူးမည်

နယူးယောက် ဖေဖော်ဝါရီ ၁၃

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Under Paris နောက်ဆက်တွဲ ဇာတ်ကားသစ်ကို ပြင်သစ် ဒါရိုက်တာ အလက်ဇန်းဒရီအက်ဂျာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများအရ သိရသည်။

၂၀၂၄ ခုနှစ်က ရိုက်ကူးခဲ့သည့် Under Paris ဇာတ်ကားသည် ငါးမန်းအန္တရာယ်ကို ထိတ်လန့်သည်းဖိုဖြစ်အောင် ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားဖြစ်ကာ အထူးအောင်မြင်ခဲ့သည်။

Under Paris ဇာတ်ကားသည် ရေချိုဒေသ၌ ရှင်သန်နိုင်စွမ်းရှိသည့် မျိုးဗီဇပြောင်း ငါးမန်းများ၏ အန္တရာယ်မှ ပဲရစ်မြို့ကိုကာကွယ်ရန် အဏ္ဏဝါဗေဒပညာရှင်တစ်ဦးက ကြိုးပမ်းခဲ့ပုံကို ရိုက်ကူးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ပြင်သစ် ဒါရိုက်တာ ဇေဗီယာဂျင်းက တာဝန်ယူရိုက်ကူးခဲ့ပြီး ပြင်သစ်မင်းသမီး ဘရီနစ်ဘီဂျိုက အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Under Paris နောက်ဆက်တွဲ ဇာတ်ကားသစ်တွင်လည်း မင်းသမီး ဘရီနစ်ဘီဂျို ပြန်လည်ပါဝင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

Mahar Application က အိမ်မြှောင်ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် မတ်လပထမပတ်တွင် ထုတ်လွှင့်ပြသမည်ဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

Mahar Application က အိမ်မြှောင် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် မတ်လ ပထမပတ်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသည့် ဒါရိုက်တာ သားညီထံမှ သိရသည်။

Weflex Production က ပွဲဦးထွက် ရိုက်ကူးတင်ဆက်သည့် အိမ်မြှောင် ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းဇာတ်ညွှန်းကို မို့ကရေးသားထားပြီး ဒါရိုက်တာ သားညီက Weflex Production အတွက် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"အိမ်မြှောင် ရုပ်ရှင်ဇာတ်ကားက ကျွန်တော်နဲ့ Weflex Production တို့ ပထမဆုံး ပူးပေါင်းရိုက်ကူးတဲ့ ဇာတ်ကားပါ။ ဒီဇာတ်ကားက သရဲဟာသကားပုံစံကိုမှ ထူးခြားမှုလေးတွေပါပါတယ်။ ထိတ်လန့်စရာကတော့ လျှို့ဝှက်ချက်အနေနဲ့ ထည့်ထားပါသေးတယ်။ ၂၀၂၅ ခုနှစ် မတ်လက ရုံတင်စဉ် တစ်ခဏ နက်အားပေးမှုရရှိခဲ့တဲ့ အိမ်မြှောင် ရုပ်ရှင်ဇာတ်ကားကို မကြည့်လိုက်ရတဲ့ပရိသတ်တွေအတွက် ကြောက်လဲကြောက်၊ ရယ်လဲရယ်ရမဲ့ ခံစားမှုတွေကို မကြာခင် အပြည့်အဝ ရှုစားရတော့မှာပါ" ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

အိမ်မြှောင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ကျော်ဗို၊ ဂျိုကာ၊ ကေညီ၊ မိုးညို၊ ၄က်ပျောကြော်၊ ခင်လှိုင်၊ မေမြင့်မိုရ်၊ တက္ကသိုလ် ၇မ်းပုံ၊ ထွန်းပုလဲ ရတနာ၊ အေမီစျာန်၊ ပွင့်၊ ကလေးသရုပ်ဆောင်ဇကရီဇော်နှင့် အခြားအနုပညာရှင်များ သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

Blasphemous ဇာတ်ကားတွင် ဂျို့ဟက်ချာဆန်၊ ကလိုက်အိုဝင်၊ ကာရင်ဂျီလန်တို့ ပါဝင်မည်ဖြစ်

နယူးယောက် ဖေဖော်ဝါရီ ၁၃

Blasphemous အမည်ရှိ သဘာဝလွန် လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်တွင် မင်းသားဂျို့ဟက်ချာဆန်၊ ကလိုက်အိုဝင်၊ မင်းသမီး ကာရင်ဂျီလန်တို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၂ ရက် သတင်းများအရ သိရသည်။

Blasphemous ဇာတ်ကားသည် နတ်ဆိုးမိစ္ဆာ ပူးကပ်ခံထားရသည့် အမျိုးသမီးတစ်ဦးကိုယ်ထဲမှ နတ်ဆိုးကို နှင်ရန် လုံခြုံသည့်နေရာသို့ ပို့ဆောင်ပေးရမည့် ခရစ်ယာန် ဘုန်းတော်ကြီးနှစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Blasphemous ဇာတ်ကားကို ဇာတ်ညွှန်းရေးဆရာ လုကီပီအိုထရိုစကီးက ဒါရိုက်တာအဖြစ် ပွဲဦးထွက် တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး လုကီပီအိုထရိုစကီးသည် Hellraiser ဇာတ်ကားနှင့် She Rides Shotgun ဇာတ်ကားများ အတွက် ဝတ္ထုဇာတ်ညွှန်းများကို ရေးသားပေးခဲ့သူဖြစ်သည်။

Blasphemous ဇာတ်ကား အတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း လုကီပီအိုထရိုစကီးက ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

ဧရာဝတီရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှိရေလျှံ ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဧရာဝတီရုပ်ရှင် ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှိရေလျှံရုပ်ရှင်ဇာတ်ကား Premiere Show ကို ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှိရေလျှံ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ရာဇဝင်ကိုက ရေးသားထားပြီး ရာဇဝင်ကိုနှင့် လူညီချောတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ဧရာဝတီရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"လူငယ်ကြိုက် အချစ်ဟာသ ဇာတ်မြူးလေးပါ။ ပေ့ါပေ့ါပါးပါး တဟားဟားရယ်ရမဲ့ ဇာတ်ကားလေးပါ။ ဟာသဇာတ်လမ်းကြိုက်တဲ့သူတွေအတွက် အမှတ်တရ ဖြစ်စေမဲ့ ဇာတ်လမ်းမျိုးလေးပါ။ လူငယ်တွေကြားထဲက သဘာဝ အလွဲလေးတွေ၊ ဟာသလေးတွေကို အမှတ်တရစုစည်းထားတဲ့ ဇာတ်လမ်းမျိုးပါ"ဟု ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြသည်။

ရုပ်ရှိရေလျှံ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ တိုင်ရွှန်၊ ထူးအောင်၊ ဆင်မ၊ ခြူးလေး၊ စိုးမိုးကြည်၊ သင်းသဲဗို၊ ရွှေပုံ၊ ဇည့်သည်သရုပ်ဆောင် ရှိန်းတင့်ထူး၊ မိုးပြည့်ပြည့်မောင်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

Thabaung Township completes cultivation of paddy on more than 80,000 acres of farmlands

Photo shows a newly cultivated paddy field.

Thabaung February 13

Local farmers of Thabaung Township of Ayeyawady Region have planted 87,745 acres of paddy this year, according to Pathein District Agriculture Department.

During this year's summer cropping season, a total of 94,002 acres of paddy were targeted for cultivation in Thabaung Township. Planting began in the second week of November 2025, and as of today, paddy has been successfully planted on up to 87,745 acres. It is reported that local farmers and relevant departments are working together to exceed the planned cultivation target for these paddy crops.

"Even before planting began this year in Thabaung Township, agricultural techniques were provided in advance to support paddy cultivation," said Daw Aye Aye Mu, Head of the Pathein District Department of Agriculture. "In addition, the chemical fertilizers required to ensure good yields from the summer paddy grown by farmers were also supplied. Field-based extension and awareness activities were carried out to enable farmers to use fertilizers in line with recommended agricultural practices. At present, summer paddy cultivation is expected to exceed 94,000 acres, and efforts are continuing to ensure both high yields and quality paddy," she explained.

In Thabaung Township, the most commonly cultivated paddy varieties include 90-day varieties, GW-11, Saphotha, GW-1, Byaw Thukhan, and Thai Baykyar. These varieties are reported to offer advantages such as strong market demand, good grain quality, and high yields.

"We selected high-yield paddy varieties for cultivation this year. The Department of Agriculture provided support so that fertilizers and other agricultural technologies could be properly used. We planted varieties such as Sin Thukha and double-cropping paddy. This year, the weather during the summer paddy growing season has been favorable, so cultivation has been proceeding without major difficulties," said U Ohn Htwe, a farmer from Thabaung Township.

Kyaw Kyaw Lin

Egypt announces new gas, oil discoveries in Western Desert

Cairo February 13

Egypt's Petroleum Ministry on Thursday announced new gas and oil discoveries in the Western Desert, with an expected daily output of about 34 million standard cubic feet, alongside over 5,200 barrels of crude oil and condensates.

The discoveries, made by four petroleum sector companies, are part of the ministry's ongoing efforts to offset natural production declines in older wells, reduce import bills, and boost domestic energy output.

Khalda Petroleum Company, a major operator in Egypt's energy sector, discovered two new gas wells.

The first exploratory well, the North Opera-2, located in the Matrouh Development area, is expected to produce 21.15 million standard cubic feet of natural gas and 3,274 barrels of condensate per day. The well is set to begin production by mid-February.

The second well, West El Dabaa-2x in the West El Dabaa concession, is testing at 4.15 million standard cubic feet of natural gas and 336 barrels of condensate per day.

Another well, GPD-1X, was discovered by General Petroleum Company (GPC), an Egyptian national company, in the Sinan development area. It has already been tied into production with an expected daily output of 625 barrels of oil.

Xinhua

Phaungpyin Township grow more than 10,000 acres of groundnut

Phaungpyin February 13

Statistics of Mawlaik District Agriculture Department stated that local farmers planted 10,944 acres of groundnut in Phaungpyin Township of Sagaing Region this year.

During the 2025-2026 winter cropping season, Phaungpyin Township has planned to cultivate 11,516 acres of groundnut. Cultivation began in October 2025, and as of now, 10,944 acres have already been planted, according to reports.

"In the winter cropping season in Phaungpyin Township, 11,516 acres of groundnut were targeted for cultivation, and 10,944 acres have been planted. Groundnut cultivation is progressing successfully and showing good results. As an oilseed crop, it is in a favorable condition, and groundnut cultivation has been improving year by year," said Daw Kywe Kywe Hlaing, District Head of the Department of Agriculture in Mawlaik District.

In Phaungpyin Township, groundnut cultivation requires one and a half baskets of seed per acre. Including the costs of seed, labour charge, fertilizers, and pesticides, total cultivation expenses exceed 200,000 kyat per acre. Average yields are more than 50 baskets per acre.

To ensure successful groundnut production, prevent pest and disease infestations, and keep fields free from weeds, staff members from the Township Department of Agriculture are conducting regular field inspections and maintaining monitoring records for the crops. 206

A thriving groundnut plantation.

EU moves to speed up single market, eyes smaller-group cooperation

Brussels February 13

European Union (EU) leaders on Thursday agreed to speed up efforts to strengthen the bloc's single market, with enhanced cooperation among at least nine member states possible if progress stalls, European Council President Antonio Costa and European Commission President Ursula von der Leyen said.

Speaking after an informal retreat of EU leaders in Brussels, Costa said there was broad consensus on advancing toward "one market for one Europe," underlining the urgency of the process and calling for concrete steps in 2026 and 2027.

"We all agree with the importance of moving forward quickly this year," he said. "To make sure our companies can operate seamlessly across our 27 member states with a simple and single set of corporate rules."

Von der Leyen said she would present a "One Europe, One Market Roadmap and Action Plan" in March, outlining specific measures and a timetable for implementation.

She emphasized that a fully functioning single market requires a deep and liquid capital market. "Here we agreed that we want to be done with phase one of the Savings and Investment Union, which includes the market integration, the supervision and the securitization, by June," she said.

Xinhua

This photo taken on Feb. 12, 2026 shows an informal retreat of European Union leaders at Alden Biesen castle in Belgium.

Chickpea planted more than 9,000 acres of croplands in Kanbalu Township

Kanbalu February 13

Local farmers could grow 6,952 acres of chickpea as cold season in Kanbalu Township of Sagaing Region, according to the township Agriculture Department.

During the 2025-2026 winter cropping season, Kanbalu Township has planned to cultivate 7,089 acres of chickpea. Cultivation began in October 2025, and as of now, a total of 6,952 acres have already been planted,.

"In the winter cropping season in Kanbalu Township, a total of 7,089 acres of chickpea were targeted for cultivation, and 6,952 acres have already been planted. Chickpea cultivation has been improving year by year. To ensure good yields and quality of pulse crops, we are working closely with farmers to provide high-quality seed varieties, necessary inputs, and post-harvest technology training," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

For chickpea cultivation, farmers select locally suitable, high-yielding varieties such as Yezin-8 and Yezin-11. The cultivation cost per acre exceeds K300,000, according to available information.

In Kanbalu Township, during the winter cropping season, efforts are being made in cooperation with farmers to improve the yield and quality of various pulse crops by supplying quality seeds, agricultural inputs, and post-harvest technologies. In addition, awareness-raising activities are being carried out in collaboration with model farmers to encourage the use of beneficial Trichoderma fungi during pulse crop cultivation, it is reported.

Sagaing Region is the leading region nationwide in terms of cultivated area for pulse crops. In addition to being grown as a main crop, pulses can also be cultivated as double or intercropped crops, making them an important income-generating crop for farmers. 206

Farmers strive for expansion of sown acreage for onions in Monywa District

Photo shows a large stretch of onion cultivation.

Monywa February 13

Agriultural data of Monywa District Agriculture Department stated that local farmers could expand sown acreage of onions in Monywa District of Sagaing Region this year.

During the 2025-2026 winter crop cultivation season, Monywa District earmarked 11,233 acres for onion cultivation. Planting began in October 2025, and as of today, 7,860 acres have been planted in Monywa Township, 3,365 acres in Budalin Township, 269 acres in Ayadaw Township, and 655 acres in ChaungU Township, bringing the total planted area to 12,149 acres, according to reports.

"During the winter crop cultivation season in Monywa District, 11,233 acres were planned for onion cultivation, and planting has been completed on 12,149 acres. Cultivation has exceeded the original target acreage. Onion cultivation is proceeding under normal conditions, and efforts are also being made to link farmers with markets to secure favorable prices," said Daw San San Myint, District Head of the Monywa District Department of Agriculture.

For the 2025-2026 winter crop season, township-level targets for onion cultivation in Monywa District were set at 7,350 acres in Monywa Township, 3,100 acres in Budalin Township, 263 acres in Ayadaw Township, and 520 acres in ChaungU Township, totalling 11,233 acres, it is learned.

In Monywa District, the respective Township Departments of Agriculture are supporting onion farmers by facilitating market linkages to obtain better prices, providing technical guidance on long-term storage of onions, promoting cultivation under the GAP (Good Agricultural Practices) system, and assisting in the production of high-quality onions, according to reports.

Onion farmers reportedly incur production costs of around K1.8 million per acre, with an average yield of about 5,000 viss per acre.

In Sagaing Region, onions are widely cultivated, and the townships with the largest onion-growing areas include Monywa, Yinmabin, ChaungU, Shwebo, and Myinmu. 206

Sweet corns planted in Ngaputaw Township this winter

Ngaputaw February 13

Local farmers cultivated 3,766 acres of sweet corns as cold season crops in Ngaputaw Township of Ayeyawady Region this year, according to the township Agriculture Department.

In Ngaputaw Township, during this year's winter cropping season, a total of 3,766 acres of sweet corn were earmarked for cultivation. Planting began in the first week of October 2025, and as of today, all designated acres have been fully planted.

"During the winter cropping season, we carried out advance preparations by providing the necessary technologies and other forms of assistance so that farmers could cultivate maize and other winter crops without difficulty," said U San Win, Township Head of the Department of Agriculture in Ngaputaw Township.

"This year, sweet corn was cultivated on the planned 3,766 acres. To ensure full completion of planting, good yields, and quality production, the Department of Agriculture and relevant departments worked together to provide proper cultivation techniques and other required support. Compared with previous years, systematic measures were also implemented to improve yields and quality and to prevent pest infestations. At present, planting of sweet corn has been completed on 100 per cent of the targeted acreage," he said.

Suring this year's monsoon cropping season, the Department of Agriculture has been carrying out field-based farmer education activities in Ngaputaw Township to enable smooth cultivation of sweet corn, prevent pest threats such as leaf-rolling caterpillars, leaf-eating insects, and cutworms, and to ensure good yields and quality production of sweet corns crops.

Kyaw Kyaw Lin

Clementine fruits in high demand at domestic market in Hinthada Township

Hinthada February 13

Purchasing demand of climentine fruits is high at the domestic market in Hinthada Township of Ayeyawady Region, said Daw Htay Htay, the owner of fruit trading wholesale centre in Hinthada Township.

At the Hinthada Township fruit trading market, clementine fruits (locally known as pyae lemon) have seen strong demand and active trading since the second week of January this year and continuing to the present, according to reports. Prices for these clementines are currently ranging from K19,500 to K27,500 per viss, depending on quality.

"Sales of clementines arriving at the Hinthada Township market have been strong," said Daw Htay Htay, a fruit trader from Hinthada Township. "Demand for clementines is high, which is why trading has been brisk. Higher-quality fruit fetches better prices. The clementines currently being traded are domestically grown and systematically cultivated products. At present, clementines are performing better in terms of price compared with other fruits in the market," she said.

In Hinthada Township, organically grown clementines are the main products being traded. As sales of these clementines have improved, growers, transporters, cargo truck drivers, and loading and unloading workers are all benefiting. Kyaw Kyaw Lin

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Vegetable plantations harvested in Pwintbyu Township

Pwintbyu February 13

Local farmers harvested all plantations of vegetables planted in cold season in Pwintbyu Township of Magway Region, according to the township Agriculture Department.

During the winter crop cultivation season in Pwintbyu Township, a total of 1,865 acres of vegetables were cultivated. Harvesting of these vegetable farms began in December, and as of today, 100 percent of the cultivated acreage has been fully harvested. Average yields are reported at 3,690 viss of vegetables per acre.

"During the winter crop cultivation season in Pwintbyu Township, 1,602 acres were initially earmarked for vegetable cultivation, but actual planting reached 1,865 acres. Harvesting of these vegetable farms began in December 2025, and today all acreage has been fully harvested. In terms of yield, vegetables produced amount to 3,690 viss per acre. The main vegetables cultivated include mustard greens, chilli, coriander, potatoes, cabbage, cauliflower, eggplant, white radish, cucumber, bottle gourd, pumpkin, okra, long bean, and water spinach. To ensure that all vegetables are grown using the GAP (Good Agricultural Practices) system, with minimal chemical residues and in a health-compliant manner, technical supervision and on-site guidance were provided," said Daw Moe Moe Wai, Township Head of the Pwintbyu Township Department of Agriculture.

During the winter crop season in Pwintbyu Township, the Township Department of Agriculture conducted field-based awareness and extension activities for vegetable farmers to ensure correct cultivation techniques, prevent pest and disease infestations, promote the production and use of natural fertilizers and natural pesticides, and enable the expansion of vegetable cultivation acreage.

If vegetables are cultivated with good yields and quality, they can ensure sufficient local consumption while surplus produce can be sold, generating income and contributing to socio-economic development. Therefore, efforts should be made to expand vegetable cultivation across all suitable areas, Daw Moe Moe Wai, Township Head of the Pwintbyu Township Department of Agriculture.

Ye Win Naing (NyaungU)

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

Raytheon ကုမ္ပဏီက မျိုးဆက်သစ် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းစနစ်သစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

ကမ္ဘာ့ထိပ်တန်း ကာကွယ်ရေးနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သည့် Raytheon သည် ၎င်းတို့၏ ဒရုန်းရန်ကာကွယ်ရေးစနစ်၏ မျိုးဆက်သစ် Coyote Block 3NK ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်းထုတ်ပြန်ကြေညာခဲ့သည်ဟု Defence Blog သတင်းဌာနက ဖေဖော်ဝါရီ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ စမ်းသပ်မှုတွင် အဓိကထူးခြားချက်မှာ Non-kinetic ဟု ခေါ်ဆိုသည့် တိုက်ရိုက်ထိမှန် ပေါက်ကွဲစေခြင်းမျိုး မဟုတ်သော နည်းလမ်းဖြင့် ရန်သူ့ဒရုန်းများကို ဖျက်ဆီးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

Coyote Block 3NK ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း၏ စွမ်းဆောင်ရည်များမှာ ကောင်းကင်ယံတွင် လှည့်ပတ်ပျံသန်းနိုင်စွမ်းရှိပြီး ရန်သူ့ဒရုန်းအုပ်စုလိုက် ကျူးကျော်လာမှုများကို တစ်ပြိုင်နက်တည်း ဟန့်တားဖျက်ဆီးနိုင်သည်။ တိုက်ရိုက်ပေါက်ကွဲမှုမရှိသော နည်းပညာကို အသုံးပြုထားသဖြင့် ပေါက်ကွဲအားကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ထိခိုက်မှုများကို အနည်းဆုံးဖြစ်အောင် လျှော့ချထားနိုင်သည်။ ထို့ပြင် စစ်ဆင်ရေးတာဝန်ပြီးဆုံးသွားပါက အဆိုပါဒရုန်းကို ပြန်လည်ခေါ်ယူနိုင်ပြီး နောက်ထပ်တာဝန်များအတွက် ထပ်မံအသုံးပြုနိုင်သည့် အားသာချက်ရှိနေသည်။ Raytheon ကုမ္ပဏီထုတ် Coyote ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများသည် လက်ရှိစစ်မြေပြင်များတွင် လက်တွေ့အသုံးချနေသည့် စနစ်များဖြစ်ပြီး ယနေ့ထိ ရန်သူ့ဒရုန်းပေါင်း ၁၀၀ ကျော်ကို တိုက်ပွဲဝင်ပတ်ဝန်းကျင် အခြေအနေများ၌ အောင်မြင်စွာ ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ကုမ္ပဏီက အတည်ပြုထားသည်။

"တိုက်ပွဲဝင်စစ်မြေပြင်မှာ လက်တွေ့စမ်းသပ်ပြီးဖြစ်တဲ့ Coyote ရဲ့ စွမ်းဆောင်ရည်တွေကို ကျွန်တော်တို့ ဆက်လက်မြှင့်တင်နေပါတယ်။ ဒါမှသာ ကမ္ဘာတစ်ဝန်းက မဟာမိတ်နိုင်ငံတွေအနေနဲ့ ပိုမိုဆန်းသစ်လာတဲ့ ဒရုန်းအန္တရာယ်တွေကို ရင်ဆိုင်ရာမှာ ကုန်ကျစရိတ်နည်းပါးပြီး စစ်ဆင်ရေးပိုင်းမှာ အသာစီးရရှိမှာဖြစ်ပါတယ်"ဟု Raytheon ကုမ္ပဏီကြည်းတပ်နှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်ဌာန၏ ဥက္ကဋ္ဌဖြစ်သူ Tom Laliberty က ပြောကြားခဲ့သည်။

Coyote Block 3NK ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် Raytheon ကုမ္ပဏီ၏ အလွှာစုံဒရုန်းရန်ကာကွယ်ရေးကဏ္ဍတွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကြီးမားသော လေကြောင်းရန်ကာကွယ်ရေး ကွန်ရက်ကြီးများအတွင်း ပေါင်းစပ်အသုံးပြုရသည့် လက်နက်စနစ်တစ်ခုဖြစ်သည်။ ပုံမှန်အားဖြင့် မြေပြင်အခြေစိုက် ဒုံးပစ်လွှတ်စင်များမှ အသုံးပြုရပြီး အနီးကပ်ကြားဖြတ်ဟန့်တားရေးစနစ်များထက် ပိုမိုဝေးကွာသော အကွာအဝေးမှနေ၍ ရန်သူ့ဒရုန်းများကို တိုက်ခိုက် ချေမှုန်းနိုင်သည်။

လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ ဒရုန်းရန်ကာကွယ်ရေးစနစ်များ ဝယ်လိုအား သိသိသာသာ မြင့်တက်လာနေသဖြင့် Raytheon ကုမ္ပဏီအနေဖြင့် ၎င်းတို့၏ Coyote ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် ပိုမိုဆန်းသစ်လာမည့် မျိုးဆက်သစ် ဒရုန်းခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် ပစ်လွှတ်မှုစနစ်ကို ပိုမိုမြန်ဆန်စေခြင်း၊ ပျံသန်းမှုအရှိန်နှင့် အကွာအဝေးကို တိုးမြှင့်ခြင်း၊ ပိုမိုမြင့်မားသော အမြင့်ပေများထိ ရောက်ရှိစေခြင်းစသည့် အဆင့်မြှင့်တင်မှုများကို အားဖြည့်ဆောင်ရွက်ထားသည်။ ဤကဲ့သို့ စွမ်းဆောင်ရည် မြှင့်တင်ထားခြင်းကြောင့် ဝေးကွာသောအရပ်မှလေးလံသော လက်နက်ခဲယမ်းများ သယ်ဆောင်လာသည့် ရန်သူ့ဒရုန်းကြီးများကိုပင် လမ်းခုလတ်၌ ကြိုတင် ကြားဖြတ်ဟန့်တားနိုင်မည်ဖြစ်ရာ ခေတ်သစ်စစ်မြေပြင်၏ ပြောင်းလဲလာသော စိန်ခေါ်မှုများအတွက် စိတ်ချရသည့် ကာကွယ်ရေးဒိုင်းတစ်ခု ဖြစ်လာမည် ဖြစ်ကြောင်း သိရသည်။

Raytheon tests new version of Coyote counter-drone system ကို ဘာသာပြန်ဆိုထားပါသည်။

စစ်မြေပြင်တွင် မနားတမ်းပျံသန်းနိုင်မည့် ဒရုန်းနည်းပညာသစ်ကို တောင်ကိုရီးယားဖော်ဆောင်

တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးကဏ္ဍတွင် အဆက်မပြတ်ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်း (ISR) လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်အတွက် မနားတမ်း ပျံသန်းနိုင်စွမ်းရှိသော ဒရုန်းနည်းပညာသစ်တစ်ခုကို တည်ဆောက်ရန် အမေရိကန်အခြေစိုက် GuRu Wireless ကုမ္ပဏီ၊ တောင်ကိုရီးယားအခြေစိုက် Uniquest Corporation နှင့် ဗြိတိန်အခြေစိုက် Arion ကုမ္ပဏီတို့ ပူးပေါင်းခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ လက်ရှိ အသေးစားဒရုန်းများ (sUAS) ရင်ဆိုင်နေရသည့် ဘက်ထရီသက်တမ်းအကန့်အသတ်ကြောင့် ခဏခဏ ပြန်လည် ဆင်းသက်ရခြင်းနှင့် ဘက်ထရီလဲလှယ်ရခြင်းကဲ့သို့ အားနည်းချက်များကို အပြီးတိုင်ဖြေရှင်းရန်ဖြစ်သည်။

အဆိုပါပူးပေါင်းအဖွဲ့သည် Arion ကုမ္ပဏီ၏ အဆင့်မြင့်ကိုယ်ပိုင်ပျံသန်းမှုစနစ်နှင့် GuRu Wireless ကုမ္ပဏီ၏ 24 GHz ကြိုးမဲ့စွမ်းအင်စနစ်ကို ပေါင်းစပ်သွားမည်ဖြစ်သည်။ ဤနည်းပညာတွင် မြေပြင်အခြေစိုက် စွမ်းအင်လွှတ်စင်မှ လှိုင်းများ ထုတ်လွှတ်ပေးမည်ဖြစ်ပြီး ပျံသန်းနေသော ဒရုန်းပေါ်ရှိ လက်ခံစနစ်က ထိုလှိုင်းများကို ဖမ်းယူကာ ဘက်ထရီအား ပြန်လည်ဖြည့်သွင်းပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒရုန်းများသည် ဆင်းသက်ရန်မလိုဘဲ ကောင်းကင်ယံထက်တွင် အချိန်ကြာမြင့်စွာ မနားတမ်း ပျံသန်းနေနိုင်မည်ဖြစ်သည်။

ဤပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတကာမှ ထိပ်တန်းကုမ္ပဏီ သုံးခု၏ ပူးပေါင်းမှုဖြစ်သည်။ အမေရိကန်နိုင်ငံ GuRu Wireless ကုမ္ပဏီသည် ကာကွယ်ရေးကဏ္ဍအတွက် ကြိုးမဲ့စွမ်းအင်လွှဲပြောင်းမှု နည်းပညာများပိုင်ဆိုင်ထားသည်။ တောင်ကိုရီးယားနိုင်ငံ Uniquest Corporation ကုမ္ပဏီက ဒေသတွင်း ကာကွယ်ရေးကဏ္ဍနှင့် နည်းပညာပေါင်းစပ်မှုအတွက် တာဝန်ယူထားပြီး ဗြိတိန် Arion ကုမ္ပဏီက AI စနစ်သုံး ဒရုန်းနည်းပညာများ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

ယခုလုပ်ငန်းစဉ်ကို အဆင့်လိုက် ဆောင်ရွက်သွားမည်ဖြစ်ပြီး Drone Show Korea 2026 ပြပွဲတွင် အဓိကပြသသွားမည်ဖြစ်သည်။ ထိုပြပွဲတွင် မြေပြင်စွမ်းအင်လွှတ်စင် တစ်ခုတည်းမှနေ၍ ပျံသန်းနေသော ဒရုန်းနှစ်စင်းကို တစ်ပြိုင်နက်တည်း ကြိုးမဲ့စွမ်းအင်ပေးပို့ကာ မည်သို့မနားတမ်း ပျံသန်းနိုင်သည်ကို လက်တွေ့ပြသမည်ဖြစ်သည်။

"ဒီနည်းပညာက စစ်မြေပြင်မှာ ဒရုန်းတွေရဲ့စွမ်းဆောင်ရည်ကို တိုက်ရိုက်မြှင့်တင်ပေးနိုင်မှာပါ။ ဘက်ထရီ ကန့်သတ်ချက်ကြောင့် စစ်ဆင်ရေးတွေရပ်တန့်သွားတာမျိုး မရှိတော့ဘဲ ထိရောက်တဲ့ အသာစီးရမှုကို ရရှိစေမှာဖြစ်ပါတယ်"ဟု Uniquest ကုမ္ပဏီ၏ ကာကွယ်ရေးလုပ်ငန်းဆိုင်ရာ ဒါရိုက်တာ Shin Hee-joo က ပြောကြားခဲ့သည်။

ယနေ့ခေတ် စစ်မဟာဗျူဟာများတွင် ဒရုန်းနည်းပညာသည် အဆုံးအဖြတ်ပေးနိုင်သောကဏ္ဍသို့ ရောက်ရှိလာသော်လည်း ဘက်ထရီသက်တမ်း အကန့်အသတ်မှာ နည်းပညာရှင်များအတွက် အဓိကစိန်ခေါ်မှုတစ်ခု ဖြစ်နေခဲ့သည်။ ယခု အမေရိကန်၊ ကိုရီးယားနှင့် ဗြိတိန်တို့ ပူးပေါင်းဖော်ဆောင်လိုက်သည့် ကြိုးမဲ့စွမ်းအင်ပေးပို့မှုစနစ်သည် ထိုအတားအဆီးကို ကျော်လွှားနိုင်ခဲ့ရုံမျှမက စစ်မြေပြင်၏ ကင်းထောက်မှုစွမ်းရည်ကို ၂၄ နာရီ မနားတမ်းအဆင့်သို့ မြှင့်တင်ပေးလိုက်ခြင်းဖြစ်သည်။ ဤသည်မှာ လူသားတို့၏ သိပ္ပံပညာက စစ်မြေပြင်၏ အကန့်အသတ်များကို နည်းပညာဖြင့် အောင်မြင်စွာ တော်လှန်လိုက်ခြင်းဖြစ်ပြီး အနာဂတ်တွင် စွမ်းအင်ကုန်ခန်းခြင်းမရှိသော ကောင်းကင်ယံ ထောက်လှမ်းရေး ကွန်ရက်ကို ပိုင်ဆိုင်နိုင်သည့် တပ်မတော်များအတွက် အသာစီးရမှုကို အာမခံချက်ပေးလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

S. Korea to Develop Long-Endurance Drone for Continuous ISR Operations ကိုဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဇကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

မင်းကင်း ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ဇကအားလုံးရာနှုန်းပြည့် စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် နေကြာ ၁၆၃၃ ဇက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၆၃၃၇ ဇက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၆၃၃ ဇက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၁၆၃၃၇ ဇက စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေး နေပါတယ်။ နေကြာရဲ့ တစ်ဇကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာ စိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပိန်းဥ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ပန်းတနော် ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလ အတွင်း ပိန်းဥပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပိန်းဥပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ပိန်းဥပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ပိန်းဥပိဿာချိန် ၆၆၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်က တင်ပို့ခဲ့တဲ့ ပိန်းဥတွေက အရည်အသွေးကောင်းမွန်ပါတယ်။ ပန်းတနော်မြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဒေသထွက် ပိန်းဥတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူအားများ

နေလို့ တင်ပို့အားတက်ခဲ့တာ ဖြစ်ပါတယ်"ဟု ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလ အတွင်း တင်ပို့ရောင်းချခဲ့သည့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၇၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပိန်းဥများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အင်္ဂါးလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

စလင်းမြို့နယ် ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စလင်း ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစု ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ ကျေးလက်နှင့် မြို့ပြကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ မကျီးပင်ပုကျေးရွာအုပ်စု ကူတို(မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်း၌ တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကူတို(မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများအပေါ် လိုက်နာ ဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကူတို(မ)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား ၁၄၄ ဦးကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းသန်းစိုး

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

သနပ်ပင်မြို့နယ် ကသစ်ဝိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သနပ်ပင် ဖေဖော်ဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကသစ်ဝိုင်ကျေးရွာအုပ်စု ကသစ်ဝိုင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ နှင့်အတူ ကသစ်ဝိုင်ကျေးရွာ၌ ဇကာဒသမအကြိမ်အဖြစ်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၄၁၇ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၀၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ငွေကျပ် ၅၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

နွဲ့ယဉ်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီ။ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း သုံးပိုင်းဖြင့်ဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ ယခင်ရွေးကောက်ပွဲများနှင့် မတူညီဘဲ အခက်အခဲအမျိုးမျိုးကြားမှ ဆောင်ရွက်ခဲ့ရသော်လည်း စိတ်အားထက်သန်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများ၊ နိုင်ငံသားတစ်ယောက်အနေဖြင့် တာဝန်ကျေပွန်စွာ၊ စိတ်ပါဝင်စားစွာလာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ယခုကဲ့သို့ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပေးနိုင်ရန် ဦးစားပေးအနေဖြင့် မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်စေရေး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ လူဦးရေစာရင်းများအပေါ်အခြေခံ၍ မဲဆန္ဒရှင်စာရင်းပြုစုခဲ့ပြီး မဲဆန္ဒရှင်များ လာရောက်ကြည့်ရှု၍ဖြည့်စွက်ပြင်ဆင်ခြင်းများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲမတိုင်မီ သုံးကြိမ်တိုင်ကပ်ထားကြေညာပေးခြင်း၊ မဲစာရင်းများမှန်ကန်မှုရှိရေး နိုင်ငံရေးပါတီများကိုဖိတ်ခေါ်၍ ပူးပေါင်းစစ်ခြင်းများကို စနစ်တကျကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

မဲဆွယ်စည်းရုံးခြင်းနှင့်စပ်လျဉ်း၍ ရက်ပေါင်း ၆၀ ခွင့်ပြုပေးခဲ့ပြီး နိုင်ငံရေးပါတီများ၏တင်ပြချက်အရ ရွေးကောက်ပွဲအပိုင်းလိုက်ထပ်မံခွင့်ပြုပေးခဲ့ပါကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက် ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့ကြသည့် အတွက်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်တွင်းပြည်ပမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်အတွက် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖြစ်စေရေးဆောင်ရွက်ခဲ့ပါကြောင်း၊ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များကို ယခင်ရွေးကောက်ပွဲများနှင့်မတူဘဲ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကကြီးကြပ်စောင့်ကြည့်ခြင်းများဆောင်ရွက်ခဲ့ပါကြောင်း၊ ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲအပိုင်းလိုက် နိုင်ငံရေးပါတီများကိုအကြောင်းကြားစာများပေးပို့စေခဲ့ပြီး လာရောက်ကြည့်ရှုသည့် ကိုယ်စားလှယ်စာရင်းများကိုပါ တင်ပြစေခဲ့ပါကြောင်း၊ ရွေးကောက်ပွဲ မဲမသမာမှုမဖြစ်စေရေး အလေးထားဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ယခုနှစ် ဇန်နဝါရီ ၂၅ ရက်ထိ ကျင်းပခဲ့သည့် ရွေးကောက်ပွဲအပိုင်း သုံးပိုင်းလုံးတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိပြီး မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိ၍ မဲပေးမှု ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲရလဒ်များကို ရွေးကောက်ပွဲအပိုင်းလိုက် ထုတ်ပြန်ကြေညာပေးခဲ့ပြီး အနိုင်ရကိုယ်စားလှယ်စာရင်းများအပြင် FPTP မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်တစ်ဦးချင်းဆန္ဒမဲရရှိမှုအခြေအနေ၊PR မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်တွက်ချက်မှုပုံစံတို့နှင့်အတူ ပါတီအလိုက် ကိုယ်စားလှယ်ရရှိမှ အခြေအနေများကို တစ်ပြိုင်နက်ထုတ်ပြန်ကြေညာပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် မဲရုံတစ်ရုံချင်းစီ အလိုက် စာရင်းများကိုပါရယူ၍ ရလဒ်တွက်ချက်ခြင်းများကို ကော်မရှင်အဖွဲ့ခွဲများနည်းတူဆောင်ရွက်ခဲ့ပြီး စနစ်တကျထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲရလဒ်အသေးစိတ်များကို နိုင်ငံရေးပါတီများမှခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ လေ့လာကြည့်ရှုနိုင်ရန် ပွင့်လင်းမြင်သာစွာ ခင်းကျင်းပြသထားပါကြောင်း၊မိမိပါတီ၊မိမိကိုယ်စားလှယ်လောင်းများ နစ်နာမှုရှိသည်ဟုယူဆပါက သတ်မှတ်ကာလအတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအပိုင်းလိုက် ပိုမိုပြည့်စုံ၍ စနစ်တကျဖြစ်စေရန်၊ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေးနှင့် လိုအပ်မှုများမရှိစေရန် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များ ကိုဖိတ်ကြား၍ ရွေးကောက်ပွဲအပိုင်းအားလုံးကိုစောင့်ကြည့်လေ့လာခဲ့ကြပြီး လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့်ရွေးကောက်ပွဲ၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အောင်မြင်သည့် ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့ကြပါကြောင်း၊ နိုင်ငံတကာနှင့်ပြည်တွင်းသတင်းမီဒီယာများမှ သတင်းမီဒီယာများကလည်း ရွေးကောက်ပွဲတွင်လွတ်လပ်စွာသတင်းရယူခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ၏ စည်းကမ်းစနစ်တကျဖြင့် အဆင်ပြေစွာ လာရောက်မဲပေးခဲ့မှုများကို ရိုက်ကူးထုတ်လွှင့်ဖော်ပြခဲ့ကြပါကြောင်း။

ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ်(MMP) ကျင့်သုံးခြင်းအားဖြင့် ရွေးကောက်တင်မြှောက်ခံရသည့်ပါတီအရေအတွက် မြင့်မားလာပါကြောင်း၊ နိုင်ငံရေးပါတီ ၃၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်သည့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ပါတီ ၉၁ ပါတီဝင်ရောက်ယှဉ်ပြိုင်သည့် ၂၀၁၅ ရွေးကောက်ပွဲတို့တွင် နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ်လောင်းများသာ ရွေးကောက်ခံခဲ့ရသော်လည်း ယခုရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီ ၅၇ ပါတီ အနက် နိုင်ငံရေးပါတီ ၃၁ ပါတီမှ လွတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလလွတ်တော်ကိုယ်စားလှယ် တစ်ဦးတို့ ရွေးကောက်တင်မြှောက်ခံခဲ့ရပါကြောင်း၊ ထို့ကြောင့် ယခင်ရွေးကောက်ပွဲများထက် တိုင်းရင်းသားပါတီများ၊ ပါတီငယ်များ လွတ်တော်အတွင်း ကိုယ်စားပြုခွင့်ပိုမိုရရှိလာပါကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ ကျင်းပပြီးစီးသွားသော်လည်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် အမြဲတမ်းရှင်သန်နေသည့် မဲဆန္ဒရှင်စာရင်းဖြစ်စေရေးဆောင်ရွက်ခြင်း၊ ကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲအပေါ်တွင် အားသာချက်၊ အားနည်းချက်များကိုလည်း ပြန်လည်သုံးသပ်လျက်ရှိပြီး ဥပဒေ၊ နည်းဥပဒေပြင်ဆင်ရေးအပါအဝင် လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားမည့်ကိုယ်စားလှယ်နေရာများနှင့် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့သည့် မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးမည့်အချိန်တွင် အဆင်သင့်ဖြစ်နေစေရေး နိုင်ငံရေးပါတီများအနေဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် စဉ်ဆက်မပြတ်ထိတွေ့နေရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ရွေးချယ်မခံရသည့် နိုင်ငံရေးပါတီများအနေဖြင့် လည်း လွတ်တော်ပြင်ပအမျိုးသားနိုင်ငံရေးဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပြည်သူလူထုအကျိုး၊ မဲဆန္ဒရှင်များ၏ အကျိုးကိုဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထု၏ ထောက်ခံအားပေးမှုကိုရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၅ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့်တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ရင်ပြင်၌ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်း၊ စီးပွားချိတ်ဆက်(Business Matching)ပြခန်း ဆက်လက်ပါဝင်ပြသ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်ထိကျင်းပသည့်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း၊ စီးပွားချိတ်ဆက်(Business Matching) ပြခန်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ထုတ်ကုန်များကို လုပ်ငန်းစတင်တည်ထောင်သည့်အချိန်မှစ၍ပြည်တွင်းဈေးကွက်တွင်ရောင်းချခြင်း၊ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်ထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိသည်။

ပြပွဲကာလအတွင်း MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်လက်မှတ်၊အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများ၌ တင်သွင်း၊ တင်ပို့မှုဆိုင်ရာ ထောက်ခံချက်ကိစ္စရပ်များကို ရှင်းလင်းဆောင်ရွက်ပေးသည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ၊လက်ကားဆိုင်များဖြစ်သည့် MaKro ၊ City Mart ၊ One Stop Mart ၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများ ပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ်တစ်ခုစတင်တည်ထောင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေးဆောင်ရွက်ရာတွင် လိုအပ်သည့်ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇ ဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ် စသည့်ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ရင်းနှီးမတည်ငြိမ်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ထုတ်ကုန်များ ပြည်ပဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန်ပေးစေလွှတ်ထား

MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်စျေးရောင်းပွဲတော်ကျင်းပလျက်ရှိသည့် နေပြည်တော်ရင်ပြင် ကွပ်ကဲရေးရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အသေးစား၊ အငယ်စား နှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းရှင်များ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များကို ကိုယ်တိုင်ထုတ်လုပ်နိုင်သည်ထိ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးပညာရှင်များနှင့်တောင်သူများ အတူတကွပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့် စိုက်ပျိုးရေးနည်းပညာများကို ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်ဖြစ်ရမည့်အပြင် အပင်ပေါက်ရောက်မှု ရာခိုင်နှုန်းများသည့်မျိုးစေ့များကို အလေးပေးရွေးချယ်အသုံးပြုရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးပညာရှင်များ အနေဖြင့် သုတေသနလုပ်ငန်းများကို အစဉ်အမြဲဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုးများ၊ဝါပင်များစသည်တို့ကို မီးမရှို့ဘဲလောင်စာတောင့်အဖြစ်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊လုပ်ငန်းရှင်များအနေဖြင့် သုံးစွဲသူများ၀ယ်ယူသည့်ပစ္စည်းများကို ထုတ်လုပ်ရောင်းချနိုင်ရေး စီမံဆောင်ရွက်သင့်ပါကြောင်း၊ MSME ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် MSME များမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကိုသာ ခင်းကျင်းပြသ၊ ရောင်းချသည့် စျေး၀ယ်စင်တာများကိုသာ ဖော်ဆောင်သင့်ပါကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအနေဖြင့် အစွမ်းကုန်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ စက္ကူစက်ရုံ(ရေနီ)၊ မြန်မာနိုင်ငံ၀ါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းတို့မှ တာ၀န်ရှိသူများက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုး၍ စားသုံးဆီကြိတ်ခွဲထုတ်လုပ်နိုင်မှုအခြေအနေ၊အ၀တ်အထည်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၀ါမှ ၀ါ၇မ်း၊ ချည်၊ ပိတ်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်၊ ၀ါးစိုက်ပျိုးအသုံးပြုနိုင်မှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာ၀န်ရှိသူများက အသေးစိတ်ပြန်လည်ဆွေးနွေးဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်က ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်သည့် လုပ်ငန်းများအနေဖြင့် အသုံးပြုသည့် ကုန်ကြမ်းများလုံလောက်မှုရှိမှသာစက်စွမ်းအားပြည့်လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ထို့ကြောင့် ဆီစက်များစက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် နည်းပညာ ဖြန့်ဝေခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း ပြည်တွင်းလိုအပ်ချက်ကိုပြည့်မီအောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထွက်ရှိသည့်သီးနှံများကို လည်း စျေးကွက်ပေါက်စျေးအတိုင်း ဝယ်ယူအသုံးပြုရမည်ဖြစ်ကြောင်း၊ စားသုံးသူများ ဘေးအန္တရယ်ကင်းရှင်းရေးအတွက် ကောင်းမွန်သည့် စိုက်ပျိုးရေးစနစ်၊ ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်တို့နှင့်အညီ တိတိကျကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ ကိန်းဂဏန်းအချက်အလက်များမှန်ကန်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ပြပွဲနှင့် စျေးရောင်းပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ ၁၁ ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများကို အနှစ်သာရရှိစွာ ဆောင်ရွက်မှသာ အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက MSME လုပ်ငန်းရှင်များ၏ အခက်အခဲနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံပေးရေးလမ်းညွှန်မှုပြုသဖြင့် ယခုအသိပညာပေးဆွေးနွေးပွဲများကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ MSME တွင် ထုတ်လုပ်မှု၊ ရောင်းချမှု၊ ဝန်ဆောင်မှု၊ အခြားဟူ၍ ခွဲခြားထားပါကြောင်း၊ MSME များကိုဖွံ့ဖြိုးတိုးတက်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ယခုပြပွဲတွင် ဝန်ကြီးဌာနပြခန်းများကို ထည့်သွင်းပြသထားပါကြောင်း။

ယခုပြပွဲသည် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် မူ၀ါဒများကို လက်တွေ့ အကောင်အထည်ဖော်မှုအဖြစ် ပြည်ထောင်စုအဆင့်ပြပွဲဖြစ်ကြောင်း၊ ပြပွဲတွင်ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ အားနည်းချက်များကို အမြန်ဆုံးပြုပြင်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် တန်ဖိုးကွင်းဆက်တစ်လျှောက်တွင် MSME များမှ ပါ၀င်ဆောင်ရွက်နိုင်သည့် ကဏ္ဍများကို ဖော်ထုတ်သွားရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ စမ်းသပ်ထုတ်လုပ်ခြင်း၊ လိုအပ်ချက်များကို ပြုပြင်ခြင်းစသည့်အဆင့်များ ဖြင့်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိထုတ်ကုန်ပစ္စည်းများကို မူပိုင်ခွင့်ရရှိအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် MSME ထုတ်ကုန်နှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၀န်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယ၀န်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်း၀န်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လုပ်ငန်းရှင်များ၏အခက်အခဲများကို ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များကို ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ MSME ထုတ်ကုန်များသည် မူပိုင်ခွင့်ရရှိရန်အရေးကြီးသဖြင့် ဆွေးနွေးမှုများကို အလေးထားလိုက်နာဆောင်ရွက်သွားရန်နှင့် ရရှိသည့်အသိပညာဗဟုသုတများကို လုပ်ငန်းရှင်အချင်းချင်း ပြန်လည်မျှ၀ေပေးသွားရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးချစ်ဆွေက ဝန်ကြီးဌာနအနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပနှင့်ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လုပ်ငန်းရှင်များ လိုအပ်သည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများ တင်သွင်းခွင့်ရရှိရေးအတွက် သွင်းကုန်လိုင်စင်များရရှိရေး စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့်ထုတ်ကုန်ပစ္စည်းများ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ပို့ကုန်လိုင်စင်ထုတ်ပေးလျက်ရှိပါကြောင်း၊ MSMEများမှ ထုတ်လုပ်သည့်ထုတ်ကုန်ပစ္စည်းများသည် တစ်နှစ်ထက်တစ်နှစ် အရည်အသွေးပိုမိုကောင်းမွန်လာသဖြင့် စျေး၀ယ်စင်တာကြီးများတွင် ယခင်ကထက် ပိုမိုခင်းကျင်းပြသရောင်းချလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များကို ပြည်တွင်းရှိ အထူးစီးပွားရေးဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်အချင်းချင်း ပြည်ပစျေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များ အနေဖြင့် အခက်အခဲများရှိပါက တင်ပြပေးပါရန်နှင့် လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မူပိုင်ခွင့်ဆိုင်ရာနှင့်စပ်လျဉ်း၍ သိရှိသင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းရာ တာ၀န်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ပြည်ပစျေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိသည်။

ပြပွဲဆဌမမြောက်နေ့ဖြစ်သည့် ယနေ့တွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် ၅၆ ဦး၊ ပြည်တွင်းစျေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ လက်လီ၊လက်ကားငါးဆိုင်နှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၃၇ ဦး၊ရင်းနှီးမတည်ငွေချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ ဘဏ် ကိုးခုနှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် ၂၅ ဦး၊ ပြည်ပစျေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လုပ်ငန်းရှင် ၁၁ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်ထိ လုပ်ငန်းစီးပွားချိတ်ဆက်(Business Matching) ပြခန်းတွင် ဝန်ကြီးဌာနများနှင့်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် စုစုပေါင်း ၄၅၄ ဦး၊ ပြည်တွင်းစျေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လက်လီ၊ လက်ကား စုစုပေါင်း ၁၂ ဆိုင်နှင့်တွေ့ဆုံသည့်လုပ်ငန်းရှင် စုစုပေါင်း ၃၀၅ ဦး၊ ရင်းနှီးမတည်ငွေချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ စုစုပေါင်း ဘဏ် ၁၄ ခုနှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် စုစုပေါင်း ၂၃၄ ဦး၊ ပြည်ပစျေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ စုစုပေါင်းလုပ်ငန်းရှင် ၈၂ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ်ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံ့ဝရှောင်ကြဉ်ပါ။

ရှေ့ဖုံးမှအဆက်

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကိုလက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များ အတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး သုံးဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး နှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ ငါန်းဖွန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား ၁၂ ဦး၊ နွားထိုးကြီးမြို့နယ်မှ အမျိုးသား ငါးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး တစ်ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား တစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၃၈ ဦး၊ အမျိုးသမီး သုံးဦး၊ တောင်သာမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသား လေးဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသား လေးဦး၊ အောင်လံမြို့နယ်မှ အမျိုးသား တစ်ဦး၊ သရက်မြို့နယ်မှ အမျိုးသား တစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသား သုံးဦး စုစုပေါင်း အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ကိုးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘ

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်တို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

အုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် ၁၅ လက်၊ RPG တစ်လက်၊ လက်လုပ် သေနတ် နှစ်လက်၊ လက်ပစ်ဗုံးနှင့် ဗုံးသီးမျိုးစုံ ၁၉ လုံး၊ စကားပြောစက် ငါးလုံး၊ ကျည်အိမ် ၃၅ ခု၊ ကျည် ၉၇၂ တောင့်နှင့် ကျည်ကာအင်္ကျီ လေးထည်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ်တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ၁၅ လက်အတွက် ငွေကျပ်သိန်း ၇၅၀၊ RPG သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်း၊ လက်လုပ်သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ငါးသိန်းနှုန်းဖြင့် သေနတ် နှစ်လက်အတွက် ငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံးနှင့် ဗုံးသီးမျိုးစုံ တစ်လုံးစီအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံးနှင့်ဗုံးသီးမျိုးစုံ ၁၉ လုံးအတွက် ငွေကျပ် ၅၇ သိန်း၊ စကားပြောစက် တစ်လုံးနှုန်းအတွက် ဆုကြေးငွေ နှစ်သိန်းနှုန်းဖြင့် စကားပြောစက် ငါးလုံးအတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ ကျည်ကာအင်္ကျီ တစ်ထည်နှုန်းဖြင့် ကျည်ကာအင်္ကျီ လေးထည်အတွက် ဆုကြေးငွေကျပ် ရှစ်သိန်းနှင့် လက်နက် မပါသူများကို တစ်ဦးလျှင်ငွေကျပ် တစ်သိန်းနှုန်းဖြင့် ၁၃၃ ဦးအတွက် ဆုကြေးငွေကျပ် ၁၃၃ သိန်း စုစုပေါင်း ငွေကျပ် ၁၀၄၃ သိန်းနှင့်ထောက်ပံ့ပစ္စည်းများကိုထပ်မံထောက်ပံ့ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ အပ်နှံထားသော လက်နက်ခဲယမ်းများ ကြည့်ရှုစစ်ဆေး၍ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများ အတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများနှင့် ၎င်းတို့၏ မိဘများထံမှ စကားသံများကို လည်း ယခုကဲ့သို့ ကြားသိရပါသည်–

"အကြမ်းဖက်အဖွဲ့အစည်းထဲ ရောက်ရှိရတဲ့အကြောင်းရင်းက ကျွန်တော် အလုပ်လုပ်မယ်ဆိုပြီးတော့ သူငယ်ချင်းတွေနဲ့ ချိတ်ထားပါတယ်။ သူငယ်ချင်းတွေက အကြမ်းဖက်အဖွဲ့အစည်းထဲ သွားမယ် လုပ်ထားပါတယ်။ မသိခဲ့ပါဘူး။ ဟိုရောက်တော့ အကြမ်းဖက်အဖွဲ့အစည်းဖြစ်နေပါတယ်။ ကျွန်တော် အိမ်ပြန်ချင်တယ် ပြောတော့ ကျွန်တော့်ကို ပြန်မပို့ပါဘူး။ အရှင်ထွက်မရှိဘူး အသေထွက်ပဲရှိတယ် လို့ပြောပါတယ်။ နောက်ပြီး ကျွန်တော့်ကိုလဲ ပြေးရင်ပစ်သတ်မယ်၊ မိဘတွေကိုလဲ လိုက်ရှာပြီး သတ်မယ်လို့လဲ ပြောပါတယ်။ အဲ့ဒါကြောင့် ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းထဲ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းနဲ့ တပ်မတော်နဲ့ တိုက်ပွဲတွေ၊ ထိတွေ့မှုတွေရှိပါတယ်။ ဆုတ်ခွာရတဲ့ နယ်မြေတွေလဲ များပါတယ်။ ကျွန်တော်တို့ကို ဆက်ကြေးတွေ ကောက်ခိုင်းပါတယ်။ နွားထိုးကြီးမြို့နယ်ဘေးနားက ရွာနီးစပ်ရာ ရွာတွေအိမ်တွေဆိုရင်လဲ ကောက်ရပါတယ်။ တစ်လကို ငါးသောင်း၊ ခုနစ်သောင်း၊ တစ်သိန်း အဲ့ဒီလိုကောက်ရပါတယ်။ နိုင်ငံခြားမှာသွားပြီး အလုပ်လုပ်တဲ့သူတွေကိုလဲ ကောက်ရပါတယ်။ အဲဒါတွေဆိုရင် တစ်လကို ၁၀ သိန်း၊ ၁၂ သိန်း၊ သိန်း ၃၀ ကောက်ရပါတယ်။ အဲ့လိုမျိုးမပေးဘူး။ သူတို့တောင်းတဲ့အချိန်မပေးဘူး မကြည်ဖြူတဲ့ပုံစံတွေ လုပ်ရင် အဲ့ဒီလူကို ဒလန်ဆိုပြီး သတ်ပါတယ်။ ပြီးရင် မီးရှို့ဖျက်ဆီးပါတယ်။ ဒလန်ဆိုပြီးသတ်တဲ့နေရာမှာလဲ သတ်တဲ့အဖွဲ့က သက်သက်ကိုရှိပါတယ်။ အဲ့ဒါကြောင့်မလို့ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို ကျွန်တော် မကြိုက်ပါဘူး။ တပ်မတော်ထံ လာရင်သတ်မယ်၊ မိဘတွေကို နှိပ်စက်မယ်၊ ကောင်းကောင်းမနေရဘူး၊ ကောင်းကောင်းမစားရဘူး၊ အဲ့ဒီလိုမျိုးတွေလဲ ပြောပါတယ်။ တကယ်တမ်း မဟုတ်ပါဘူး။ လိုလေသေးမရှိအောင် ထားပါတယ်။ နောက်တစ်ခုက ကိုယ့်ညီအစ်ကိုမောင်နှမလို၊ ကိုယ့်တူကိုယ့်သားလိုလဲ စောင့်ရှောက်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်လာတော့လဲ သူတို့က နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပါတယ်။ ဒါကတော့ ကျွန်တော် မျက်မြင်ကိုယ်တွေ့ပါ။ တောထဲကညီအစ်ကိုမောင်နှမတွေ အားလုံးကိုလဲ ကျွန်တော်မှာချင်ပါတယ်။ နီးစပ်ရာ စစ်ကြောင်း၊ နီးစပ်ရာဌာနဆိုင်ရာ၊ နီးစပ်ရာ အရပ်တွေကို သွားပြီးတော့ အမြန်ဆုံး ချိတ်ဆက်ပြီး အလင်းဝင်ဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

"သင်တန်းတက်နေစဉ် ကာလအတွင်းမှာပဲ သင်တန်းဆရာတွေရဲ့ ခွဲခြားဆက်ဆံတာတွေကိုလဲ ခံခဲ့ရပါတယ်။ အဲ့ဒီအထဲမှာ လဲ ထွက်ပြေးဖို့တော့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ကိုယ့်အရှေ့မှာ ပြေးတဲ့သူတွေလဲ ရှိပါတယ်။ ဒါပေမဲ့ သူတို့လဲ ပြန်မိတယ်။ ပြန်မိတော့ ကြိုးတွေနဲ့တုပ်ပြီး သေလောက်အောင်ရိုက်နှက်တာတွေလဲ ကိုယ်တိုင်မြင်ခဲ့၊ တွေ့ခဲ့ရပါတယ်။ မြင်တွေ့တော့ ငါလဲ ပြေးမယ်ဆိုလို့ရှိရင် သူတို့လိုပဲပြန်မိမယ်ဆိုပြီးတော့ သင်တန်းကို ကြိတ်မှိတ်ပြီးတော့ တက်ခဲ့ရပါတယ်။ တာဝန်ထမ်းဆောင်တဲ့အချိန်မှာလဲ အဲ့ဒီအကြမ်းဖက်ခေါင်းဆောင်တွေရဲ့ ပြည်သူတွေကို နှိပ်စက်မှုတွေ၊ မတရားငွေကြေးကောက်ခံမှုတွေပြီးတော့ ရရှိလာတဲ့ ငွေကြေးတွေကို ပြည်သူတွေအတွက် ပြန်လည်အသုံးပြုတာမရှိဘဲနဲ့ သူတို့ရဲ့ကိုယ်ကျိုးအတွက် အသုံးပြုတာတွေကိုလဲ မြင်တွေ့ခဲ့ရပါတယ်။ တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာလဲ ကျွန်မ အဲ့ဒီအကြမ်းဖက်အဖွဲ့အစည်းက ထွက်ပြေးဖို့ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လဲ မအောင်မြင်ခဲ့ပါဘူး။ အဲ့ဒီကနေတစ်ဆင့် တကောင်းဘက်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ တကောင်းဘက်မှာလဲ အဲ့ဒီလိုပဲ အကြမ်းဖက်ခေါင်းဆောင်တွေရဲ့ ပြည်သူတွေအပေါ် နှိပ်စက်မှုတွေ၊ ငွေကြေးကောက်ခံမှုတွေကိုလဲ အရင်နည်းအတိုင်းပဲ မြင်တွေ့ခဲ့ရပါတယ်။ အဲ့ဒီမှာပဲ ကျွန်မအနေနဲ့ အရဲစွန့်ပြီး မန္တလေးဘက်ကို ထွက်ပြေးလာခဲ့ပါတယ်။ လမ်းမှာလဲ ကိုးရက်လောက် အချိန်ကြာမြင့်ခဲ့ပါတယ်။ ခက်ခက်ခဲခဲ ကျော်ဖြတ်လာပြီးတော့ တပ်မတော်ထံမှာ အလင်းဝင်ခဲ့ပါတယ်။ တပ်မတော်မှာ အလင်းဝင်တဲ့အခါမှာလဲ ကျွန်မတို့ကို နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ တကယ့်မိသားစုအရင်းအချာတွေလိုလဲ ဆက်ဆံပါတယ်။ သူတို့ဟိုမှာ အကြမ်းဖက်အဖွဲ့အစည်းထဲမှာ နေတုန်းကလိုမျိုး သူတို့ မှိုင်းသွင်းထားတာတွေ ရှိပါတယ်။ မင်းတို့ တပ်မတော်မှာ အလင်းဝင်မယ်ဆိုလို့ရှိရင် မင်းတို့ကို သတ်မယ်။ မိန်းကလေးတွေဆိုလို့ရှိရင်လဲ အတင်းအဓမ္မမုဒိမ်းကျင့်တာတွေရှိမယ်။ မိသားစုတွေကိုလဲ သတ်ဖြတ်တာတွေရှိတယ်ဆိုပြီးတော့ သူတို့မှိုင်းသွင်းထားတွေရှိပါတယ်။ ဒါပေမဲ့ တပ်မတော်ထံမှာ အလင်းဝင်တဲ့အခါမှာ အဲ့ဒီလိုမျိုးတွေမရှိပါဘူး။ ကျွန်မတို့ကို နွေးနွေးထွေးထွေးဆက်ဆံပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ ကျွန်မရဲ့သူငယ်ချင်းတွေကိုလဲ အမြန်ဆုံးအမြင်မှန်ရပြီးတော့ တပ်မတော်နဲ့ပူးပေါင်းဖို့၊ တပ်မတော်ထံ အလင်းဝင်ဖို့လဲ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

"ကျွန်မသားလေးက လွန်ခဲ့တဲ့နှစ်လ၊ သုံးလလောက်က ပျောက်သွားပါတယ်။ ပျောက်တဲ့တစ်ရက်ကတော့ လိုက်မရှာခဲ့ပါဘူး။ ဒီလိုပဲ အပေါင်းအသင်းတွေနဲ့သွားတယ်လို့ပဲ မှတ်ခဲ့ပါတယ်။ **စာမျက်နှာ ၁၉ သို့**

မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယာယီတိမ်းရှောင်အိမ်ထောင်စုများ မိုးမကျမီ အမိုးအကာဖြင့် ရေ၊ မီးပြည့်စုံစွာနေထိုင်နိုင်ရေး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၃

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲက ယာယီတိမ်းရှောင်အိမ်ထောင်စုများအား မိုးမကျမီအမိုးအကာဖြင့် ရေ၊ မီးပြည့်စုံစွာနေထိုင်နိုင်ရေး မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ယာယီတိမ်းရှောင်စခန်းများ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန်ခိန်ရပ်ကွက် နယ်မြေ(၁၁) အင်ဂျန်ဒုံ လော်ဝေါ်သာသနာဝင်းအတွင်း၌ ခိုလှုံနေထိုင်လျက်ရှိသော ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာမှ ယာယီတိမ်းရှောင်အိမ်ထောင်စု ၃၀ နှင့် ရင်းရင်းနှီးနှီးသွားရောက်တွေ့ဆုံ၍ စခန်းတာဝန်ခံနှင့် အိမ်ထောင်စုများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တစ်ကိုယ်ရေသုံးပစ္စည်းများဝယ်ယူနိုင်ရေး ထောက်ပံ့ငွေကျပ် ၂၅ သိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန်ခိန်ရပ်ကွက် နယ်မြေ(၁၁)ရှိဗေသလယာယီတိမ်းရှောင်စခန်းသို့သွားရောက်၍ စခန်းနေ အိမ်ထောင်စု ၄၅ စုတို့အတွက် နေထိုင်မှုအခြေအနေများကိုမေးမြန်းကာ ဝတ်ပြုခန်းမဆောင်နှင့် လူနေဆောင်များ ပြုပြင်ဆောက်လုပ်နိုင်ရေးအတွက် ဝါးနှင့်အခြားလိုအပ်သောပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၆၂ သိန်း ထောက်ပံ့ပေးအပ်ပြီး တိမ်းရှောင်စခန်းသွားလမ်း သဲကျောက်လမ်းခင်းနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန်ခိန်ရပ်ကွက် နယ်မြေ(၁၁) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးချုပ်ပိုင် မြေနေရာရှိ စခန်းကား ယာယီတိမ်းရှောင်စခန်းနှင့် ချီဖွေယာယီတိမ်းရှောင်စခန်း၊ မန်ခိန်နယ်မြေ(၁၃) ဦးရီဆာခြံမြေကွက်ရှိ ယာယီတိမ်းရှောင်စခန်း၊ နယ်မြေ(၁၂) ဦးမော်ရာဟူးခြံမြေရှိ ယာယီတိမ်းရှောင်စခန်း၊ နယ်မြေ(၆)ရှိ ပထမလီဆူနှစ်ခြင်း အသင်းတော်စခန်း တို့သို့သွားရောက်၍ အိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံကာ အိမ်ထောင်စုများ၏ လိုအပ်ချက်များကို မေးမြန်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုးချဲ့ဆောင်များ ဆောက်လုပ်နိုင်ရေးနှင့် လူနေဆောင်များ ပြုပြင်နိုင်ရေးအတွက် ဝါး၊ တာပေါ်လင်တို့ ဝယ်ယူနိုင်ရေး ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ပြီး အခြားလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မြက်ခင်းပြင်၌ကျင်းပသည့် မနောတိုင်ပြန်လည်ဖြုတ်သိမ်းနိုင်ရေး ဆုတောင်းဆက်ကပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ၇စ နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနား မနောပွဲတော်ကြီးကို ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ပြီး လိုအပ်သည်များ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်လာမည့်နှစ်များတွင်လည်း ပြည်နယ်နေ့မနောပွဲတော်ကြီး ပိုမိုစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းပါဝင်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သိက္ခာတော်ရဆရာတော် ဦးလဘွေနော်ဘောက်၊ ဘုန်းတော်ကြီး ပေါလ်ဘရန်မိုင်နှင့် ဖာသာဒေါက်တာယုံဝါ တို့က မနောတိုင်ပြန်လည်ဖြုတ်သိမ်းနိုင်ရေး ကောင်းချီးပေးဆုတောင်းခြင်းများခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

ပြည်နယ်(ပြန်/ဆက်)

☆ **ကျောဖုံးမှအဆက်**

နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည်ကို တွေ့ရသည်။

ပြပွဲနှင့် စျေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၄ ရက်ထိ ဖွင့်လှစ်ပြသလျက်ရှိပြီး ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှု ယနေ့ ပြပွဲဆဋ္ဌမနေ့သို့ လာရောက်အားပေးလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ ကြည့်ရှုကြသည့် ပြည်သူဦးရေ ၁၄၀၀၀၀ ကျော်ရှိ အပါအဝင် ပြခန်း ၁၂၀ ကျော် ပြသရောင်းချလျက် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၈ မှအဆက်

နောက်နေ့ တစ်ရက် သွားရှာတော့ အနောက်ဘက်ကလူတွေက ပြောပါတယ်။ ဒီကလေးတွေ အနောက်ဘက်ကူးသွားတယ်ပြောတော့ ကျွန်မတို့မလိုက်သွားရဲတဲ့အတွက် အုပ်ချုပ်ရေးမှူးကို အကြောင်းကြားပါတယ်။ အုပ်ချုပ်ရေးမှူးကနေ အဲ့ဒါဆိုရင် သက်ဆိုင်ရာကို သွားသတင်းပေးမယ်ဆိုပြီး ကျွန်မတို့ကိုခေါ်သွားပါတယ်။ ခေါ်သွားတဲ့အတွက် ဆရာတွေကလဲ အဲ့ဒါဆို အစ်မကြီးရဲ့သားလေးက အသက်က ၁၂ နှစ်၊ ၁၃ နှစ်ပဲ ရှိသေးတာကြောင့် အသက်မပြည့်သေးတဲ့အတွက် အဆက်အသွယ်လုပ်လာရင် ကျွန်တော်တို့ကို အကြောင်းကြားပါဆိုပြီး ကျွန်မတို့ကို အိမ်ကိုပြန်ပြီး အေးအေးဆေးဆေး နေထိုင်ခွင့်ပေးပါတယ်။ လွန်ခဲ့တဲ့ ငါးရက်လောက်က ကျွန်မသားလေး ကျွန်မဆီကိုပြန်လာခဲ့ပါတယ်။ သူပြန်လတော့ ကိုယ့်သားသမီး ကိုယ့်ရင်ခွင်ထဲကို ပြန်လာတဲ့အတွက် ကျွန်မဝမ်းလဲသာပါတယ်။ ဒါပေမဲ့ ကျွန်မတစ်ချက် စဉ်းစားတာက ကျွန်မသားလေးက အမှောင်နယ်မြေက ပြန်လာတဲ့အတွက် သူတို့ပြောသလိုပဲ ရိုက်မယ်၊ နှက်မယ်ပဲ ထင်ခဲ့ပါတယ်။ တစ်ညလုံး အိပ်မပျော်ခဲ့ပါဘူး။ စဉ်းစားပြီး မနက်မိုးလင်းတော့ ကျွန်မ အုပ်ချုပ်ရေးမှူးနဲ့ ရာအိမ်မှူးတို့ကို တိုင်ပင်ပါတယ်။ တိုင်ပင်တော့ ဒါဆိုရင် ဒီကလေးတွေကို သက်ဆိုင်ရာပို့မယ်။ စိတ်ချ ကလေးတွေဘာမှမဖြစ်စေရပါဘူးလို့ အုပ်ချုပ်ရေးမှူးက ကတိပေးပါတယ်။ အဲ့ဒါနဲ့ ကျွန်မတို့ အပ်လိုက်ပါတယ်။ အပ်လိုက်ပြီး လေးရက်၊ ငါးရက် လောက်ကြာတော့သူများတွေပြောသလိုပဲ ကျွန်မသားတွေခေါ်သွားပြီးတော့ ဒီအချုပ်ထဲမှာပဲထားပြီး ရိုက်မယ်နှက်မယ်မှတ်ပြီး ကျွန်မတို့စိုးရိမ်ပြီးတော့ အုပ်ချုပ်ရေးမှူးကို ဦးလေး ကျွန်မတို့ ကလေးတွေနဲ့ တွေ့ချင်ပါတယ်လို့ ပြောပါတယ်။ ပြောတော့ လိုက်ပို့ပါတယ်။ဒါပေမဲ့ ကျွန်မတို့ ကလေးတွေဆီရောက်သွားတော့ သူတို့ ပြောသလိုမဟုတ်ဘဲ ကလေးတွေကို ဆရာတွေက ကိုယ့်အိမ်လိုသဘောထားပြီး နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပါတယ်။ ဆရာစားသလို ကျွေးပါတယ်။ ကလေးတွေကို မေးပါတယ်။ “သားကိုဆရာက ရိုက်လားမေးတော့ ကလေးတွေက မရိုက်ပါဘူးလို့” ဖြေပါတယ်။ အဲဒီအတွက် ကျွန်မဝမ်းသာပါတယ်။ သူတို့လေးတွေ လွတ်လွတ်လပ်လပ်နေတာ မြင်တော့လဲ ကျွန်မပီတိဖြစ်ပါတယ်။ ဒီအခမ်းအနားပွဲပြီးရင် ကျွန်မသားလေးနဲ့ တွေ့ရတော့မယ့်အတွက် ကျွန်မအတိုင်း အတာမသိဝမ်းသာပါတယ်။ ကျွန်မအရင်တုန်းက ဆိုရင် ကျွန်မသားလေး သေသလား၊ ရှင်သလားတောင် ကျွန်မ မသိပါဘူး။ အခုကျွန်မသားလေးကို နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ကျွန်မတို့ သားအမိ တစ်တွေလဲ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခွင့်ပေးတဲ့ ကျွန်မတို့ရွာက အုပ်ချုပ်ရေးမှူးကိုရော ဒီက အရာရှိ၊ အရာခံ၊ ဗိုလ်ကြီးတွေကိုလဲ ကျွန်မအထူးကျေးဇူးတင်ရှိပါတယ်” ဟု ပြောသည်။

(၅၀၁)

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆေးကုသမှု ခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC) ကတ်ဖိုးပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) ကိုင်ဆောင်ထားပြီး ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများ ပြည်ပနိုင်ငံသို့ရောက်ရှိသည့်အချိန် သက်ဆိုင်ရာနိုင်ငံ၏ဥပဒေပါ ခံစားခွင့်များရရှိနိုင်စေရန်နှင့် အလုပ်သမားရေးရာကိစ္စရပ်များဖြစ်ပေါ်လာသည့်အချိန် လွယ်ကူလျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC) ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် OWIC ကတ် ပြုလုပ်ခွင့်ရရှိကြောင်း ကြေညာခြင်းခံရသည့် အလုပ်သမားများအနေဖြင့် ၁-၃-၂၀၂၆ ရက်မှစ၍ OWIC ကတ်ဖိုး ငွေကျပ် ၅၆၀၀ နှင့် ပျောက်ဆုံး၊ ပျက်စီးပါက ဒဏ်ကြေးအဖြစ် ငွေကျပ် ၂၂၄၀၀ ကို မြန်မာ့စီးပွားရေးဘဏ်ခွဲများကတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ငွေစာရင်းအမှတ် OA-013904 သို့ အလုပ်သမားကိုယ်တိုင် ငွေလွှဲလျှောက်လွှာဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

OWIC ကတ်ဖိုးငွေများကို OA-013904 သို့ ပေးသွင်းပြီးပါက ငွေပေးသွင်းခဲ့သည့် ငွေလွှဲလျှောက်လွှာ (မူရင်း)နှင့်အတူ မိတ္တူတစ်စောင်ကို ယူဆောင်၍ OWIC ပြုလုပ်ရမည့်နေ့ရက်တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ) OWIC ထုတ်ပေးရေးစင်တာသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ငွေစာရင်းအမှတ် မှားယွင်းပေးသွင်းခြင်း၊ ငွေလွှဲလျှောက်လွှာ မမှန်ကန်ခြင်း၊ ငွေလွှဲလျှောက်လွှာ (မူရင်း) ပြသနိုင်မှု မရှိခြင်းတို့ ဖြစ်ပေါ်ပါက OWIC ကတ်ထုတ်ပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ထူးခြားသည့် ညအပူချိန်များ (၁၃-၂-၂၀၂۶)

ဟားခါး	၁	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	တီးတိန်	၅	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
နမ့်စန်	၅	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်	ပင်လောင်း	၇	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
ဟဲဟိုး	၅	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်	လားရှိုး	၇	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
မိုင်းယန်း	၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်	သီပေါ	၇	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
လွိုင်လင်	၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်	ပူတာအို	၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်

၂၄နာရီ Helpline ဝန်ဆောင်မှု

1566

တိုင်ကြားနိုင်သည့်ဖြစ်ရပ်များ

- ပဋိပက္ခဖြစ်စဉ်အတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု
- လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ
- အိမ်တွင်းအကြမ်းဖက်မှု
- သက်ငယ်မှုဒဏ်မှ
- ကျားမ အခြေပြုအကြမ်းဖက်မှု
- ကလေးသူငယ် မသန်စွမ်း၊ သက်ကြီးရွယ်အို ကိစ္စရပ်များ

တိုင်ကြားမှုများအား ဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေး အကူအညီပေးသွားမည်

တိုင်ကြားသူ၏ သတင်းအချက်အလက် မပေါက်ကြားစေရေးကို အထူးအလေးထား ကာကွယ်ပေးသွားပါမည်။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးအား အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်အား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အဓမ္မခိုင်းစေမှုပယောက်ရေးဆိုင်ရာ အသိပညာပေး

တိုင်ကြားခြင်းဖြင့်မည်ကဲ့သို့သောရလဒ်များ ပေါ်ပေါက်လာနိုင်ပါသလဲ

အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား(NCM)ထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အဓမ္မခိုင်းစေမှုရှိပါက ပြည်သူများအနေဖြင့် အလွယ်တကူတိုင်ကြားနိုင်ရန်နှင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ထိရောက်စွာ အရေးယူဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။ ဤတိုင်ကြားပုံနည်းစနစ် တည်ရှိမှုနှင့်လုပ်ငန်းဆောင်ရွက်မှုသည် အဆိုပါရည်ရွယ်ချက်ကို ရှေ့ရှု၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် သင်၏ တိုင်ကြားမှုသည် မှန်ကန်ကြောင်း စုံစမ်းပေါ်ပေါက်ပါက သင့်အနေဖြင့် တစ်နည်းတစ်ဖုံ တရားမျှတမှုနှင့် နောက်နောင် ဤသို့ထပ်မံမဖြစ်ပွားတော့ဆိုသည့် အသိအမြင်ရှိစေခြင်း သို့မဟုတ် အဓမ္မခိုင်းစေသူ၏ လုပ်ရပ်များအတွက် ထိုက်သင့်သော ပြစ်ဒဏ်ပေးပြီးဖြစ်ကြောင်း ကျေနပ်မှုရစေခြင်းတို့ကို မျှော်လင့်နိုင်ပါသည်။

တိုင်ကြားမှုပြုလုပ်ရန် မည်သူ့ကိုဆက်သွယ်ရမည်နည်း

ပဏာမအားဖြင့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ် (သို့မဟုတ်)ခရိုင်အဆင့်ရှိ ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများထံတိုင်ကြားလျှင် သင့်လျော်မည်ဟုထင်မြင်ယူဆလျှင် ထိုသို့တိုင်ကြားမှုပြုလုပ်နိုင်ပါသည်။ အဓမ္မစစ်မှုထမ်းစေခြင်း သို့မဟုတ် အသက်မပြည့်သော ကလေးသူငယ်များအား စစ်မှုထမ်းစေသောကိစ္စရပ်များတွင် စိုးရိမ်မကင်းဖြစ်မှုကိုနီးစပ်ရာ တပ်သားသစ်စုဆောင်းရေးစခန်း၊ စစ်အခြေခံလေ့ကျင့်ရေးကျောင်း သို့မဟုတ် နီးစပ်ရာတပ်စခန်းသို့ တင်ပြနိုင်ပါသည်။

အကယ်၍ အထက်ပါအကြံပြုချက်သည် သင့်အတွက် မသင့်လျော်ဟုထင်မြင်ပါက သို့မဟုတ် အဆိုပါတိုင်ကြားမှုနှင့် စပ်လျဉ်းသော တုံ့ပြန်ဆောင်ရွက်ပေးမှုအပေါ် အားရကျေနပ်မှုမရှိပါက သက်ဆိုင်သော အချက်အလက် အထောက်အထားများဖြင့် တိုင်ကြားချက်ကို အောက်ပါအတိုင်းလိပ်မူပေးပို့နိုင်ပါသည်။

အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ
တိုင်ကြားမှုယန္တရား
(National Complaint Mechanism-NCM)
ဖုန်း- ၀၆၇-၃၄၃၀၀၉၀၊ ၀၆၇-၃၄၃၀၂၇၃၊
၀၆၇-၃၄၃၀၄၃၃၆
E-mail directorgeneral.dol@gmail.com
moloffice51@gmail.com
organizationresearch25@gmail.com

အဓမ္မခိုင်းစေမှုပယောက်ရေး

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုလုံးဝပယောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့်ပူးပေါင်း၍ တိုင်ကြားမှုယန္တရားထူထောင်ပြီး အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ကာ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) မှအဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

အဓမ္မခိုင်းစေမှုဆိုသည်မှာအဘယ်နည်း

အဓမ္မခိုင်းစေမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား အလုပ်တစ်ခုကို ထိုသူမပြုလုပ်ပါက (သို့မဟုတ်) မလိုက်နာပါက တစ်စုံတစ်ရာ အပြစ်ပေးခံရမည်ဟူသော ခြိမ်းခြောက်မှုဖြင့် ထိုသူ၏ဆန္ဒမပါဘဲ ဥပဒေနှင့်ဆန့်ကျင်၍ခိုင်းစေသောအလုပ်မျိုးကိုခေါ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များသည် အဓမ္မခိုင်းစေမှုကျင့်သုံးခြင်းကိုလည်းကောင်း၊ အသက်(၁၈)နှစ်အောက်ကလေးသူငယ်များအား တပ်မတော်အတွင်းသို့ စုဆောင်းမှုကိုလည်းကောင်းတားမြစ်ထားပါသည်။

မည်ကဲ့သို့တိုင်ကြားနိုင်ပါသနည်း

သင်တိုင်ကြားနိုင်သော နည်းလမ်းများစွာရှိပါသည်။ အကယ်၍ အခြေအနေပေးပါက သင့်အနေနှင့်ပဏာမတိုင်ကြားမှုကို ရပ်ကွက်/ကျေးရွာ၊ မြို့နယ်(သို့မဟုတ်) ခရိုင်အဆင့်ရှိ သင်၏ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများမှတစ်ဆင့်တိုင်ကြားနိုင်ပါသည်။ (သို့မဟုတ်) နီးစပ်ရာတပ်သားသစ်စုဆောင်းရေး စခန်းများတွင် စုံစမ်းမှုပြုလုပ်နိုင်ပါသည်။ အထက်ပါနည်းလမ်းသည် အဆင်မပြေပါက (သို့မဟုတ်) မနှစ်သက်ပါက အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM)သို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

တိုင်ကြားမှုပြုလုပ်ရန် လုံခြုံမှုရှိပါသလား

တိုင်ကြားမှုကိုအကြောင်းပြု၍ တိုင်ကြားသူများ၊ တိုင်ကြားမှုနှင့် ဆက်နွယ်နေသူများနှင့် အဓမ္မခိုင်းစေခံရသူများအား အနှောင့်အယှက်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ တန်ပြန်အရေးယူခြင်းတို့ကို NCM မှ အကာအကွယ်ပေးထားပါသည်။ NCM သည်တန်ပြန်အရေးယူခြင်းမရှိသည်ကိုမှန်ကန်ကြောင်း အတည်ပြုရန်အလို့ငှာ အဓမ္မခိုင်းစေခံရသူများ၊ တိုင်ကြားသူ(များ)၊ သူ/သူမ၏ကိုယ်စားလှယ် (များ) (သို့မဟုတ်) အခြားသော သက်ဆိုင်ရာပုဂ္ဂိုလ်(များ)နှင့် လွတ်လပ်စွာနှင့်လျှို့ဝှက်စွာဆက်သွယ်ခွင့်ရှိပါသည်။

မည်သူတို့က တိုင်ကြားနိုင်ပါသနည်း

မြန်မာနိုင်ငံတွင် နေထိုင်သူ တစ်ဦးဖြစ်သည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးမှတိုင်ကြားနိုင်ပါသည်-

၁။ အဓမ္မခိုင်းစေခံရသူ (သို့မဟုတ်)

၂။ အဓမ္မခိုင်းစေခံရသူ၏ ဆွေမျိုးသားချင်း (သို့မဟုတ်)

၃။ အခြားသက်ဆိုင်သောပုဂ္ဂိုလ်

တိုင်ကြားမှုသည် လျှို့ဝှက်လုံခြုံမှုရှိပါသလား

တိုင်ကြားမှုတစ်ခုအား ပြုလုပ်သည့်အချိန်တွင် သင့်အနေဖြင့် သင်သည်မည်သူဖြစ်သည်ကို အသေးစိတ်ဖော်ပြရမည်။ သို့ရာတွင်သင်၏ တောင်းဆိုချက်အရ NCM မှ သင်မည်သူဆိုသည်ကို လျှို့ဝှက်ထားနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှု အောင်မြင်အဆင်ပြေရန် အလို့ငှာဖြစ်နိုင်ပါက အဓမ္မခိုင်းစေသူသည် မည်သူဖြစ်ကြောင်း ဖွင့်ဟပြောပြသင့်ပါသည်။

ထွက်ဆိုချက်များနှင့် အခြားသက်ဆိုင်သော အထောက်အထား စာရွက်စာတမ်းများ (ရှိခဲ့လျှင်)ကို ဓမ္မမိဌာန်ကျစွာ စစ်ဆေးသွားမည့်အပြင် လျှို့ဝှက်ထားရှိမှုနှင့် စပ်လျဉ်းသည့် စိုးရိမ်မကင်းဖြစ်မှုများအား ပယောက်သွားသည်အထိ တိုင်ကြားချက်မပြုလုပ်မီရှင်းပြသွားမည်ဖြစ်ပါသည်။

တိုင်ကြားပုံနည်းစနစ်အရ မည်သို့ဆောင်ရွက်သနည်း

တိုင်ကြားမှုတစ်ခုကို လက်ခံရရှိသည့်အခါ တင်ပြထားသော အချက်အလက်များအား ဓမ္မမိဌာန်ကျသော အကဲဖြတ်မှုတစ်စုံတစ်ရာ မပြီးဆုံးမီ အသေးစိတ်အချက်အလက်များအားရှင်းလင်းစေရန် လိုအပ်ပါက NCM မှ တိုင်ကြားသူနှင့် တွေ့ဆုံမှုပြုလုပ်ရန် စီစဉ်ရမည် (သို့မဟုတ်) သင့်လျော်ပါက တိုင်ကြားမှုပြုလုပ်သည့် ဒေသသို့ သွားရောက်၍ ဆန်းစစ်မှုပြုလုပ်ရမည်။

တိုင်ကြားမှုတစ်ခုအား လက်ခံရရှိသည့်အခါ NCM ရုံးအဖွဲ့သည် အချက်အလက်များမှန်ကန်မှု ရှိမရှိစစ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေး၊ မန္တလေးနန်းမြို့ရိုး ပြုပြင်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၃

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းအားလုံးဖွင့်လှစ်နိုင်ရေး၊ မန္တလေးနန်းမြို့ရိုး ပြုပြင်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင်ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ အတွင်းရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဗလင်းတန်နှင့် ပြည့်စုံသည့် ပညာတတ်များ ဖြစ်မြောက်လာစေရေး အလေးထားဆောင်ရွက်နေမှု၊ အခြေခံပညာသင်ယူ တတ်မြောက်ရန်အတွက် တစ်ဦးချင်းစီအလိုက် သင်ယူနိုင်သည့် အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေး၊ KG မှ Grade-9 အထိ မသင်မနေရ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေမြဲရေး၊ အတန်းကူးပြောင်းမှု နှုန်းမြင့်မားရေး ကလေးများကျောင်းနေလာအောင် စည်းရုံးဆောင်ရွက်မှု၊ လှုံ့ဆော်မှု၊ အခက်အခဲများကို ဝိုင်းဝန်းအဖြေရှာဖြေရှင်းနိုင်မှုနှင့် ကူညီပံ့ပိုးမှုများကို အားလုံးပူးပေါင်းဆောင်ရွက်သွားရန်တို့ကိုလည်းကောင်း၊ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးနန်းမြို့ရိုး၊ ရှေးဟောင်းဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများအား ဆောင်ရွက်သည့် လုပ်ငန်းများအလိုက် ဆောင်ရွက်ကြရသည့် အချိန်ကာလအတွင်း ပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန်တို့ကိုလည်းကောင်း လိုအပ်သည်များ အချိန်နှင့် တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၂၆-၂၀၂۷ ပညာသင်နှစ် တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေး လုပ်ငန်းစီမံချက်များကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူးက မန္တလေးနန်းမြို့ရိုး ပြုပြင်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရှေးဟောင်းဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ လူမှုရေးရာဝန်ကြီးနှင့် အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

❒ ဖမ်းဆီးရမိမှုမှ

Toyota Hilux Vigo နှစ်စီး၊ Toyota Revo တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့နယ် အမှတ်(၅)ရပ်ကွက်၌ တရားမဝင်မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၈၀၀၀၀ ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Honda Insight တစ်စီးခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့နယ် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၃ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၀၄၈၀၀ ကိုလည်းကောင်း၊ ဘားအံမြို့ အမှတ်(၉)ရပ်ကွက်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၆၂၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် Toyota Hiace တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၁၇၃၆၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၈ ရက်တွင် ၀ဖေမြို့နယ် ပဒါန်းကျေးရွာအနီး၌ တရားမဝင်မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀ ကိုလည်းကောင်း၊ မိုးညိုမြို့နယ် နှမ်းကုန်းကျေးရွာ၌ တရားမဝင် မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀ ကိုလည်းကောင်း၊ သုံးဆယ်မြို့နယ် အရှေ့သပြေကုန်းရပ်ကွက်၌ တရားမဝင် မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ်၂၅၀၀၀၀ ကိုလည်းကောင်း၊ မင်းလှမြို့နယ် အမှတ်(၅)ရပ်ကွက်၌ တရားမဝင် မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးမြို့နယ် အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၈၂၉၂ တန် ခန့်မှန်းတန်ဖိုးငွေ ၁၈၇၉၀၀၈ ကျပ်ကိုလည်းကောင်း၊ တောင်ငူမြို့နယ် အတွင်း၌ တရားမဝင်အခြားသစ် ၁ ဒသမ ၄၅၈ တန် ခန့်မှန်းတန်ဖိုးငွေ ၁၄၄၄၄၄ ကျပ်ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၄၀၇၉၄၅၅ ကျပ်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ငွေကျပ် ၂၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူး(စကု) မြို့နယ် ကျွန်းပြာကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၂၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၃၀၀ ကို မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၁၃၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်၊ ၈ ရက်၊ ၁၀ ရက်တို့တွင် ဥသျှစ်ပင်မြို့နယ် ရတနာပုံ ရပ်ကွက်၌ တရားမဝင်မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀ ကိုလည်းကောင်း၊ မိုးညိုမြို့နယ် နှမ်းကုန်းကျေးရွာ၌ တရားမဝင် မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀ ကိုလည်းကောင်း၊ သုံးဆယ်မြို့နယ် အရှေ့သပြေကုန်းရပ်ကွက်၌ တရားမဝင် မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ်၂၅၀၀၀၀ ကိုလည်းကောင်း၊ မင်းလှမြို့နယ် အမှတ်(၅)ရပ်ကွက်၌ တရားမဝင် မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးမြို့နယ် အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၈၂၉၂ တန် ခန့်မှန်းတန်ဖိုးငွေ ၁၈၇၉၀၀၈ ကျပ်ကိုလည်းကောင်း၊ တောင်ငူမြို့နယ် အတွင်း၌ တရားမဝင်အခြားသစ် ၁ ဒသမ ၄၅၈ တန် ခန့်မှန်းတန်ဖိုးငွေ ၁၄၄၄၄၄ ကျပ်ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၄၀၇၉၄၅၅ ကျပ်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပျော်ဘွယ်မြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၆ ဒသမ ၃၈၉၂ တန်နှင့် တရားမဝင်သစ်ခွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၉၂၀၀ ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိသုံးဘီးယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ ကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၅ ဒသမ ၀၇၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၁၈၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၀၇၂၀၀ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်၊ ၂ ရက်တို့တွင် ဘီးလင်းမြို့နယ် ဘိုးလှကြီးရပ်ကွက်အတွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ၁၃ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၁၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိ Hino Ranger Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀ ကိုလည်းကောင်း၊ မုဒုံမြို့နယ် ကွမ်တာကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၅၀၀၀ ကိုလည်းကောင်း၊ လျှပ်စစ်ပစ္စည်း ၁၇ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃ဝ၇ဝ၀၀၀ ကိုလည်းကောင်း၊ လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄ဝ၈ဝ၄၅၀၀ ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်Mazda Titan Truck တစ်စီးခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၊ Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂ဝ၀၀၀၀၀၀၊ Toyota Light Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ဝ၈ဝ၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်၊ ၆ ရက်၊ ၇ ရက်တို့တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အနော်ရထာလမ်းမအနီး၌ တရားမဝင်မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ကိုလည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သမကုန်းမီးပွိုင့်အနီး၌ တရားမဝင် မော်တော်ယာဉ် Toyota Crown တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀ ကိုလည်းကောင်း၊ ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်၌ တရားမဝင်မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ လှည်းကူးမြို့နယ် စံပြကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၆၇၅၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၂၄၀ ကိုလည်းကောင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် ပဲခူးမြစ်ကမ်းစပ်အနီး၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ဂ၈ဝ၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၃၆၈၀ ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ဝ၉၂၅ဝ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်လေးဦး၏ ခရီးဆောင်အိတ်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော လူသုံးကုန်ပစ္စည်း ၃၂ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၂၅ဂ၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယခုနှစ် ဇန်နဝါရီ ၂၈ ရက်၊ ၂၉ ရက်၊ ဖေဖော်ဝါရီ ၁ ရက်၊ ၂ ရက်၊ ၃ ရက်၊ ၆ ရက်၊ ၇ ရက်၊ ၈ ရက်၊ ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၃၅ မှုမှ ခန့်မှန်းတန်ဖိုးငွေ ၈၃ဝ၉၈၈၁၃၆ ကျပ်ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိအသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုရှုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ချီလီနိုင်ငံအလယ်ပိုင်း ကမ်းရိုးတန်းအနီးတွင် ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ပြီး နောက်ဆက်တွဲငလျင်လှုပ်ခတ်မှုများ ဖြစ်ပေါ်လာနိုင်

ဆန်တီယာဂို ဖေဖော်ဝါရီ ၁၃

ချီလီနိုင်ငံအလယ်ပိုင်း ကမ်းရိုးတန်းအနီးတွင် ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင် ယနေ့တွင် လှုပ်ခတ်ခဲ့ပြီး နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း အာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

ငလျင်၏ဗဟိုချက်သည် မြေအောက်အနက် ၁၀ ကီလိုမီတာခန့်တွင် တည်ရှိပြီး တောင်လတ္တီတွဒ် ၃၀ ဒသမ ၇၈ ဒီဂရီနှင့် အနောက်လောင်ဂျီတွဒ် ၇၁ ဒသမ ၆ ဒီဂရီ အနီးတွင် လှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်မှုကို ကမ်းရိုးတန်းအနီးရှိ မြို့နယ်တချို့တွင် သိသိသာသာခံစားခဲ့ရကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

လက်ရှိ အချို့နေရာများတွင် လူများ အဆောက်အအုံများမှ အပြင်ဘက်သို့ထွက်ခွာကာ လုံခြုံရာနေရာများသို့ ရွှေ့ပြောင်းခဲ့ကြကြောင်း သိရသည်။

ဒေသခံအာဏာပိုင်များ၏ အဆိုအရ လက်ရှိအချိန်ထိ လူသေဆုံးမှု သို့မဟုတ် အဆောက်အအုံအကြီး အကျယ်ပျက်စီးမှုများကို အတည်ပြုနိုင်ခြင်းမရှိသေးကြောင်း ပြောကြားထားသော်လည်း လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများ၊ ဆိပ်ကမ်းအခြေခံအဆောက်အအုံများနှင့်လူနေအိမ်များကို စစ်ဆေးသုံးသပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အချို့ဒေသများတွင် လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးလိုင်းများ ခဏတာ ပြတ်တောက်ခဲ့ကြောင်း ဒေသခံမီဒီယာများက ဖော်ပြထားသော်လည်း အရေးပေါ်ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေကြောင်း သိရသည်။

နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ပြည်သူများအနေဖြင့် အန္တရာယ်ရှိသည့် အဆောက်အအုံများအနီး မနေကြရန်၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်ပါက လုံခြုံရေးညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားကျွန်းတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံများနှင့် လူနေအိမ်များပျက်စီး

ဂျကာတာ ဖေဖော်ဝါရီ ၁၃

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားကျွန်းတွင် ဖေဖော်ဝါရီ ၁၂ ရက်က အားကောင်းသည့်လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံများနှင့် လူနေအိမ်များပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း Disaster Mitigation Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းကြောင့် ကြီးမားသည့်ပျက်စီးမှုဖြင့် ရင်ဆိုင်ခဲ့ရသည့် အဆောက်အအုံမှာ အနောက်ဂျာဗားကျွန်း စီဘီနွန်ဒေသရှိ ပါကန်ဆာရီအားကစားရုံဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံနှင့် လူနေအိမ်များပျက်စီးခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူမရှိခဲ့ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၁၂ ရက်မှာ အားကောင်းတဲ့လေဆင်နှာမောင်း ဟာ အနောက်ဂျာဗားကျွန်းစီဘီနွန်ဒေသကို ဗဟိုပြုပြီးတော့ တိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် အခြေခံအဆောက်အအုံတွေနဲ့ နေအိမ်တွေ ပျက်စီးခဲ့ပါတယ်။ လေဆင်နှာမောင်းတိုက်ခတ်စဉ် အားကစားရုံအတွင်းမှာ လေ့ကျင့်မှုတွေ ပြုလုပ်နေတဲ့ အားကစားသမား အမြောက်အမြား အချိန်မီဘေးလွတ်ရာရွှေ့ပြောင်းနိုင်ခဲ့တဲ့အတွက် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့သလို သေဆုံးသူလဲ မရှိခဲ့ပါဘူး။ လေဆင်နှာမောင်းကြောင့် သစ်ပင်ကြီးတချို့ လဲကျပြီး မော်တော်ယာဉ်တချို့ ပျက်စီးခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် ပျက်စီးဆုံးရှုံးမှုတွေကို စိစစ်နေဆဲဖြစ်ပါတယ်"ဟု Disaster Mitigation Agency မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ပြင်သစ်နိုင်ငံတောင်ပိုင်းနှင့် အနောက်တောင်ပိုင်းတွင် နီလ်မုန်တိုင်းကြောင့် လူတစ်ဦးသေဆုံးကာ အိမ်ခြေ ၈၅၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်နေ

ပဲရစ် ဖေဖော်ဝါရီ ၁၃

ပြင်သစ်နိုင်ငံ တောင်ဘက်ပိုင်းနှင့် အနောက်တောင်ဘက်ပိုင်းတို့တွင် နီလ်ဟု အမည်ပေးထားသည့် မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် လူတစ်ဦးသေဆုံးကာ အိမ်ခြေ ၈၅၀၀၀၀ ကျော် လျှပ်စစ်မီး ပြတ်တောက်နေကြောင်း National Weather Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နီလ်မုန်တိုင်းသည် မီမြို့ကို ဗဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရကြောင်း၊ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့်နေအိမ်များမှာလည်း မီမြို့မှဖြစ်ကြောင်း၊ နီလ်မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဒေသများမှာ ဆာဗိုအီဒေသ၊ အူဒီဒေသ၊ ဂီရွန်ဒီနှင့် လော့အိဂါရန်နီဒေသတို့ဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၀၁ မိုင်နှုန်းဖြင့် တိုက်ခတ်နေကြောင်း သိရသည်။

"နီလ်လို့ အမည်ပေးထားတဲ့ မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ပြင်သစ်နိုင်ငံ တောင်ဘက်ပိုင်းနဲ့ အနောက်တောင်ဘက်ပိုင်း ဒေသတွေမှာ ပျက်စီးမှုတွေရှိနေပါတယ်။ မုန်တိုင်းကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ နေအိမ်ပေါင်း ၈၅၀၀၀၀ ကျော် လျှပ်စစ်မီး ပြတ်တောက်နေပါတယ်။ လျှပ်စစ်မီးအမြန်ဆုံးပြန်လည်ရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု National Weather Agency မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

မော်ရိုကိုနိုင်ငံတွင် ရေဘေးပြန်လည်ထူထောင်ရေးနှင့် အတားအဆီးများ အဆင့်မြှင့်တင်ရေးအတွက် ကန်ဒေါ်လာ သန်း ၃၃၀ သုံးစွဲသွားမည်

ရာဘတ် ဖေဖော်ဝါရီ ၁၃

မော်ရိုကိုနိုင်ငံ အစိုးရအနေဖြင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသောဧရိယာများကို ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေ အဖြစ်သတ်မှတ်လိုက်ပြီးပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ရေဘေးအန္တရာယ် တားဆီးရေးအတွက် တည်ဆောက်ထားသော အခြေခံ အဆောက်အအုံများကို အဆင့်မြှင့်တင်သွားရန် အမေရိကန်ဒေါ်လာ သန်း ၃၃၀ သုံးစွဲသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရပြီး အရေးပေါ်အခြေအနေ သတ်မှတ်ခဲ့သည့်မြို့မှာ ကဆာအယ်ကဘီမြို့ဖြစ်ပြီး အနီးပတ်ဝန်းကျင်ဒေသများတွင်လည်း ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ အဆိုပါ ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၈၈၀၀၀ ကျော်ရှိခဲ့ပြီး စိုက်ပျိုးမြေ ဟက်တာ ၁၁၀၀၀၀ ထိ ပျက်စီးခဲ့ကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူများကို ကယ်ဆယ်ရေးစခန်းများ၌ နေရာချပေးထားကြောင်း သိရသည်။

"ဇန်နဝါရီ ၃၁ ရက်က စတင်ခဲ့တဲ့ ရေဘေးအန္တရာယ်ကြောင့် ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ အတွက် ငွေကြေးသုံးစွဲသွားမှာဖြစ်သလို ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် တည်ဆောက်ထားတဲ့ အတားအဆီးတွေကိုလဲ အဆင့်မြှင့်တင်သွားမှာဖြစ်ပါတယ်။ ဘတ်ဂျက်အနေနဲ့ အမေရိကန်ဒေါ်လာ သန်း ၃၃၀ ထိ သုံးစွဲသွားဖို့လျာထားပါတယ်။ အဓိကကတော့ ပြည်သူတွေ အန္တရာယ်ကင်းဖို့အတွက်ပဲ ရည်ရွယ်ပြီး အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု မော်ရိုကိုအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Ref : Russia Today
Trs : Sai Sat

ဇမ်ဘီယာနိုင်ငံတွင် ဂီဇာနီဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်သဖြင့် မိုးလေဝသဗဒ္ဓာနက သတိပေးချက်ထုတ်ပြန်

လူဆာကာ ဖေဖော်ဝါရီ ၁၃

ဇမ်ဘီယာနိုင်ငံတွင် ဂီဇာနီဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်သဖြင့် ဇမ်ဘီယာ မိုးလေဝသဗဒ္ဓာနက သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံတစ်ဝန်း ဂီဇာနီဆိုင်ကလုန်းမုန်တိုင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးကြိုးမုန်တိုင်းများ၊ မိုးကြိုးပစ်မှုများကို ပြည်သူများ အနေဖြင့် သတိပြုနေထိုင်ကြရန် လိုကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းကြောင့် နိုင်ငံအနှံ့ မိုးရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ပြီး အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံနိုင်ကြောင်း မိုးလေဝသဗဒ္ဓာနက ခန့်မှန်းထားသည်။

မုန်တိုင်းကြောင့်မြေနိမ့်ဒေသများနှင့် မြစ်ကမ်းပါးအနီးဒေသများတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်ပြီး လမ်းပန်းဆက်သွယ်ရေးနှင့်လူနေအိမ်များ ထိခိုက်နိုင်ကြောင်း သိရသည်။

ဇမ်ဘီယာ မိုးလေဝသဗဒ္ဓာနက ဆိုင်ကလုန်းမုန်တိုင်း၏ လှုပ်ရှားမှုကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး လိုအပ်ပါက သတိပေးချက်များ ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီလျှင် ၁၄၈ ကီလိုမီတာနှုန်းဖြင့် မာဒါဂါစကားနိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ခြင်းကြောင့် ၎င်းနိုင်ငံတွင် သေဆုံးသူနှင့် ပျောက်ဆုံးသူများ ရှိကြောင်း၊ လက်ရှိတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ



ယမန်နေ့မှအဆက်

အိမ်ပြန်ရောက်သည့်အခါတွင် သားပု ပထမဆုံး လုပ်ဖြစ်တာက သူ့ငါးတွေလှောင်ထားသည့် မြှုံးဟောင်းကြီးဆီသွားတာပဲဖြစ်သည်။ တစ်ရက်လျှင် သူ့အမေ ယူခွင့်ပြုသလောက် တစ်ကောင်ပဲဖြစ်ဖြစ်၊ နှစ်ကောင် သုံးကောင်ပဲဖြစ်ဖြစ်ထပ်မံ၍ ထည့်လေ့ရှိသည်။

တစ်နေ့တခြား များများလာသော လယ်ငါးခူကြီးတွေကိုကြည့်၍ သားပုတစ်ယောက် တက်ကြွပျော်ရွှင်နေလေ့ရှိသည်။ ပြီးတော့လည်း ထူးဆန်းတာတစ်ခုက သားပုသည် အကောင်နှစ်ဆယ်ခန့်ရှိသော ငါးခူကြီးတွေကိုကြည့်ပြီး ခွဲခြားမှတ်မိနေခြင်းဖြစ်သည်။

မေးမည့်လူများရှိလာခဲ့လျှင် သည်ငါးခူကြီးက ဘယ်သူ့လယ်ကွက်ထဲကရခဲ့တာ၊ ဒါမှမဟုတ်တမံစပ်ကနေဖမ်းမိလာခဲ့တာ၊ ဘယ်သူတို့အိမ်နောက်ဘက်ကနေမိလာခဲ့တာ စသည်ဖြင့်သေသေချာချာ ခွဲခြားပြောပြချင်နေသည်။ ထိုငါးခူကြီးတွေ တဖြည်းဖြည်း များလာတာကို သားပု သဘောကျပါသည်။

(၅)

"ဒီညနေတော့ စောစောပြန်ကြရအောင် အမေရာ"ဟု အတင်းပူဆာပြီး ပြန်လာခဲ့သည်။ သူ့မှာ ရည်ရွယ်ချက်ရှိသည်။ မနေ့က သူရေတွက်ထားခဲ့တာ အကောင်နှစ်ဆယ်ရှိပြီ။ ယနေ့ သူ့အတွက် သူ့အမေကပေးသည့် နှစ်ကောင်နှင့်ဆိုလျှင် တစ်ပိသာတော့ ကျော်လိမ့်မည်။

အိမ်ကိုပြန်၍ရောက်လျှင် အိမ်ရှေ့ရေဆင်းတံတားကလေးမှာလှောင်ထားသော ငါးခူတွေထည့်ထားသည့် မြှုံးကြီးကိုဆွဲမလိုက်သည်။ အံ့အားသင့်ခြင်း၊ မယုံကြည်နိုင်ခြင်း၊ ဝမ်းနည်းခြင်းတွေရောပြွမ်းနေသောမျက်နှာနှင့် အကြာကြီးငေးနေမိတော့သည်။

ငါးခူတွေတစ်ကောင်မှမရှိတော့။ အိမ်ပေါ်သို့ ပြန်တက်မလာသည့် သားပုနောက်သို့ သူ့အမေ လိုက်လာသောအခါ တံတားပေါ်မှာ ခြေဆင်းထိုင်ရင်း ရှိုက်ငိုနေသော သားပုကိုတွေ့ရတော့သည်။

"နင့်ကို ငါမပြောဘူးလား၊ ဒီငါးတွေကို ခဏခဏ လာလာမကြည့်ပါနဲ့လို့၊ နင့်အဖေသိသွားတော့ တို့မရှိတုန်းဖော်ယူပြီး အရက်နဲ့လဲသောက်ပစ်လိုက်တာနေမှာပေါ့"

ထိုနေ့ညက ငါးခူကြီးတွေကို သားပုအိပ်မက်ထဲမှာ ပြန်တွေ့လိုက်ရတော့ ပျော်လွန်းလို့ ထအော်မိသေးသည်။ လန့်နိုးသွားတော့ အိပ်မက်မှန်းသိလိုက်ရသည်။ ရှိုက်ကြီးတငင်ငိုချမိတော့သည်။

သားပုစုထားသည့်ငါးတွေ အခိုးခံရသည်မှာ နှစ်ခါသုံးခါ ရှိသွားပြီ။ အမေကတော့ "နင့်အဖေ လက်ချက်ပဲ"ဆိုပြီး အမြဲပြောတတ်သည်။ ယခုတော့ သားပုလည်သွားပြီ၊ သူ၏ငါးတွေစုထားရာမြှုံးကြီးကို တစ်နေရာတည်းမှာမထားတော့ လူမသိနိုင်သည့် နေရာတွေမှာသွား၍ ဖွက်ရတော့သည်။ မိုးမခပင်၊ ရေသဖန်းပင်၊ သံဒက်ပင်၊ ကဇန်းချုံစသည့် ချောင်းကမ်းစပ်ကနေရာအနှံ့ တစ်နေ့လျှင် တစ်နေရာပြောင်းထားကာ စုံထောက်မျက်စိဖြင့် ချောင်းနေရသေးသည်။

ထိုကဲ့သို့ ကြက်မကြီးက သူ့ဥတွေဝပ်ထားပြီး ရင်ဘတ်အောက်မှာ အမြဲသွင်းပြီး စောင့်ရှောက်သလို မျက်ခြည်မပြတ် စောင့်ရှောက်ထားခဲ့၍ ငါးခူကြီးတွေ များများလာခဲ့ပြန်သည်။

ယနေ့တော့ ရွာထိပ်ကငါးဒိုင်မှာသွားရောင်းတော့မည်ဟု သားပုဆုံးဖြတ်လိုက်သည်။ ပထမဆုံး တစ်ကြိမ်တုန်းကတော့ သုံးကောင်တည်းမို့ မဝယ်ခဲ့၊ များများစုပြီးမှလာရောင်းဟု မှာလိုက်သည်။ ယခု များနေပြီ။ အနည်းဆုံးတစ်ပိသာတော့ ကျော်ပါစေ ဘုရားဟု ဆုတောင်းရသေးသည်။ ဒါမှ ဆရာမအတွက် သူ့အတန်းသားတွေအတွက် သူ့ကြောင့်ကွဲသွားခဲ့ရသော ကြွေပန်းအိုးလှလှလေး ဝယ်နိုင်ပါလိမ့်မည်။ ပြီးတော့လည်း သူကျောင်းပြန်တက်ချင်လှပြီ။ ကျောင်းမတတ်ဘဲ ငါးရှာနေခဲ့တဲ့ရက်တွေများခဲ့ပြီ။

သည်တစ်နှစ် ဒုတိယတန်းမှမအောင်လျှင် သူ့အရပ်ကြီး အတော်ရှည်လာဦးမည်။ ဒုတိယတန်းသို့ အသစ်တက်လာသောအတန်းသား အငယ်လေးတွေကြားမှာ လူကောင်ကြီး၊ အသက်ကြီးနေ၍လည်း ရှက်ရလေသည်။ ပြီးတော့ ကလေးငယ်ကလေးတွေကစာရပြီး သူကည့်ဖျင်းနေသည့်အတွက်လည်း ရှက်ရဦးမည်။

အမေအရင်းသာရှိနေခဲ့လျှင် သူ့ကိုပန်းအိုးဖိုး ထုတ်ပေးမှာဟု ကလေးပီပီ တွေးမိသေးသည်။ အဖေကတော့ မျှော်လင့်စရာသိပ်မရှိ။ အဖေရှိခြင်း၊ မရှိခြင်းသည် သူ့အတွက် ထူးခြားချက်တစ်စုံတစ်ရာမှမရှိ၊ အားကိုး၍မရ၊ အဖေ့အကြောင်းတွေးရင်း တစ်စုံတစ်ခုကိုသွား၍သတိရသည်။ ထူးထူးခြားခြား ဤကနေ့ အဖေအိမ်ကိုစောစောပြန်၍ အိပ်နေတာတွေ့ရသည်။ အကြောင်းထူးတစ်ခုခု တော့ရှိလိမ့်မည်။

ဇကန္ဓအိပ်ချင်ယောင်ဆောင်၍ စောင့်နေတာ များလားဟု သားပုသံသယတွေဝင်မိသည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သားပု ပေါ့လျော့၍မဖြစ်၊ သတိကြီးစွာထား၍ စောင့်ကြည့်ရလိမ့်မည်။ အဖေအိပ်ရာကမြန်မြန်ထပြီး အရက်ဆိုင်ဆီသွားပါစေဟု ဆုတောင်းသည်။ ဒါမှငါးခူတွေ ထည့်ထားသည့် မြှုံးကြီးကိုယူကာ ငါးရွဲ့ဒိုင်မှာ သွားရောင်းရမည်။

အိမ်ဘက်ဆီ တစ်ချက်လှမ်းကြည့်အကဲခတ်လိုက်ပြီး ငါးထည့်သည့်မြှုံးကြီးကို နေရာပြောင်းလိုက်ကာ မသိမသာ၊ သူ့ဘာမှ မလုပ်ခဲ့သလို အမူအရာ မျိုးနှင့်တက်လာခဲ့သည်။

(၆)

အဖေကတော့ အိမ်ရှေ့မှာ ပက်လက်လှန်အိပ်၍ ဇက်ကြီးတစ်ဖက်လိမ်ကာ တခေါခေါ ဟောက်နေတာ တွေ့ရသည်။ အမေကတော့ အိမ်ရှေ့ဖိနပ်ချွတ်မှာ မိန်းမကြီးတစ်ယောက်နှင့် စကားတွေပြောနေသည်။ အစပိုင်းမှာတော့ တိုးလွန်း၍ သားပုဘာမှ မကြားရ။ ပါလို့ သွားမြန်မြန်"

သားပုမသွားချင်၍ ပေကပ်ကပ်လုပ်နေသေးသည်။ သူဘယ်မှမသွားချင်။ သူသည်ညနေမှာ ရောင်းတော့မည့် လယ်ငါးခူကြီးတွေကို စိတ်မချ။ သို့သော် "ငါ့အတွက်မဟုတ်ဘူးနော် နင့်အဖေမှာတာ၊ မအိပ်ခင်လေးကမှသိလား၊ ငါးမြွေထိုးနဲ့သပြုသီး အနှစ်ကလေး ချဉ်ရည်ချက်စားချင်သတဲ့၊ မသွားချင်လဲနေ၊ နင့်အဖေနဲ့ နင့်ဘာသာရှင်း" ဆိုတော့...။

အမေ့ဆီက နောက်ဆက်တွဲစကားကို ကြားလိုက်ရသောအခါ သားပုတစ်ယောက် တစ်ကိုယ်လုံးတုန်၍သွားတော့သည်။ အဖေနှင့်တော့ သူရင်မဆိုင်ရဲ ဒါကြောင့် မသွား၍တော့မဖြစ်၊ ရွာအနောက်ပိုင်းရှိ မစိန်သောင်းတို့အိမ်ကအဝေးကြီး၊ ပြီးတော့ နေပြောက်မထိုးနိုင်အောင် သစ်ကြီးဝါးကြီးပေါသော ဥယျာဉ်ကြီးထဲမှာ၊ သပြေပင်အမြင့်ကြီးပေါ်တက်ပြီး ခူးရဦးမည်။ ခက်တော့တာပဲဟု စိတ်ရှုပ်စွာ တွေးနေမိသည်။

စိတ်ကူးတစ်ခုရသည်။ ဟုတ်သည်။ အမေ့ကိုမှာ သွားရလျှင် ကောင်းမည်။ အဖေက သူ့အပေါ် ဂရုမစိုက်သလောက် အမေကတော့ ကြင်နာသေးသည်။ သူရှိစဉ်ကာလမှာ အမေ့ကို သေသေချာချာ မှာခဲ့ရမည်။

အမေ့အနားသို့ အသာကပ်သွားပြီး နားနားကပ်၍ မှာထားခဲ့ကာ သားပုတစ်ယောက် ရွာအနောက်ပိုင်းဆီ ထွက်လာခဲ့ရတော့သည်။

(၇)

သားပုအဖေ အိပ်ရာကနိုးလာသည်။ မျက်နှာကို ပုဆိုးခါးပုံစဖြင့်သုတ်ပြီး မျက်ထောင့်နီကြီးနှင့် သားပုအမေကို လှမ်းကြည့်သည်။ အလိုက်သိသော သားပုအမေက ထဘီအထက်ဆင်ကြားမှာ လိမ်ထားသော ငွေစက္ကူအနွမ်းကလေးသုံးလေးရွက်ကို ကပျာကယာ ထုတ်ပေးသည်။ ဆတ်ခနဲဆောင့်ဆွဲယူလိုက်ပြီး "ဒါပဲလား" ဟု ငေါက်၍မေးသေးသည်။

"ဒါပဲရှိတာပါရှင်၊ ကျုပ်မှာတစ်ပြားမှမကျန်တော့ ပါဘူး၊ ရှင့်အတွက် တမင်ချန်ထားတာပါ" ဟု လေသံ ပျော့ပျော့နှင့်ပြောမှ ...။ "ငါ ဒီနေ့အိမ်မှာ ထမင်းမစားဘူး၊ စောင့်မနေနဲ့"ဟု ပြောကာ အရက်ဆိုင်ဘက်ထွက်သွားတော့၏။

သားပုအမေ သက်ပြင်းတစ်ချက်ချလိုက်သည်။

❖ အိမ်ကိုပြန်၍ရောက်လျှင် အိမ်ရှေ့ ရေဆင်းတံတားကလေးမှာ လှောင်ထားသော ငါးခူတွေထည့်ထားသည့် မြှုံးကြီးကိုဆွဲမလိုက်သည်။ အံ့အားသင့်ခြင်း၊ မယုံကြည်နိုင်ခြင်း၊ ဝမ်းနည်းခြင်းတွေရောပြွမ်းနေသောမျက်နှာနှင့် အကြာကြီးငေးနေမိတော့သည်။ ငါးခူတွေတစ်ကောင်မှမရှိတော့ အိမ်ပေါ်သို့ပြန်တက်မလာသည့် သားပုနောက်သို့ သူ့အမေ လိုက်လာသောအခါ တံတားပေါ်မှာ ခြေဆင်းထိုင်ရင်း ရှိုက်ငိုနေသော သားပုကို တွေ့ရတော့သည်။ ❖

တဖြည်းဖြည်းနှင့် အသံတွေကျယ်လာသည်။ အမေက တောင်းပန်လေပိုဆိုးလေဖြစ်သည်။ "ကဲ .. ကောင်မ ငုပိုက်ဆံအခုပေးရင်ပေး မပေးရင်တော့ အသိပဲ၊ ဘယ်နယ်တော်ထိုးတော့အကြွေး ပေါက်ရင်တော့ ချက်ချင်းအလျော်မပေးနိုင်ရင် ထသတ်တော့ မဲ့ပုံမျိုး၊ မပေါက်လဲမပေါက်ရော နေ့ရွှေ့ညရွှေ့နဲ့ ခုချက်ချင်းပေးမှာလား မပေးဘူးလားပြော" ဟု ကြိမ်းဝါးရင်း အက္ခီရီလက်မောင်းပင့်၏။

အမေသည် ရှိခိုးဦးတင်တောင်းပန်ရင်း သားပုဘက်ဆီလှည့်ကာ "သားပုရေ ရွာအနောက်ဖျားက မစိန်သောင်းတို့အိမ်သွားစမ်း၊ ငါကပြောတယ်လို့ ပြောလိုက်၊ သပြုသီးသုံးလေးလုံးလောက်ပေးလိုက် တဖြည်းဖြည်းဝေးသွားသော သူ့ယောကျ်ားကျောပြင်ကြီးလမ်းကလေးအကွေ့မှာ ပျောက်သွားတော့မှ သားပုထွက်သွားသည့် ရွာအနောက်ပိုင်းဘက်ဆီ ပျာယီးပျာယာကြည့်လိုက်သေး၏။

"ဒီလောက်မြန်မြန်ကြီး သားပုပြန်ရောက်မလာနိုင်သေးပါဘူး"ဟု တစ်ယောက်တည်း အားပေးသလိုပြောရင်း ကမ်းစပ်ရှိ ရေသဖန်းပင်ကြီးဆီ ထွက်လာခဲ့သည်။

စောစောကတင် သားပု သူ့ကိုမှာသွားခဲ့သေးတာလေ။ သားပု စုစုထားသည့် လယ်ငါးခူကြီးတွေ ထည့်ထားသော မြှုံးကြီး၊ ရေသဖန်းပင်ကြီး၏ ရေထဲက အမြစ်တွေကြားမှာရှိသည် မဟုတ်လား။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၈၈၀၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၈၈၀၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဂျုံ ၉၃၆၃ ဧကခန့် စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၈၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြင်းမူမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဂျုံ ၉၃၆၃ ဧက လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ၈၈၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေး ဆွေးနွေးတာတွေ လုပ်ပေးပါတယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာ ကျွေးဖို့၊ နှုန်းသားတွေပေါင်းရှင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက် ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံများ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ဂျုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်းအောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံ မှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

(၂၀၆)

ကျောက်ဆည်မြို့နယ် ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကျောက်ဆည် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကလေးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့်ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ ကိုရှင်းလင်းပြောကြားပြီး စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၃၁၂ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကလေးကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦး အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၁၂ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နီလာ

ပေါင်မြို့နယ် အလုပ်မြောက်ပိုင်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

ပေါင် ဖေဖော်ဝါရီ ၁၃

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် အလုပ်မြောက်ပိုင်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလွင်၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက အလုပ်မြောက်ပိုင်း ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အလုပ်မြောက်ပိုင်းကျေးရွာတွင် အရှည်ပေ ၆၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၂၆၅ ဒသမ ၉၇၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် တိမ်ယံမြင့်မိုရ်ကုမ္ပဏီက ၂၀၂၅ ခုနှစ် စက်တင်ဘာလမှ စတင်တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အလုပ်မြောက်ပိုင်းကျေးရွာမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို စျေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူ ပို့ဆောင်နိုင်မည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ပြောပြ၍ သိရသည်။

သုတ

တို့ပြည်အလှ ထာဝရ

- နံနက်ချိန်ခါ နေခြည်မှာကွယ်
ရွှေရည်ထပ်လောင်း အလှပေါင်းသို့
ခညောင်းသရေ ဝင်းဝါပေသည်
စေတီထင်ရှား မြတ်ဘုရားနှင့်
တရားထုံမွှမ်း မေတ္တာလွှမ်းဘီ
ငြိမ်းချမ်းသည့်မြေ တို့မြန်ပြည်က
မသွေအလှ ထာဝရ။

- မြစ်ကြီးသွယ်သွယ် မြစ်ငယ်ဆင့်ဆင့်
ဂုဏ်ဝင့်ချောင်းကန် ဆည်တမံနှင့်
ပြည့်လျှံအင်းအိုင် သားငါးလှိုင်သည်
မြိုင်ဝနာကြော ကျွန်းသစ်တောဖြင့်
သာမောလယ်ယာ စည်ပင်စွာကား
မြန်မာပြည်ဝန်း လွန်တင့်ဆန်းကာ
ငြိမ်းချမ်းသည့်မြေ ဤဌာနေက
မသွေအလှ ထာဝရ။

- ကူညီရိုင်းပင်း တိုင်းရင်းသားတို့
ချစ်ခြင်းကြည်ဖြူ မငြူစူဘဲ
အတူတကွ ပေါင်းစည်းကြကာ
လှပပြည်ရေး မြော်မြင်တွေးလျက်
ဘေးကြမ္မာကွင်း ရန်ဖြိုခွင်းရင်း
အပ်နှင်းယုံကြည် တို့မြန်ပြည်ဝယ်
တူညီမေတ္တာ မွန်မြတ်စွာဖြင့်
ရှည်ကြာသမိုင်း လှဂုဏ်သိုင်းသည်
တို့တိုင်းရင်းသား ညီနောင်များက
စွမ်းအားအလှ ထာဝရ။ ။

ကိုရွှေတောသား(ဆင်ကူး)

မြန်အောင်မြို့နယ် မရွှေးကုန်းကျေးရွာ၌ ချင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မြန်အောင် ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မရွှေးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ခံအင်ဂျင်နီယာများက မရွှေးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းချင်းကျောက်ခင်းခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်း ထိမ်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် မရွှေးကုန်းကျေးရွာ၌ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၅ သန်းဖြင့် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ၂၀၂၅ ခုနှစ် ဇူလိုင်လ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

သံသာ

နိုင်ငံ့စီးပွားမြင့်မားဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

စိန်ဌေးလှိုင်(ပခုက္ကူ)

❖ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်း၊ မွေးမြူရေးကုန်ထုတ်လုပ်ငန်းနှင့် စက်မှုကုန်ထုတ်လုပ်ငန်းဟူ၍ တည်ရှိနေသည်။ အခြေခံအားဖြင့် ပြည်သူများနေ့စဉ်သုံးစွဲစားသုံးနေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ဖူလုံမှုရှိအောင် ဦးစားပေးဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုမြှင့်မားရေးဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက်ထားရှိခြင်းနှင့် စွမ်းအားပြည့်စိုက်ပျိုးခြင်းဆိုသည့် အချက်နှစ်ချက်ကို အလေးထားဆောင်ရွက်ရန်လိုအပ်သည်။ ❖

နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုပမာဏသည် GDP အနိမ့်အမြင့်ကို အကျိုးသက်ရောက်စေသည်။ GDP(Gross Domedtic Product)ဆိုသည်မှာ သတ်မှတ်ထားသည့်ကာလတစ်ခုအတွင်း ၎င်းနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုးကို ခေါ်ဆိုသည်။ ၎င်းသည် နိုင်ငံ့စီးပွားရေးတိုးတက်မှုနှုန်းကို တိုင်းတာခြင်း၊ စီးပွားရေးပမာဏကိုပြသခြင်းတို့အတွက် အညွှန်းကိန်းလည်းဖြစ်ရာ GDP တန်ဖိုးကို ကြည့်ခြင်းအားဖြင့် နိုင်ငံ၏အခြေအနေကို ခန့်မှန်းသိရှိနိုင်သည်။ ကုန်ထုတ်လုပ်မှုတိုးမြင့်လာသည်နှင့် အမျှ နိုင်ငံ၏စီးပွားရေးသည်လည်း ပိုမိုမြင့်မားလာကာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်လာပါမည်။

စီးပွားရေးဘောဂဗေဒအရ ကုန်ထုတ်လုပ်မှုနှင့် ကုန်ပစ္စည်းလိုအပ်ချက်အချိုးညီမျှမှုမရှိလျှင် ကုန်စျေးနှုန်းကြီးမြင့်မှုပေါ်ပေါက်လာမည်။ ကုန်စျေးနှုန်းကြီးမြင့်လာမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းများရှားပါးကာ စီးပွားရေးကျပ်တည်းခြင်းများဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုမြင့်မားလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုတွင် အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များကို ပြည်ပသို့ပိုမိုတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိကာ ငွေကြေးစီးဆင်းမှုကောင်းမွန်လာမည်။ ငွေကြေးလည်ပတ်မှုကောင်းမွန်ပါက အလုပ်အကိုင်အခွင့်အလမ်းများရရှိလာပြီး ကုန်စျေးနှုန်းတည်ငြိမ်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝများအဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်း၊ မွေးမြူရေးကုန်ထုတ်လုပ်ငန်းနှင့် စက်မှုကုန်ထုတ်လုပ်ငန်းဟူ၍ တည်ရှိနေသည်။ အခြေခံအားဖြင့် ပြည်သူများနေ့စဉ်သုံးစွဲစားသုံးနေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ဖူလုံမှုရှိအောင် ဦးစားပေးဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုမြှင့်မားရေးဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက်ထားရှိခြင်းနှင့် စွမ်းအားပြည့်စိုက်ပျိုးခြင်းဆိုသည့် အချက်နှစ်ချက်ကို အလေးထားဆောင်ရွက်ရန်လိုအပ်သည်။ စွမ်းအားပြည့်စိုက်ပျိုးရာတွင် စိုက်ပျိုးမြေများတွင် သီးထပ်နှင့် သီးညှပ်စနစ်များဖြင့်လုပ်ဆောင်ရမည်။ "မျိုး၊ မြေ၊ ရေ၊ နည်း"ဆိုသည့် ဆောင်ပုဒ်အတိုင်း မျိုးကောင်းမျိုးသန့်ရှိရမည်။ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကောင်းမွန်ပြီး စိုက်ပျိုးမြေကို ပြုပြင်ရမည်။ စိုက်ပျိုးရေလုံလောက်စွာရရှိကာ စိုက်ပျိုးနည်းစနစ်လည်းမှန်ကန်ရမည်။ အဆိုပါအချက်များအတိုင်းလုပ်ဆောင်မည်ဆိုပါက ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ သီးနှံအထွက်နှုန်းကောင်းခြင်း၊ ပြည်တွင်းဖူလုံမှုရှိခြင်းနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ခြင်း စသည့်ကောင်းကျိုးများရရှိကာ နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာမည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ရန်ရေ၊ မြေသယံဇာတအရင်းအမြစ်များ ကြွယ်ဝနေသည်။ စိုက်ပျိုးနိုင်သည့် မြေအရင်းအမြစ်ဟက်တာ ၁၂ ဒသမ ၂၅ သန်းရှိနေပြီး ကွဲပြားခြားနားသည့် ရေ၊ မြေ၊ ရာသီဥတုအလိုက် စပါး၊ ပဲမျိုးစုံ၊ ပြောင်းစသည့် ကောက်ပဲသီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမျိုးစုံတို့ စိုက်ပျိုးနိုင်သည်။ နိုင်ငံလူဦးရေစုစုပေါင်း ၈၂ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး ၄၁ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းနှင့်တိုက်ရိုက်သော်လည်းကောင်း၊ ဆက်စပ်၍သော်လည်းကောင်း အသက်မွေးဝမ်းကျောင်းအဖြစ်လုပ်ကိုင်နေကြသည်။ စိုက်ပျိုးရေးထုတ်ကုန်များမှာ အဓိကအားဖြင့် စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံများ၊ ဝါ၊ ရော်ဘာနှင့် အခြားသစ်သီးဝလံများ ဖြစ်ကြသည်။ ဝါ၊ ဝါး၊ ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး ယန္တရားများကိုအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်မှုပုံစံသို့ကူးပြောင်းနေသည်။ ထုတ်ကုန်အရည်အသွေးမြှင့်တင်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရေးကိုလည်း ရည်ရွယ်သည်။

ထို့ပြင် နည်းလမ်းသစ်များကိုအသုံးပြု၍ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုကို ထိရောက်စွာဆောင်ရွက်နိုင်သည့်အခြေအနေတွင် ရှိနေသည်။ ပြည်တွင်း၌ ရရှိနိုင်သောကုန်ကြမ်းပစ္စည်းများကိုအခြေခံ၍ သမားရိုးကျဆောင်ရွက်ခြင်းထက် တီထွင်ကြံဆလုပ်ကိုင်လျှင် နိုင်ငံတကာစျေးကွက်ထိ ထိုးဖောက်ဝင်ရောက်နိုင်သည်။ လူဦးရေများပြားသော တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံ စသည့်အိမ်နီးချင်းနိုင်ငံများသို့လည်း အလွယ်တကူတင်ပို့နိုင်သည်။ စိုက်ပျိုးရေးထုတ်ကုန်များ ကမ္ဘာ့စျေးကွက်တွင်ယှဉ်ပြိုင်ရာ၌ အစားအစာဘေးကင်းလုံခြုံရေးသည်လည်း အဓိကကျသည်။ သီးနှံအရည်အသွေးပြည့်မီရေးနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းများကင်းစင်ရေးသည် အရေးတကြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်သည်။

စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် လက်မှုလယ်ယာမှ စက်မှုလက်ယာသို့ ဆိုသည့်အတိုင်း စက်မှုလယ်ယာဦးစီးဌာနသည် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုလယ်ယာစနစ်ကျင့်သုံးနိုင်သည့် လယ်ယာမြေနှင့် စိုက်ပျိုးမြေများတိုးတက်ပေါ်ထွန်းလာစေရန်၊ လယ်ယာသုံးစက်ကိရိယာများသုံးစွဲနိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေးအသိပညာ၊ အတတ်ပညာများ လေ့ကျင့်ပညာပေးရန်၊ လယ်ယာသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဟူ၍ ရည်မှန်းချက်ထားကာ ဆောင်ရွက်နေသည်။ ယနေ့ကာလတွင် ပဲအမျိုးမျိုး၊ ဆန်၊ ရော်ဘာစိမ်း၊ ပြောင်း၊ နှမ်း၊ ကြက်သွန်နီနှင့် သီဟိုဠ်စေ့ စသည်တို့သည် အထောက်အကူပြုနေသည်။ မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိရာ အသား၊ ငါး၊ ဥ၊ နို့နှင့် စားသောက်ကုန်များမှာ နေ့စဉ်လိုအပ်ချက်များရှိနေသည်။ ထို့ကြောင့် မွေးမြူရေးထုတ်ကုန်များတိုးတက်ရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။ ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ၊ နွား၊ သားငါး၊ ပုစွန်မျိုးစုံတို့ကိုလည်း ဒေသအနှံ့အပြားတွင် မွေးမြူထုတ်လုပ်နိုင်သည်။ အသားငါးထုတ်လုပ်မှုနှင့်စားသုံးမှုတို့ညီညွတ်မျှတမည်ဆိုပါက ကုန်စျေးနှုန်းကြီးမြင့်မှုကို ဟန့်တားနိုင်သည်။ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာမွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များဖြင့်မွေးမြူပါက ကုန်ထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဒေသတွင်းဖူလုံနေရုံသာမက တစ်နိုင်ငံလုံးဖူလုံမှုရှိရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ လယ်ယာသားငါးထုတ်ကုန်များ၏ အရည်အသွေးကို ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်ခြင်း၊ သားငါးများ အချိန်ကြာခံနိုင်စေရန် စည်သွတ်ခြင်း၊ အခြောက်ခံခြင်း၊ အေးခဲခြင်းတို့ လုပ်ဆောင်ခြင်း၊ အရည်အသွေးသက်သေခံလက်မှတ်များဖြင့် အဆင့်မြင့်စျေးကွက်နှင့် နိုင်ငံတကာစျေးကွက်များသို့ တင်ပို့ရောင်းချခြင်းတို့တွင် နိုင်ငံတော်အစိုးရ၊ မွေးမြူရေးထုတ်ကုန်လုပ်ငန်းဆောင်ရွက်သူများ၊ ပညာရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"ဟူ၍ဖော်ပြထားသည်။ ထို့ကြောင့် မွေးမြူရေးထွက်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးကို ဆောင်ရွက်လျက်ရှိရာ အခြေခံထုတ်လုပ်မှုဆိုင်ရာစာရင်းဇယားများ ကောက်ယူပြုစုသည်။ နိုင်ငံတစ်ဝန်းရှိ ရေ၊ မြေ၊ ရာသီဥတုအလိုက် ထူးခြားသည့်အရည်အသွေးကောင်းထုတ်ကုန်နှင့် မြို့ရွာအလိုက်ဝိသေသလက္ခဏာများပေါ်လွင်သော ထုတ်ကုန်များကို မြှင့်တင်အားပေးသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် မွေးမြူရေးကုန်ထုတ်စွမ်းအားများ မြှင့်တင်ပေးနိုင်ရေးအတွက် ရည်ရွယ်ချက်ထားရှိကာ ဆက်စပ်ဝန်ကြီးဌာနများကြား ပူးပေါင်းဆောင်ရွက်နေသည်။ အေးခဲအသား၊ ဝမ်းတွင်းသား၊ ချိန်နှင့်သားရေထွက်လုပ်ငန်း၊ စည်သွတ်လုပ်ငန်းများကို စနစ်တကျဖော်ထုတ်၍ သက်ဆိုင်ရာဌာနများ၊ ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များနှင့် MSME အစုအဖွဲ့များက ဟန်ချက်ညီပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

စက်မှုကုန်ထုတ်လုပ်ငန်းဆိုသည်မှာ ကုန်ကြမ်းများကို စက်ပစ္စည်းများဖြင့်အသုံးပြု၍ အချောထည်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်သောလုပ်ငန်းကို ခေါ်ဆိုသည်။ ထုတ်ကုန်အမျိုးအစားများမှာ အစားအသောက်၊ အထည်အလိပ်၊ စက်ပစ္စည်းအစိတ်အပိုင်းများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများပါဝင်သည်။ လုပ်ငန်းအဆင့်ဆင့်မှာ ကုန်ကြမ်းစုဆောင်းခြင်း၊ စက်ရုံထုတ်လုပ်မှုဖြစ်စဉ်၊ အရည်အသွေးစစ်ဆေးခြင်း၊ ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် အဓိကအားဖြင့် သွင်းကုန်အစားထိုးပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ပြည်ပပို့ကုန်ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်နေသည်။ ဥပမာအားဖြင့် အထည်ချုပ်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းတို့ ဖြစ်ကြသည်။ စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတို့သည် ဤကဏ္ဍကို စနစ်တကျစီမံခန့်ခွဲပြီး အရည်အသွေးမီထုတ်ကုန်များရရှိရန်နှင့် စွမ်းအင်ထိရောက်စွာအသုံးပြုရန် ကြိုးပမ်းနေသည်။ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းကို ၁၉၉၃ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ MSME လုပ်ငန်းများ၊ သွင်းကုန်လိုင်စင်ကိစ္စရပ်များ၊ စက်သုံးဆီဝယ်ယူရေး၊ ဓာတုဗေဒလုပ်ငန်းများနှင့် ဆိုလာစွမ်းအင်ဆိုင်ရာ လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်း၊ မွေးမြူရေးကုန်ထုတ်လုပ်ငန်းနှင့် စက်မှုကုန်ထုတ်လုပ်ငန်းတို့သည် နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းများဖြစ်ကြသည်။ ခေတ်မီနည်းပညာများကို အသုံးပြုကာ ပြည်တွင်းထုတ်ကုန်များ၏ စံချိန်စံညွှန်းအရည်အသွေးကို နိုင်ငံတကာအဆင့်မီစေရန် ဝိုင်းဝန်း၍ ကြိုးပမ်းလုပ်ဆောင်ပါက ကုန်ထုတ်လုပ်ငန်းများတိုးတက်လာပြီး နိုင်ငံတော်၏စီးပွားရေးသည်လည်း ဖွံ့ဖြိုးလာမည်ဖြစ်ရာ ကုန်ထုတ်လုပ်မှုများကိုအားပေး၍ နိုင်ငံ့စီးပွားမြှင့်တင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရသည်။

ကိုးကား

- **၁၈-၉-၂၀၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ။**

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ဇကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ခင်ဦး ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ခင်ဦးမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဇကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၉၈၇၉၉ ဇကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဇကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ဇကလျှင် ၈၁ ဒသမ ၅၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ မိုးစပါး ၉၈၇၉၉ ဇကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မိုးစပါးခင်းတွေ လက်ရှိမှာတော့ ဇကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စပါးကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

ငပုတောမြို့နယ် ကုလားကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

ငပုတော ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကညင်ငူကျေးရွာ အုပ်စု ကုလားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ စစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကုလားကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကုလားကုန်းကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ၂၅၀ ၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၂ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သံသာ

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဇကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

မြောင်းမြ ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဇကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၈ ဇက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နေကြာ ဇကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ် အတွင်းမှာ နေကြာဇက ၆၇၅၈ ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ဇကအားလုံး စိုက်ပျိုးပြီးစီးပြီးဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့နေကြာတွေ အထွက်နှုန်းကောင်းစေဖို့ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆီထွက်သီးနှံနေကြာများ အပါအဝင် ဆောင်းသီးနှံများ ရာနှုန်းပြည့် ရိတ်သိမ်းနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာနတို့မှ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နေကြာကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

အုတ်တွင်းမြို့နယ် ခေါင်ရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

အုတ်တွင်း ဖေဖော်ဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခေါင်ရမ်းကျေးရွာ အုပ်စု ခေါင်ရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ခေါင်ရမ်းကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် ပြောင်း၊ မြေပဲနှင့် ခရမ်းစိုက်ပျိုးထားရှိမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့် ဆောင်ရွက်ခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် ခေါင်ရမ်းကျေးရွာ၌ ပြောင်းစိုက်တောင်သူ ၅၂ ဦးကို ငွေကျပ် ၂၀ ဒသမ ၀၈ သန်း၊ မြေပဲစိုက်တောင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၉ ဒသမ ၂၆ သန်း၊ ခရမ်းစိုက်တောင်သူ ၁၃ ဦးကို ငွေကျပ် ၂ ဒသမ ၁၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို ဆဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၃၁ ဒသမ ၅ သန်းကို ထုတ်ချေးပေးထားကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်ထံမှ သိရသည်။

ချိုလေး

တွံတေးမြို့နယ် သောင်ဟောင်းကျေးရွာ၌ VRFP စီမံကိန်း လည်ပတ်ရန်ပုံငွေ ထုတ်ချေး

တွံတေး ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောင်ဟောင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးက စီမံကိန်း အကြောင်းအရာများ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံသို့ လည်ပတ်ရန်ပုံငွေကျပ် ၃၈၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သောင်ဟောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၃၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချိုသန်းညွှန့်

တောင်သူအကျိုးပြု ခရုစုတ်ငှက်အကြောင်း

နှင်းအိ(ရာမညမြေ)

ခရုစုတ်ငှက်များကို မြန်မာနိုင်ငံအနှံ့အပြားရှိ အင်း၊ အိုင်များ၊ အမျိုးသားဥယျာဉ်များ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် ကမ်းရိုးတန်းများတွင် တွေ့ရလေ့ရှိသည်။ ခရုစုတ်ငှက်များသည် အင်း၊ အိုင်များတွင် အုပ်စုလိုက်နေထိုင်ကျက်စားလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင် အင်းတော်ကြီး ဘေးမဲ့တော၊ အင်းလေးကန်၊ မိုးယွန်းကြီးအင်း ဘေးမဲ့တောများဖြစ်သည့် ရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေများ၌ ခရုစုတ်ငှက်နှင့် အခြားရေပျော်ငှက်များ ကျက်စားကြသည်။

ခန္ဓာကိုယ်ပုံပန်းသဏ္ဌာန်

ခရုစုတ်ငှက်ကို ခရုတုတ်ငှက်ဟုလည်း ခေါ်ဆိုကြပြီး နှုတ်သီးကြီးမားကာ နှုတ်သီးအလယ်ပိုင်းတွင် ဟနေသည်။ ခန္ဓာကိုယ်အလျား ၃၀ မှ ၃၂ လက်မခန့် ရှိသည်။ ရေချိုခရုများကို ကြိုက်နှစ်သက်သည့် ငှက်ဖြစ်သောကြောင့် ခရုစုတ်ငှက်ဟုခေါ်ခြင်းဖြစ်သည်။ ခရုစုတ်ငှက်သည် ကြာရှည်စွာ ပျံသန်းနိုင်သော ဆောင်းခိုငှက်တစ်မျိုးလည်းဖြစ်သည်။

ခရုစုတ်ငှက်၏သဘာဝ

ခရုစုတ်ငှက်သည် ပျံသန်းနေစဉ် ဖြူဖွေးသော ၎င်း၏နောက်ပိုင်းကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ အသံမှာကျယ်လောင်၍ သာယာလှပေသည်။ တေးလည်းဆိုတတ်သည်။ သို့သော် မြန်မာနိုင်ငံ၌ ထိုငှက်သည် တေးကို တစ်ပိုင်းတစ်စသာ တေးဆိုတတ်၍ ထိုတေးသံကို ညဖက်တွင်သာ ကြားရတတ်သည်။ "ကွပ်၊ ကွပ်"ဟု လည်းကောင်း၊ "ကရူး၊ ကရူး" ဟုလည်းကောင်း အော်တတ်ကြသည်။ ဤခရုစုတ်ငှက်မျိုးသည် မြစ်ကမ်းခြေတစ်လျှောက်ရှိ လဟာပြင်တွင် ကျက်စားလေ့ရှိသည်။ ပျံသန်းရာတွင် လျင်မြန်သည်။ သို့သော် တောင်ပံချင်း ဖြည်းညင်းစွာ ရိုက်၍ ပျံသန်းတတ်သည်။ ရေတိမ်ထဲတွင် လမ်းလျှောက်၍ အစာရှာဖွေသည်။ ၎င်းတို့သည် အုပ်စုဖွဲ့၍ နေမြဲဖြစ်သော်လည်း တစ်ကောင်ချင်း နေသည်ကိုလည်း မကြာမကြာ တွေ့ရတတ်သည်။ ရေကောင်းစွာကူးနိုင်သော်လည်း ချောင်းမြောင်းကို ဖြတ်သည့်အခါမှသာ ရေကူး၍ သွားလေ့ရှိသည်။ အဆိုပါ ခရုစုတ်ငှက်မျိုးသည် အခြားနိုင်ငံ၌ သားပေါက်၍မြန်မာနိုင်ငံသို့ ဆောင်းရာသီရောက်မှ လာရောက်ကျက်စားလေ့ရှိသည်။

မြန်မာနိုင်ငံတွင်တွေ့ရသော ခရုစုတ်ငှက်များ

မြန်မာနိုင်ငံတွင် ခရုစုတ်ငှက်နှစ်မျိုးကို တွေ့ရှိရသည်။ ၄င်းတို့မှာ-

(၁) ခရုစုတ်ငှက်အဖြူနှင့်

(၂) ခရုစုတ်ငှက်အနက်တို့ ဖြစ်သည်။

(၁)ခရုစုတ်ငှက်အဖြူ

ခရုစုတ်ငှက်အဖြူမျိုးမှာ အလျား ၃၀ မှ ၃၂ လက်မခန့်ရှိ၍ တောင်ပံဖျားပိုင်းက အနက်ရောင်ရှိသည့်အဖြူရောင်ငှက်မျိုးဖြစ်သည်။ အကောင်ကြီးလာလျှင် ဦးခေါင်းနှင့် လည်တိုင်တွင် အမွေးမရှိဘဲ ပြောင်နေသည်။ ငှက်ငယ်များသည် ဦးခေါင်းနှင့် လည်ကုပ်ညိုရဲ၍ လည်တိုင်၌ အမွေးဖြူအတိုကလေးများပေါက်နေသည်။ ခရုစုတ်အဖြူသည် လယ်တော၊ စိမ့်တောနှင့် ရွှံ့ပေါသော မြစ်ကမ်းပါးများတွင် ကျက်စား၍ အထူးသဖြင့် ရေဝပ်၍ သစ်ပင်ချုံ ထူပြောသည့် နေရာများကို နှစ်သက်သည်။ မကြာ မကြာလည်း ပင်လယ်ကမ်းစပ်သို့ သွားရောက်တတ်ရာ တစ်ခါတစ်ရံ အကောင် ၁၀၀ နီးပါးပါသော ခရုစုတ်ငှက်အဖြူအုပ်ကြီးကို တွေ့မြင်ရတတ်သည်။ ၎င်းတို့သည် ခြေတံရှည်ဖြင့် ရေထဲတွင် လျှောက်၍ ပုစွန်၊ ကဏန်း၊ ခရုနှင့် ငါးများကို ရှာဖွေစားသောက်ပြီး နောက် အစာဝသည့်အခါ ရေတိမ်တွင်ဖြစ်စေ၊ ကမ်းစပ်တွင်ဖြစ်စေ၊ ရေစပ်ရှိချုံပေါ်တွင်ဖြစ်စေ နားနေတတ်သည်။ ခရုစုတ်ငှက်အဖြူ၏ အသံမှာ လိုဏ်သံပါသည်။ ခရုစုတ်ငှက်သည် ပျံသောအခါ ရှေ့တွင် နှုတ်သီးနှင့် လည်ကိုဆန့်၍ နောက်တွင်

ခြေနှစ်ချောင်းကိုတန်းပြီး ပျံတတ်သည်။ အုပ်လိုက် ပျံသန်းလျှင် မြားဦးသဏ္ဌာန်ပျံသန်းတတ်သည်။ ခရုစုတ်အဖြူသည် မိုးဥတုအတွင်း သားပေါက်၍ အသိုက်ကို သစ်ပင်ပေါ်၌ တုတ်ချောင်းများဖြင့် ပြုလုပ်တတ်သည်။ အသိုက်တစ်မြီလျှင် ရှည်မျောရှည် ထိပ်ချွန်သော ၃ နှစ်လုံးမှ လေးလုံးထိရှိတတ်ပြီး ဥအရွယ်မှာ အလျား ၂ ဒသမ ၅ လက်မနှင့် ဖြက် ၁ ဒသမ ၇ လက်မခန့်ရှိသည်။ ဤငှက်မျိုးကို အိန္ဒိယ၊ မြန်မာ၊ တရုတ်၊ ဂျပန်နိုင်ငံတို့တွင် တွေ့ရသည်။

(၂) ခရုစုတ်ငှက်အနက်

ခရုစုတ်ငှက်အနက်ကို တွေ့မြင်ဖူးသူနည်းပေလိမ့်မည်။ အလျားလက်မ ၃၀ ခန့်ရှိပြီး ခရုစုတ်အဖြူနှင့်ရွယ်တူပင်ဖြစ်သည်။ သို့သော် တစ်ကိုယ်လုံးမည်းနက်နေသည်။ ဦးခေါင်းတွင် အမွေးမရှိဘဲ ပြောင်နေ၍နှုတ်သီး၌ အပြာရောင်သမ်းနေပြီး ခြေထောက်များမှာ သန္တာရောင်ခပ်ဖျော့ဖျော့နီ လျက်ရှိသည်။ ခရုစုတ်ငှက်အနက်သည် အုပ်စုဖွဲ့၍ မနေဘဲ တစ်ကောင်ချင်းသော်လည်းကောင်း၊ ဖိုမနှစ်ကောင်တွဲသော်လည်းကောင်း နေတတ်သည်မှ လွဲ၍ ၎င်းတို့၏ အလေ့အကျင့်နှင့်အစာမှာ ခရုစုတ်အဖြူနှင့် အတူတူပင်ဖြစ်သည်။ ရွှံ့ဗွက်တောနှင့် ချောင်းကမ်းပါးများတွင်ကျက်စား၍ နွေရာသီကာလတွင် လယ်ကွင်းများ၌ အနေများသည်။ ဤငှက်သည် မြေကြီးပေါ်၌ အပူတပြင်းအစာရှာဖွေလေ့ရှိ၍ အခြားမျိုးတူငှက်များကဲ့သို့ အေးဆေးစွာ နေတတ်သောငှက်မဟုတ်ချေ။ တစ်ကွဲတစ်ပြားစီ အစာရှာဖွေရာမှ အိပ်တန်းသို့ ပြန်သောအခါ အုပ်စုဖွဲ့၍ ပျံတတ်သည်။

မြေမှပျံတက်စဉ် မသာမယာအသံဖြင့် အော်မြည်တတ်သည်။ သားပေါက်ချိန်တွင် အော်သံမှာမူ ထူးခြားပြီး နှစ်မိုင်ခရီးလောက်မှ ကြားနိုင်လောက်အောင် အော်မြည်တတ်သည်။ ဤငှက်မျိုး၏ သားပေါက်ချိန်မှာ ဖေဖော်ဝါရီလနှင့် မတ်လဖြစ်သည်။ အသိုက်မှာကြီးမား၍ ၎င်းတို့ကို တုတ်ချောင်းများဖြင့် ပြုလုပ်ထားသော အတွင်းဘက်၌ မြက်၊ ကောက်ရိုး၊ အမွေးအတောင်အဝတ်စ များဖြင့် ခံထားလေ့ရှိသည်။ အသိုက်ကို များသော အားဖြင့် မြင့်မားသော သစ်ပင်ထိပ်ဖျားတွင် ဆောက်လုပ်လေ့ရှိသည်။ တစ်ခါတစ်ရံတွင် စွန်နှင့် သိမ်းငှက်တို့၏ အသိုက်ဟောင်းများကို ပြုပြင်၍ သုံးစွဲလေ့ရှိသည်။ ဥများသည် ရှည်မျောကြမ်းတမ်း၍ အစိမ်းရောင်သန်းနေတတ်သည်။ ဥတချို့တွင် အဝါရောင် သို့မဟုတ် ဝါညို အစက်အပြောက်များသော်လည်းကောင်း၊ အစင်းများသော်လည်းကောင်း ပါတတ်သည်။ ဥအရွယ်မှာ ပျမ်းမျှအလျား ၂ ဒသမ ၄ လက်မ၊ ဖြက် ၁ ဒသမ ၇ လက်မရှိသည်။ ခရုစုတ်ငှက်အနက်ကို အိန္ဒိယ၊ မြန်မာ၊ ထိုင်းနိုင်ငံတို့တွင် တွေ့ရသည်။

ငှက်ကျားမျိုးဝင် ခရုစုတ်ငှက်များ

အထက်ဖော်ပြရာ ခရုစုတ်မျိုးအပြင် ငှက်ကျားမျိုး၌ ပါဝင်သည့် ခရုစုတ်ငှက်ဟူ၍ ရှိသေးသည်။ ဤငှက်၏ ထူးခြားချက်မှာ အပေါ်နှုတ်သီးရိုးနှင့် အောက်နှုတ်သီးရိုးနှစ်ခုတို့သည် အရင်းနှင့်အဖျား ထိ၍နေသော်လည်း အလယ်တွင် နှုတ်သီးမစ္စေဘဲ တိုးလျှိုပေါက်မြင်နေရသည်။ ထိုတိုးလျှိုပေါက်ကို ပျံသန်းရာ၌ပင် ကောင်းစွာမြင်နိုင်သဖြင့် ထိုငှက်ကို အခြားငှက်များနှင့်မှားရန် ခဲယဉ်းလှပေသည်။ ဤငှက်သည် မြစ်ချောင်း၊ ရေအိုင်များတွင် ကျက်စားတတ်သည်။ အုပ်စုဖွဲ့နေတတ်၍ မြင့်မားစွာပျံဝဲနေတတ်သည်။ အဓိကအစာမှာ ရေချိုခရုမျိုးဖြစ်၍ ခရုကို ခြေပြီးမှမျိုချသည်။ သစ်ပင်များပေါ်တွင်လည်း နားနေတတ်၍ တစ်ကောင်နှင့်တစ်ကောင် နှုတ်သီးချင်းရိုက်ကာ ကျီစယ်မြူးထူးနေလေ့ရှိသည်။

သားပေါက်ခြင်း

ခရုစုတ်ငှက်မျိုးသည် မိုးရာသီအတွင်း သားပေါက်ကြသည်။ အသိုက်ကို တုတ်ချောင်း၊ မြက်၊ သစ်ရွက်တို့ဖြင့် ဆောက်လုပ်ကြ၍ သစ်ပင်တစ်ပင်၌ အသိုက်ပေါင်း ၆၀ ခန့်မျှ ရှိတတ်သည်။ အသိုက်တစ်မြီလျှင် သုံးလုံးမှငါးလုံးခန့်ရှိတတ်သည်။ ဥသည် ရှည်မျောရှည် ဥခါစ၌ဖြူဖွေးပြီး နောက်တွင် တဖြည်းဖြည်းညိုမည်းသွားသည်။ ဥအရွယ်မှာ ပျမ်းမျှအလျား ၂ ဒသမ ၄ လက်မနှင့် ဖြက် ၁ ဒသမ ၇ လက်မရှိသည်။

လယ်သမားများအတွက် အကျိုးပြုပုံ

ခရုစုတ်ငှက်များသည် တောင်သူများအတွက် တိုက်ရိုက်အကျိုးပြုသော ငှက်များဖြစ်သည်။ အချို့စပါးပျိုးခင်းများတွင် ရွှေခရုကိုက်သဖြင့် အခင်းလိုက်ပျက်စီးဆုံးရှုံးမှုများရှိသည်။ ရွှေခရုများ လယ်ထဲရောက်လာလျှင် နှိမ်နင်းရန်ခက်ခဲသည်။ သို့သော်လည်း ခရုစုတ်ငှက်များက ရွှေခရုကို ကောင်းကောင်းနိုင်သည်။ ခရုစုတ်ငှက်အုပ်စုလိုက် လယ်ကွင်းထဲဆင်းပြီး ၎င်းတို့၏ နှုတ်သီးပြားများနှင့် ရွှေခရုများကို တစ်ကောင်ချင်းစားသောက်ပစ်ပြီး နှိမ်နင်းပေးသည်။ ခရုစုတ်ငှက်များမှာ လယ်ကွင်းထဲမှရွှေခရုများကို ရှင်းပေးပြီးကတည်းက ထိုငှက်များမှာ တောင်သူများကို အကျိုးပြုသောငှက်၊ တစ်နည်းအားဖြင့် ကျေးဇူးရှင်ငှက်ဆိုသည်ကို တောင်သူများ ကောင်းကောင်းသိလာကြသည်။

ကာကွယ်ထိန်းသိမ်းခြင်း

ခရုစုတ်ငှက်မျိုးစိတ်များသည် လယ်ကွက်အတွင်းရှိ စပါးဖျက်ခရုများကို စားသောက်ဖျက်ဆီးပေးသဖြင့် တောင်သူဦးကြီးများအတွက် အကျိုးပြုသည့်ငှက်များဖြစ်သည့်အပြင် လူနှင့် ရင်းနှီးပြီး အနီးကပ်သွားလာနေထိုင်မှုများရှိနေသဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရုစုတ်ငှက်အပါအဝင် ရှားပါးငှက်မျိုးစိတ်များကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်စေရေးအတွက် ၎င်းငှက်များ လာရောက်ကျက်စားရာဒေသများတွင် ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန်နှင့် ပြည်သူများ ပိုမိုသိရှိနိုင်ရန်အတွက် ပညာပေးဗီဒီယိုဝိုစတာများ စိုက်ထူခြင်းနှင့် ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အချုပ်အားဖြင့် ဆိုရသော်

ခရုစုတ်ငှက်များသည် မြန်မာနိုင်ငံ၌ အတော်အသင့်ကျန်ရှိနေသေးသည်။ ခရုစုတ်ငှက်များ အကောင်ရေများလေလေ တောင်သူများကို ဒုက္ခပေးနိုင်သည့် ခရုများကို ပိုမိုနှိမ်နင်းနိုင်လေဖြစ်သဖြင့် တောင်သူများကို အကျိုးပြုသည့် ခရုစုတ်ငှက်များကို ဝိုင်းဝန်းကာကွယ်ကြဖို့ တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား-

(၁) **မြန်မာ့စွယ်စုံကျမ်း -အတွဲ ၂**

(၂) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ဝေသော စာစောင်များ**

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြုံခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

တနင်္ဂနွေနေ့ညရဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲမှာ ချန်ပီယံလီဂ်ဝင်ခွင့်အတွက် လိုက်ပ်ဇစ်၊ တန်းဆင်းဇုန်ထဲက ဗယ်လ်ကာနို၊ မက်ဇ်အသင်းတို့ကို အားပေးရမှာပါ

M L

အခုတစ်ပတ်တနင်္ဂနွေနေ့ညမှာ ပရီးမီးယားလီဂ်ပြိုင်ပွဲကလွဲရင် အက်ဖ်အေဖလား၊ စပိန်လာလီဂါ၊ စီးရီးအေနဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တွေ ပုံမှန်အတိုင်းယှဉ်ပြိုင်ကစားလာကြမှာဖြစ်ပါတယ်။ လက်ရှိဘောလုံးရာသီ ဒုတိယအကျော့ကာလမှာဆိုရင် အမှတ်ပေးပြိုင်ပွဲအသီးသီးကကလပ်အသင်းတချို့အနေနဲ့ အဆင့်ရပ်တည်မှုတွေအရ ရည်မှန်းချက်ကိုယ်စီနဲ့ ကြိုးစားကစားနေရတဲ့ကာလဖြစ်သလို ပြည်တွင်းဖလားပြိုင်ပွဲတွေရဲ့အဓိကအဆင့်ကို ဆက်တိုက်ယှဉ်ပြိုင်ကစားရပြီဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ကာလကို ပရိသတ်တွေမြင်တွေ့လာရတာဖြစ်ပါတယ်။ လက်ရှိမှာဆိုရင် အင်္ဂလန်ပရီးမီးယားလီဂ်အမှတ်ပေးဇယားအနေနဲ့ အဆင့်ရပ်တည်မှုကြီးမားစွာပြောင်းလဲမှုမရှိပေမဲ့ စပိန်လာလီဂါမှာဆိုရင် ချန်ပီယံဆုအတွက် ဘာစီလိုနာနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ အပြိုင်ဖြစ်နေပြီး ရမှတ်ကွာဟမှုကလဲ တစ်မှတ်သာရှိနေတာကြောင့် သူတို့နှစ်သင်းရဲ့နောက်ပိုင်းပွဲစဉ်တွေဟာ စိတ်ဝင်စားစရာအကောင်းဆုံး အချိန်ကာလကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ အီတလီစီးရီးအေပြိုင်ပွဲမှာတော့ အဆင့်(၁)နေရာက အင်တာမီလန်အသင်းက နောက်ဆုံးငါးပွဲဆက်အနိုင်ရရှိမှုနဲ့အတူ ရမှတ် ၅၈ မှတ်နဲ့ အေစီမီလန်အသင်းကို ရှစ်မှတ်၊ နာပိုလီအသင်းကို ကိုးမှတ်ထိဖြတ်ထားနိုင်ခဲ့ပြီး ချန်ပီယံဆုအတွက် အကောင်းဆုံးမျှော်လင့်လို့ရနေပြန်ပါတယ်။ ဂျာမန်ဘွန်ဒက်လီဂါမှာတော့ ထိပ်သီးကလပ် ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဟော်ဖန်ဟိမ်းလို ခြေစွမ်းထက်မြက်နေတဲ့အသင်းမျိုးကို ဂိုးပြတ်အနိုင်ရရှိထားနိုင်ခဲ့ပြီး ရမှတ် ၅၄ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေကာ အဆင့်(၂)နေရာက ဒေါ့မွန်အသင်းကိုခြောက်မှတ်ထိဖြတ်ထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဥရောပအမှတ်ပေးပြိုင်ပွဲအသီးသီးအနေနဲ့ ပြိုင်ပွဲပြီးဆုံးဖို့ ဒုတိယရာသီဝက်ကာလပွဲစဉ်တချို့သာ ကျန်ရှိတော့ချိန်မှာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်အသီးသီးကို ပရိသတ်တွေအနေနဲ့ ဆက်လက်မြင်တွေ့လာရအုံးမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာအကောင်းဆုံးဖြစ်လာမဲ့ပွဲစဉ်တချို့ကို ရွေးချယ်သုံးသပ်တင်ပြပေးလိုက်ရပါတယ်။

လိုက်ပ်ဇစ်အသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်ရဲ့အမှတ်ပေးပြိုင်ပွဲတွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဂျာမန်ဘွန်ဒက်လီဂါအမှတ်ပေးပွဲစဉ်တွေထဲက လိုက်ပ်ဇစ်နဲ့ ဝုဖ်ဘတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပွဲစဉ်(၂၂)အဖြစ် ယှဉ်ပြိုင်ကစားလာကြမှာဖြစ်ပြီး လက်ရှိမှာ လိုက်ပ်ဇစ်အသင်းက အဆင့်(၄)၊ ဝုဖ်ဘတ်အသင်းက အဆင့်(၁၅)နေရာမှာ အသီးသီးရပ်တည်နေကြတာပါ။ လိုက်ပ်ဇစ်အသင်းအနေနဲ့ ပွဲစဉ် ၂၁ ပွဲကစားပြီးချိန်မှာ ၁၂ ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၉ မှတ်ရရှိကာ အဆင့်(၄)နေရာမှာရပ်တည်နေပေမဲ့ အဆင့်(၅)နေရာက စတုဂတ်အသင်း၊ အဆင့်(၆) နေရာက လေဗာကူဆင်အသင်းတို့နဲ့ အမှတ်ကွာဟမှု ကျဉ်းမြောင်းတာကြောင့် ချန်ပီယံလီဂ်ဝင်ခွင့်အတွက် အပြိုင်ကြိုးစားရမှာပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်(၂၁)မှာ ကိုလုံးအသင်းကို အနိုင်ရရှိခဲ့ပြီး သူတို့အသင်းအတွက် တည်ငြိမ်မှုမရှိတဲ့ခံစစ်ပိုင်းကို အကောင်းဆုံးပြန်လည်ပြင်ဆင်နိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဒါကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာလဲ ဝုဖ်ဘတ်အသင်းကို အဘက်ဘက်က ဖိအားပေးကစားနိုင်မှာပါ။

နောက်ဆုံးသုံးပွဲဆက်မှာ မိန့်ဇ်၊ ကိုလုံး၊ ဒေါ့မွန်အသင်းတို့ကို ရှုံးနိမ့်ထားတဲ့ ဝုဖ်ဘတ်အသင်းကတော့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းလို့ဆိုရမှာပါ။ လက်ရှိမှာ သူတို့အသင်းအနေနဲ့ ပွဲစဉ် ၂၁ ပွဲကစားပြီးချိန်မှာ နိုင်ပွဲငါးပွဲသာရှိထားပြီး လေးပွဲသရေ၊ ၁၂ ပွဲရှုံးရလဒ်နဲ့ အဆင့်(၁၅)နေရာမှာ ရပ်တည်နေတာပါ။ ဒါကြောင့် တန်းဆင်းဇုန်အတွင်းက ဝါဒါဘရီမင်အသင်းနဲ့ ရမှတ်တူညီနေပြီး စိန့်ပေါ်လီအသင်းနဲ့လဲ နှစ်မှတ်သာကွာဟနေတာကြောင့် သူတို့အသင်းအတွက် တန်းဆင်းဇုန်ဖိအားရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ လက်ရှိမှာ အဝေးကွင်းနောက်ဆုံးသုံးပွဲဆက်ရှုံးနိမ့်ထားပြီး ခံစစ်ပိုင်းကလဲ အဲဒီသုံးပွဲမှာ ၁၂ ဂိုးထိပေးထားရတာကြောင့် အခုပွဲစဉ်မှာလဲ လိုက်ပ်ဇစ်အသင်းရဲ့တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ခက်ခဲနေအုံးမှာပါ။ ဒီနှစ်သင်းရဲ့ ပထမအကျော့တွေ့ဆုံမှုမှာ လိုက်ပ်ဇစ်အသင်းက တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရရှိထားတာကြောင့် လိုက်ပ်ဇစ်အသင်းကိုပဲ အားပေးရမှာပါ။

လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဟိုက်ဒမ်ဟိန်း	၀	-	၃	လိုက်ပ်ဇစ်
စိန့်ပေါ်လီ	၁	-	၁	လိုက်ပ်ဇစ်
လိုက်ပ်ဇစ်	၁	-	၂	မိန့်ဇ်
ကိုလုံး	၁	-	၂	လိုက်ပ်ဇစ်
ဘိုင်ယန်မြူးနစ်	၂	-	၀	လိုက်ပ်ဇစ်

ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဝုဖ်ဘတ်	၂	-	၁	စိန့်ပေါ်လီ
ဝုဖ်ဘတ်	၁	-	၁	ဟိုက်ဒမ်ဟိန်း
မိန့်ဇ်	၃	-	၁	ဝုဖ်ဘတ်
ကိုလုံး	၁	-	၀	ဝုဖ်ဘတ်
ဝုဖ်ဘတ်	၁	-	၂	ဒေါ့မွန်

ဗယ်လ်ကာနိုအသင်း ရလဒ်ကောင်းသွားမှာပါ

ဒီတစ်ပတ်မှာ အကြိုက်တွေ့မိတဲ့ ဒုတိယပွဲစဉ်ကတော့ ဗယ်လ်ကာနိုနဲ့ အေတီကိုအသင်းတို့ရဲ့ စပိန်လာလီဂါပွဲစဉ်(၂၄)ပဲဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ပထမအကျော့တွေ့ဆုံမှုမှာတော့ အေတီကိုအသင်းက သုံးဂိုး နှစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ အဲဒီကာလမှာဆိုရင် အေတီကိုအသင်းရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေတာဖြစ်လို့ ဗယ်လ်ကာနိုအသင်းအနေနဲ့ ပွဲပြီးဆုံးခါနီးပေးလိုက်ရတဲ့အနိုင်ဂိုးကြောင့်သာ ကပ်ပြီးရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဗယ်လ်ကာနိုအသင်းအနေနဲ့ အမှတ်ပေးဇယားအဆင့်(၁၈)မှာ ရပ်တည်နေပြီး တန်းဆင်းဇုန်အတွင်းရောက်ရှိနေတာဖြစ်လို့ ဖိအားတွေနဲ့ ရင်ဆိုင်နေရတယ်လို့ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ လက်ကျန်ပွဲစဉ် ၁၆ပွဲမှာ ရလဒ်ကောင်းဖို့ လိုအပ်နေတာကြောင့် အခုလိုအိမ်ကွင်းပွဲစဉ်မှာတော့ သူတို့အသင်းအနေနဲ့ အကောင်းဆုံးပြင်ဆင်ကစားလာမှာဖြစ်ပါတယ်။

အေတီကိုအသင်းကတော့ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နေပေမဲ့ စပိန်လာလီဂါနောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ လီဗန်တေးအသင်းကို ဂိုးမရှိသရေကစားနိုင်ခဲ့ပြီး ဘက်တစ်အသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှာ ဘက်တစ်အသင်းကို ငါးဂိုးပြတ်၊ ဆီမီးဖိုင်နယ်မှာ ဘာစီလိုနာအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိထားတာကြောင့် အခုအမှတ်ပေးပွဲစဉ်မှာလဲ သူတို့အသင်းအနေနဲ့ အာရုံစိုက်ကစားနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဒုတိယပြင်လက်ရှိဘောလုံးရာသီမှာ သူတို့အသင်းရဲ့အဝေးကွင်းခြေစွမ်းပိုင်းက အားရစရာမရှိပါဘူး။ အဝေးကွင်းပွဲစဉ် ၁၁ ပွဲမှာ သုံးပွဲသာအနိုင်ရရှိထားတာကြောင့် ထိပ်သီးအသင်းတွေထဲမှာ အဝေးကွင်းခြေစွမ်းပိုင်းဆိုးရွားနေတယ်လို့ဆိုရမှာပါ။ ဒါကြောင့် အေတီကိုအသင်းအနေနဲ့ အခုပွဲစဉ်မှာ တန်းဆင်းဇုန်ဖိအားရှိနေတဲ့ ဗယ်လ်ကာနိုအသင်းရဲ့ ရုန်းကန်အားကို ထိန်းချုပ်နိုင်ဖို့ခက်ခဲမှာပါ။ ဗယ်လ်ကာနိုအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဗယ်လ်ကာနို	၂	-	၁	မာယော့ကာ
အလာဗက်စ်	၂	-	၀	ဗယ်လ်ကာနို
ဆဲလ်တာဗီဂို	၃	-	၀	ဗယ်လ်ကာနို
ဗယ်လ်ကာနို	၁	-	၃	အိုဆာဆူနာ
ရီးရဲလ်မက်ဒရစ်	၂	-	၁	ဗယ်လ်ကာနို

အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အေတီကို	၁	-	၂	ဘိုဒိုဂလင့်
လီဗန်တေး	၀	-	၀	အေတီကို
ဘက်တစ်	၀	-	၅	အေတီကို
အေတီကို	၀	-	၁	ဘက်တစ်
အေတီကို	၄	-	၀	ဘာစီလိုနာ

မက်ဇ်အသင်း အနိုင်ရသွားပါလိမ့်မယ်

နောက်ထပ်ရွေးချယ်ပေးချင်တဲ့ပွဲစဉ်ကတော့ မက်ဇ်နဲ့ အော်ဇေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းအနေနဲ့ ပြင်သစ်လီဂူးပွဲစဉ်(၂၂)ကို ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိမှာတော့ နှစ်သင်းစလုံးက တန်းဆင်းဇုန်အတွင်းမှာ ရပ်တည်နေကြတဲ့အသင်းပါ။ မက်ဇ်အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်အဆိုးရွားဆုံးဖြစ်နေပြီး အမှတ်ပေးဇယားအောက်ဆုံးမှာရပ်တည်နေပါတယ်။ သူတို့အသင်းဟာ ပွဲစဉ် ၂၁ ပွဲကစားပြီးချိန်မှာ သုံးပွဲသာအနိုင်ရရှိခဲ့ပြီး ငါးပွဲသရေ၊ ၁၃ ပွဲထိရှုံးနိမ့်ထားကာ ဒီရာသီပြင်သစ်လီဂူးပြိုင်ပွဲမှာ ခြေစွမ်းပိုင်းအဆိုးရွားဆုံးအသင်းလို့ ဆိုရမှာပါ။ ဒါပေမဲ့ မက်ဇ်အသင်းအနေနဲ့ ရမှတ် ၁၃ မှတ်ရရှိထားပြီး တန်းဆင်းဇုန်အတွင်းက နန့်တက်၊ အော်ဇေးအသင်းတို့နဲ့လဲ ရမှတ်တစ်မှတ်သာကွာဟနေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းမှ သူတို့အသင်းအတွက် တန်းကျန်ရစ်ဖို့ မျှော်လင့်နိုင်မှာပါ။

အော်ဇေးအသင်းအနေနဲ့ ပွဲစဉ် ၂၁ ပွဲကစားပြီးချိန်မှာ သုံးပွဲနိုင်၊ ငါးပွဲသရေ၊ ၁၃ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၄ မှတ်ရရှိထားပြီး တန်းဆင်းဇုန်အတွင်း အဆင့်(၁၆)နေရမှာ ရပ်တည်နေတာပါ။ ဒါကြောင့် အော်ဇေးအသင်းဟာ တန်းဆင်းဇုန်ဖိအားကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ထိန်းချုပ်ကစားနေပြီး နောက်ဆုံးနှစ်ပွဲဆက်လဲ သရေရလဒ်ရရှိထားပါတယ်။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ အဝေးကွင်းခြေစွမ်းပိုင်းအဆိုးရွားဆုံးလို့ဆိုရမှာဖြစ်ပြီး အဝေးကွင်းပွဲစဉ် ၁၀ ပွဲမှာ တစ်ပွဲမှ အနိုင်ရရှိခဲ့ခြင်းမရှိသေးပါဘူး။ ဒါကြောင့် သူတို့အသင်းအတွက် မက်ဇ်အသင်းရဲ့အိမ်ကွင်းပွဲစဉ်မှာလဲ နိုင်ပွဲပြန်လည်ရှာဖွေလာနိုင်ဖို့ ဆိုတာ ခက်ခဲနေအုံးမှာပါ။ ဒီနှစ်သင်းရဲ့ပထမအကျော့ပွဲစဉ်မှာ အော်ဇေးအသင်းက မက်ဇ်အသင်းကို သုံးဂိုး တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ဒါပေမဲ့ အခုပွဲစဉ်မှာတော့ လက်ရှိခြေစွမ်းပိုင်းချင်းကွာဟမှုမရှိတာကြောင့် အိမ်ကွင်းအားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ မက်ဇ်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

မက်ဇ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

မက်ဇ်	၀	-	၄	မောင့်ပယ်လီယာ
စထရာဘော့	၂	-	၁	မက်ဇ်
မက်ဇ်	၂	-	၅	လိုင်ယွန်
အန်းဂါး	၁	-	၀	မက်ဇ်
မက်ဇ်	၀	-	၀	လိုင်လီ

အော်ဇေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဘရက်	၂	-	၀	အော်ဇေး
လန့်	၁	-	၀	အော်ဇေး
အော်ဇေး	၀	-	၁	ပီအက်စ်ဂျီ
တူးလော့စ်	၀	-	၀	အော်ဇေး
အော်ဇေး	၀	-	၀	ပဲရစ်အက်ဖ်စီ

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ကျွန်းလှ ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ အဆိုပါ ဖူးစားပြောင်း စိုက်ပျိုးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ဖူးစားပြောင်း ၁၃၃၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၁၃၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသီးပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့အသီးပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဖူးစားပြောင်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင် တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

မင်းဘူးမြို့နယ် မြောင်းဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြောင်းဦးကျေးရွာတွင် အဌမ အကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၂ သိန်း လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မြောင်းဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၃၃၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၈၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် ၁၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို ရန်ပုံငွေကျပ် ၄၄၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

အင်းဝတက္ကသိုလ်မိတက် တက်ခွဲပေါင်း (၇၅)ရ နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ (MONEY CHANGE COUNTER)(၀၃) ရုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်	အင်းဝဘဏ်လီမိတက်(ရန်ကုန်)	အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂	ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂	ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၅၉၅၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်နေ စန်းသူအောင် (ဘ) ဦးရှောက်မြန်း(၉/အမ၆(နိုင်)၀၄၃ဖြ၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-354409)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-402770328

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်နေ ဦးစိုးသက်နိုင် (ဘ) ဦးသိန်းနိုင်(၉/ခအ၆(နိုင်)၀၁၇၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-899944020

ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလက(၂၈)၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်အောင်စည်သူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးငြိမ်းထွေးဖြစ်ပါကြောင်း။ **ဦးငြိမ်းထွေး(၉/မခန(နိုင်)၁၅၃ဖြ၃၆)**

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့၊ အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးညွှန့်ဝင်း၏သမီး မဇင်ဝေမြင့်အား မဆုရည်ထက်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုရည်ထက်**

မီးလောင်နေစဉ်တွင်ရောင်ရှားသင့်သည် အချက်များ။

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ **အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတို့၏ အသက်တမျှ အရေးကြီးထိန်းသိမ်းကြရမည့် အမွေအနှစ်များပင်ဖြစ်...**

❖ **အမျိုးသားယဉ်ကျေးမှုမြင့်မားလေလေ နိုင်ငံနှင့် လူမျိုး၏ အဆင့်အတန်းသည်လည်း မြင့်မားလေလေဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နိုင်မည်ဖြစ်...**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ပြုလုပ်သော ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆဋ္ဌမနေ့တွင် ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ဆဋ္ဌမနေ့ကို နေပြည်တော်ရင်ပြင်၌ ဆက်လက်ကျင်းပလျက်ရှိရာ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့်မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်ကြည့်ရှုလေ့လာကြသဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ပြပွဲသို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာပြခန်းများအလိုက် MSME ထုတ်ကုန်များအကြောင်းကို ပြခန်းတာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြသည်။

ပြခန်းအလိုက် ပြသထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားရိုးရာအစားအသောက်များရောင်းချပေးသည့် ဈေးဆိုင်ခန်းများတွင်လည်း

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

လိုင်စင်မဲ့မော်တော်ယာဉ် (Honda Fit 2011 Model)

လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Crown 2008)

တရားမဝင် သစ်များ

တရားမဝင် သစ်များ

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ လုပ်ငန်းသုံး၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဘားအံမြို့နယ် စံဖရီးရွာအဝင်လမ်းမအနီး၌ တရားမဝင်မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်း ၁၀ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၇၀၀၀ ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် **စာမျက်နှာ ၂၂ ကော်လံ ၁ ❑**